www.burmeseclassic.com

လေသူရဲတစ်ဦး

# သေခြင်း နှင့် အားမာန်

သီဟရတနာစာစဉ် - ၁၁
[၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ]

BURMESE CLASSIC .com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၁/၂၀၀၁ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃/၂၀၀၁ (၁)

| | | |
|---|---|---|
| စီစဉ်သူ | ■ | **ဦးသိမ်းစိုး** |
| အကြိမ် | ■ | ဒုတိယအကြိမ်၊ ၂၀၀၁ ခု၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ<br>အုပ်စု ၃၊ ၈/၆၅ အောင်သိဒ္ဓိလမ်း၊<br>အင်းစိန် |
| မျက်နှာဖုံးပုံနှိပ်<br>အတွင်းပုံနှိပ် | ■ | **L.C.G (Infinity Computer Graphic)** |
| အတွင်းကွန်ပျူတာ | ■ | **L.C.G (Infinity Computer Graphic)** |
| စာအုပ်ချုပ် | ■ | **Infinity Perfect Binding (I.C.G)** |
| မျက်နှာဖုံးပန်းချီ | ■ | ကိုဆန်း **Glory.** |
| တန်ဖိုး | ■ | ၄၀၀ ကျပ် |

www.burmeseclassic.com

## စာရေးသူအမှာ

ဂျွန်ဂါသာမှာ ကမ္ဘာကျော် စာရေးဆရာဖြစ်သည်။ **Inside U.S.A, Inside Europe Today, Inside Russia Today** အစရှိသော စာအုပ်များမှာ သူ၏ ကမ္ဘာသိ စာအုပ်များဖြစ်၏။ ယခု ကျွန်တော် ပြန်သော **Death Be Not Proud** စာအုပ်မှာ ဂျွန်ဂါသာ၏ သား အကြောင်းကို ဂျွန်ဂါသာ ပြန်ရေးထားသော စာအုပ်ဖြစ်၏။

ဂျွန်ဂါသာ၏သား ဂျွန်နီမှာ ဦးနှောက်တွင် အကျိတ်ပေါက်သော ရောဂါ (ဝါ) ဦးနှောက်ကင်ဆာရောဂါဖြင့် (၁၇) နှစ်သားအရွယ်တွင် ကွယ်လွန်သွားပါသည်။ ယခု စာအုပ်ပါ အကြောင်းအရာများမှာ ဂျွန်နီ မကွယ်လွန်မီ သူရင်ဆိုင်နေရသော ကင်ဆာရောဂါကို အဘယ်သို့ ကြံ့ကြံ့ခိုင် ရင်ဆိုင်သွားသည်ကို ဖော်ပြထားခြင်းဖြစ်၏။ ဤစာအုပ်မှာ ရုတ်တရက်တွေးလိုက်လျှင် ကင်ဆာရောဂါသည်၏ ဒုက္ခကို ဖော်ပြထား သည်ဟု ထင်စရာရှိသည်။ မဟုတ်ပါ။ အမြင်ရိုးသော်လည်း လူသား တစ်ယောက်၏ ထူးခြားသော သတ္တိကို ဖော်ပြထားခြင်းဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က အကျဉ်းခံဘဝတွင် ခေတ္တနေရဖူး၏။ ဤစာအုပ်ကို ကျွန်တော်သည် ဤရက်များအတွင်း ဖတ်လိုက်ရပါသည်။ ဤစာအုပ်ကို ဖတ်ပြီးသည်နှင့် ထူးခြားသော သတ္တိများ၊ ထူးခြားသော ကြံ့ခိုင်မှုများ ကျွန်တော့်နှလုံးသားအတွင်း ပေါ်လာပါသည်။ လူ့ဘဝ

သည် မြတ်နိုးစရာ၊ လူ့ဘဝသည် ချစ်စရာ၊ လူ့ဘဝကို ရယူခြင်းသည် ဂုဏ်ယူစရာဟူသော အဖြစ်များကို ကျွန်တော် ပို၍သဘောပေါက်ခဲ့သည်။ ထို့ကြောင့်လည်း ဤစာအုပ်ကို ကျွန်တော်၏ အကျဉ်းခံရက်များအတွင်း မြန်မာပြန်ဖြစ်အောင် ပြန်ခဲ့ပါသည်။

ဂျွန်နီကို ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၄-ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖွားမြင်ခဲ့သည်။ သူ ကာလသားအရွယ်၌ပင် သူ့မိသားစုသည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ကို ပြောင်းရွှေ့သွားသည်။ ဂျွန်နီ ထိုမြို့၌ပင် ကျောင်းစနေရ၏။ သူ ၆ နှစ်သားအရွယ်တွင် သူ့မိသားစု အင်္ဂလန်နိုင်ငံ ဗီယင်နာမြို့ကို ပြောင်းရွှေ့သွားသည်။ ထိုမှ သူ့မိသားစု အမေရိကန်ပြည်ထောင်စုသို့ ပြောင်းသွားပြန်သည်။

ဂျွန်နီ ကျောင်းအမျိုးမျိုးတွင် နေခဲ့ဖူးပါသည်။ သူ နောက်ဆုံးနေခဲ့သောကျောင်းမှာ မက်ဆာချူးဆက်ပြည်နယ် ဒီရားဖီးကျောင်းတွင်ဖြစ်၏။

၁၉၄၇ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့၊ သူ ၁၇ နှစ်သားအရွယ်တွင် ကွယ်လွန်သွားပါသည်။

ဂျွန်နီဘဝမှာ ထူးခြားလှသည်မဟုတ်ပါ။ သို့သော် ဂျွန်ဂါသာပြောပြသော ဂျွန်နီ၏ ဘဝမှာ လူသားတို့ ပတ်ဝန်းကျင်တွင် တစ်ခါတစ်ရံ မြုပ်နေသည်ဟု ထင်ရသော ဇွဲ၊ သတ္တိနှင့် မေတ္တာတရားကို အပြည့်အဝ ဖော်ပြထားသည်ဟု ထင်ပါသည်။

ဤစာအုပ်သည် ကမ္ဘာ့ဂန္ထဝင်စာရင်းတွင် ပါဝင်သော အလွန်အောင်မြင်ကျော်ကြားသည့် အတုယူဖွယ်စာအုပ်ဖြစ်ပါသည်။

**မောင်လှဝင်း (လေသူရဲတစ်ဦး)**

www.burmeseclassic.com

## အခန်း (၁)

၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဂျွန်နီ ကျွန်တော်တို့ထံ တစ်ကြိမ် အလည်ပြန်ခဲ့သည်။ သူ့ကို မြင်ရသည်မှာ အလွန်ကျန်းမာစွာ ရှိသည်ဟုပင် ထင်ရသည်။

သူ့အသက်မှာ ၁၆ နှစ်သားအရွယ်။

သူ၏ခန္ဓာကိုယ်နှင့် စိတ်တို့၏ ကြီးထွားမှုမှာ ကလေးငယ်တစ်ဦးကဲ့သို့ပင် လျင်မြန်စွာ ကြီးထွားနေဆဲဟုပင် ကျွန်တော်ထင်၏။ သူ တစ်လလုံးလုံး ကျွန်တော်တို့နှင့် အတူတူနေသွားပါသည်။

ဇန်နဝါရီလအတွင်းတွင် ပြန်သွားခဲ့၏။

"ဖေတို့နှင့် အတူတူနေရတဲ့အချိန်ဟာ ကျွန်တော့်ဘဝမှာ အပျော်ဆုံးပဲ"

ရထားဘူတာရုံသို့ ကျွန်တော်လိုက်ပို့စဉ်က သူပြောသွားသော စကားဖြစ်၏။ သူ့စကားကြောင့် ကျွန်တော် အလွန်ချမ်းမြေ့ခဲ့ရသည်။ ကြည်နူးခဲ့ရသည်။

၁၉၄၆ ခုနှစ်၊ မတ်လတွင် သူ တစ်ကြိမ် ကျွန်တော်တို့ထံ အလည်ပြန်လာပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဖရန့် ကျွန်တော့်ဇနီး၊ ဂျွန်နီ့အမေ ဖရန့်နှင့် ကျွန်တော် သူ့ကို နယူးယောက်မြို့တော်တွင်ရှိသော ပြပွဲအမျိုးမျိုးကို ခေါ်သွားပါသည်။ ရူပဗေဒပညာ ဟောပြောပွဲအမျိုးမျိုးကို သွားနားထောင်ခဲ့၏။ ဗြိတိသျှ ခေါင်းဆောင်ကြီး ချာချီကို ဂုဏ်ပြုသည့် လူထုညစာစားပွဲကိုလည်း မလွတ်ခဲ့ပါ။

ဂျွန်နီသည် သူ၏ ဓာတုဗေဒ သင်ခန်းစာများနှင့် အမြဲအလုပ်များနေခဲ့၏။ ထိုစဉ်က **'အမေရိကန် ပြည်ထောင်စုအတွင်းဝယ်'** ဟူသော စာအုပ်ကို ကျွန်တော် စ-ရေးနေစဖြစ်၏။ ဂျွန်နီမှာ ထိုစာအုပ်ကို မကြာခဏ ယူ၍ဖတ်ပါသည်။

သူ့ကိုကြည့်ရသည်မှာ ကျွန်တော့်စိတ်တွင် နွမ်းနေသည်ဟု ထင်၏။ သို့သော် ထိုအဖြစ်ကို ပြဿနာဖြစ်လာနိုင်သည်ဟု ကျွန်တော် မထင်။ သူ ကျောင်းစာကြိုးစားရသည့်အတွက် လည်းကောင်း၊ ကြီး ကောင်ဝင်စအရွယ်ဖြစ်၍လည်းကောင်း ထိုသို့ဖြစ်ရသည်ဟု ကျွန်တော် ထင်၏။

ဆရာဝန် ထနာဂျာမှာ ကျွန်တော်တို့ မိသားစု၏ ဆရာဝန် ဖြစ်၏။ ဂျွန်နီ၏ ကျန်းမာရေးကို ဒေါက်တာထနာဂျာ မှန်မှန် အစစ် ခိုင်းခဲ့ပါသည်။

ဒေါက်တာ ထနာဂျာ၏ အဆိုအရ ဂျွန်နီတွင် ရောဂါမရှိ လုံးဝကျန်းမာသော လူငယ်တစ်ဦးဖြစ်ဟု ဆိုပါသည်။

မျက်စိဆရာဝန်ကိုလည်း ဂျွန်နီ သွားတွေ့ခဲ့သေး၏။

မှန်သည်။

လွန်ခဲ့သည့် နွေက ဂျွန်နီ မျက်လုံး ဒုက္ခပေးဖူးပါသည်။ စာကြည့် ရာတွင် အလွန်အားစိုက်ရသည်ဟု ဆို၏။ သို့သော် ယခု စစ်ဆေးကြည့် သောအခါ၌ ဘာမှမတွေ့၊ လုံးဝကောင်းသည်ဟုဆိုပါသည်။

www.burmeseclassic.com


ဒေါက်တာထနာဂျာနှင့် သွားတွေ့ပြီး နောက်တစ်နေ့တွင် ဖြစ်၏။ ဂျွန်နီ့ဇက်မှာ ကောင်းစွာ လှည့်မရဖြစ်လာသည်။ ဤအဖြစ်မျိုး ယခင်ကလည်း ကြုံဖူးသည်။ ဒေါက်တာ ထနာဂျာကိုလည်း ပြဖူးသည်။

ထို့ကြောင့် ဒေါက်တာထနာဂျာက ဘာမှစိုးရိမ်စရာမရှိဟု ဆို၏။ ကျွန်တော်တို့ကလည်း မပူလှ၊ ဂျွန်နီ နောက်တစ်နေ့တွင်ပင် ပြန်ကောင်းသွားသည်။

ဂျွန်နီ ကျောင်းပြန်သွားလေပြီ။

ထိုနှစ်ဦးတွင် ဂျွန်နီတို့ကျောင်းမှ ကျောင်းသားတစ်ဦး ပိုလီယိုရောဂါ ဖြစ်သည်။ အလွန် မကျန်းမမာဖြစ်ခဲ့၏။ ထိုကျောင်းသား၏ရောဂါအစမှာ ဇက်မလှည့်နိုင်သည်မှ စခဲ့သည်ဟုဆို၏။ ထိုစဉ်မှစပြီး ဇက်မလှည့်နိုင်ဖြစ်သည့် ကျောင်းသားကို ဆရာမများက အလွန်ဂရုစိုက်ပါသည်။ ကျောင်းသားတစ်ဦး ဇက်မလှည့်နိုင်သည့် ရောဂါဖြစ်သည်နှင့် သက်ဆိုင်ရာ မိဘများဆီသို့ ချက်ချင်းအကြောင်းကြား၏။

ဧပြီလ တတိယပတ်တွင် ဂျွန်နီတို့ကျောင်းမှ ဆရာဝန် ဂျွန်ဆင် ကျွန်တော့်ထံ ဖုန်းဆက်လာသည်။ ဂျွန်နီဇက်မှာ လှည့်မရ ဖြစ်နေသည်။ သို့သော် အရိုးပျော့ရောဂါ အစဖြစ်ခြင်းသည်ဟု သူ မထင်ဟုဆို၏။

ကျွန်တော် ဂျွန်နီကို တယ်လီဖုန်းပေါ်တွင် စကားပြောလိုက်ရပါသည်။ သူ့စကားသံ ကြည့်ရသည်မှာ အထူး မကျန်းမမာဖြစ်ပုံ လုံးဝမရ၊ ကျောင်းတစ်ပတ်ခန့် ပျက်သွားသည့်အတွက်သာ သူစိတ်မကောင်းဖြစ်နေသည်ဟု ဆို၏။

ဒေါက်တာဂျွန်ဆင်က မြို့ဆေးရုံကြီးတွင်တင်ပြီး စစ်ဆေးကြည့်ချင်သည်ဟုဆို၏။ ကျွန်တော်တို့ မိသားစုဆရာဝန် ဒေါက်တာထနာဂျာ၏ နောက်ဆုံးစစ်ဆေးထားသည့် မှတ်ချက်များကိုလည်း တောင်းသည်။ ကျွန်တော့်ဇနီး ဖရန့်ကို ကျွန်တော် အကုန်ပြန်ပြောလိုက်သည်။


BURMESE CLASSIC .com

www.burmeseclassic.com



နောက်မှ ဖြစ်ပုံ ကျွန်တော်သိရသည်မှာ ဂျွန်နီ သူဖြစ်နေသည့် ဧက်လှည့်မရသည့် ရောဂါကို သူ့သဘော၊ သူ့ဆန္ဒနှင့် သွားပြခဲ့ခြင်း မဟုတ်ပါ။ သူ့အခန်းဖော် သူငယ်ချင်းက သူ့ဝေဒနာကို အကဲခတ်မိပြီး လိမ္မာစွာ ကျောင်းဆရာဝန်ထံ ပို့ပေးခဲ့ခြင်းဖြစ်၏။

ကံကောင်းလှပါသည်။

အကယ်၍ ထိုနေ့က ဒေါက်တာဂျွန်ဆင်၏ စနစ်တကျ စစ်ဆေးပြီး ကုသခြင်းကို မခံရလျှင် ထိုနေ့တွက် ဂျွန်နီသေဆုံးသွားနိုင်သည်ဟု ဆိုသည်။

ဧပြီလ ၂၅ ရက်နေ့။

ကြာသပတေးနေ့၊ ညနေ သုံးနာရီခန့်တွင်ဖြစ်၏။ နယူးယောက်မြို့ ကျွန်တော်တို့အိမ်တွင် တယ်လီဖုန်းခေါ်သံပေါ်လာသည်။ ကျွန်တော့်မှာ ကျွန်တော်၏ ရေးလက်စ စာအုပ် ပထမပိုင်း ရေးပြီးစ ဖြစ်၏။ ဂျွန်နီထံ ဖုန်းဆက်ရန်လည်း စိတ်ကူးနေတုန်းဖြစ်သည်။

“မစ္စတာဂါသာ ကျွန်တော် ခင်ဗျားသား ကျောင်းက ဆရာဝန် ဂျွန်ဆင်ပါ”

“ဟုတ်ကဲ့”

“ကျွန်တော် ခင်ဗျားသားကို မြို့ထဲက ဦးနှောက်အထူးကု ဆရာဝန်ကိုခေါ်ပြီး ပြကြည့်ပါတယ်၊ ဒီမှာ ဒေါက်တာဟန်းရှိနေတယ်၊ သူ့တွေ့ရှိချက်ကို ခင်ဗျား သူ့ကိုပဲ မေးကြည့်ပါ”

“ကျွန်တော် ဒေါက်တာဟန်းပါ”

တယ်လီဖုန်းတွင် ဒေါက်တာဟန်းအသံ ပေါ်လာသည်။

“ဟုတ်ကဲ့”

“ခင်ဗျားသားမှာ ဦးနှောက်အကျိတ်ပေါက်ရောဂါဖြစ်နေတယ်”

“ဗျာ”

www.burmeseclassic.com


ကျွန်တော့် တစ်ကိုယ်လုံးမှာ အရှိုက်အထိုးခံလိုက်ရသလို ဖြစ်သွားပါသည်။ ကြားလိုက်ရသည့် သတင်းကို မယုံနိုင်အောင်လည်းရှိ၏။ မတတ်နိုင်ပြီ။

"စိုးရိမ်စရာ ရှိပါသလားဒေါက်တာ"

"ရှိပါတယ်၊ အလွန်ရှိပါတယ်"

ဒေါက်တာဟန်းက သူ ဂျွန်နီတွင် ဦးနှောက် အကျိတ်ပေါက်ရောဂါ ရှိသည်ဟု ထင်မြင်ရကြောင်း ရှင်းပြပါသည်။ ထို့နောက် ဒေါက်တာ (ထရေစီပတ်နင်) ဟု အမည်ရှိသော သူ့ထက် ဦးနှောက် အကျိတ်ပေါက်ရောဂါ ကုသသည့်ဘက်တွက် အတွေ့အကြုံရှိသည့် သမားတော်ကြီးကို သွားတွေ့ရန်နှင့် ကုသခံရန် အကြံပေး၏။ မရှောင်မလွှဲနိုင်ပါ။ ဒေါက်တာဟန်သည် ထိုသို့ ကျွန်တော့်ကို အကြံမပေးမီ ဒေါက်တာဂျွန်ဆင်နှင့် အကြေအလည် ဆွေးနွေးထားပြီး ဖြစ်ဟန်ရှိ၏။

ထို့နောက် နာရီဝက်ခန့် ဖုန်းအမျိုးမျိုးဆက်ပြီး ကျွန်တော် အလုပ်များနေပါသည်။

ဒေါက်တာ ထနာဂျာထံ ဖုန်းဆက်သည်။ ဒေါက်တာ ပတ်နင် ရုံးခန်းတွင် ညနေ ၄ နာရီခွဲတွင် ကျွန်တော်နှင့်ဆုံရန် ချိန်းလိုက်သည်။

ကျွန်တော် ဆရာဝန် ၂ ဦးကိုခေါ်ပြီး ဇနီးသည် ဒီယားဖီးကို ကွန်နက်တီကတ်မြို့၌ ဝင်ခေါ်၏။ ထို့နောက် ဂျွန်နီရှိရာ ဒီယားဖီးကို ဆက်သွားကြသည်။ မိုးရွာသောနေ့ဖြစ်၏။ သို့သော် မြန်နိုင်သမျှ မြန်မြန် ကျွန်တော်မောင်းသွားခဲ့သည်။ တစ်လမ်းလုံး ကျွန်တော်တို့ စကားများများ မပြောကြ။

ဂျွန်နီထံသို့ ရောက်လေပြီ။

ဂျွန်နီထံသို့ရောက်ပြီး ငါးမိနစ်အကြာတွင်ပင် ကျွန်တော့်သား ဂျွန်နီ အနေးနှင့်အမြန် ဆုံးရှာတော့မည်ကို သိလိုက်လေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com


ဤအဖြစ်ကို ကျွန်တော့်ကို မည်သူမျှ မပြောပါ။

ဆရာဝန်သုံးဦး၏မျက်နှာကို မြင်လိုက်ခြင်းဖြင့် သိလိုက်ခြင်းဖြစ်၏။ အထူးသဖြင့် ဒေါက်တာဟန်း၏ မျက်နှာမှာ ပိုထင်ရှားပါသည်။ ဤမျှ နှလုံးသားနူးညံ့သော ဆရာဝန်မျိုး ကျွန်တော် မမြင်ဖူးပါ။ နောင်တွင်လည်း မတွေ့ရပါ။ သူ ကျွန်တော့်ကို စကားပြောတိုင်း သူ့မျက်နှာကိုလွှဲထားပါသည်။ ဂျွန်နီ့အခြေအနေကို အကဲခတ်မိနေပြီ ဖြစ်သော သူ့မျက်နှာကို ကျွန်တော်တို့ မမြင်အောင် ကြိုးစားနေခြင်း ဖြစ်၏။

ဂျွန်နီ့အခြေအနေကို ကျွန်တော် အားလုံးမသိ။

ဖရန့်လည်း မသိ။

ကျွန်တော်တို့ မသိသည်များကို ရှည်ကြာနိုင်သမျှ ရှည်ကြာအောင် သူဖုံးထားချင်ဟန်ရှိ၏။

ဂျွန်နီကတော့ ပျော်နေပါသည်။

ဖရန့်နှင့် ကျွန်တော် ရောက်လာမည်ဟု ဆရာဝန်များက သူ့ကို ကြိုမပြောထားပါ။ ကျွန်တော်တို့ ဝင်ဝင်လာခြင်း သူအိပ်နေရာမှ ခုန်ထလိုက်သည်။ အလွန်အံ့သြနေဟန်လည်း ရှိ၏။ ကျွန်တော့်အမြင်တွင် သူ့ ညာမျက်လုံးမှာ ဘယ်မျက်လုံးထက် အောက်နိမ့်ကျသလိုရှိ၏။ ဂျွန်နီက သူ့ကိုယ်သူ အရိုးပျော့ရောဂါ ဝင်နေသည်ဟုထင်သည်။ သူ့ မျက်နှာ ပြုံးနေဖို့ အမြဲကြိုးစားနေသည်။

ဆရာဝန်များနှင့် ကျွန်တော် စကားပြောနေစဉ် ဖရန့် သူ့အနားတွင် နေခဲ့ပါသည်။ ကျွန်တော်နှင့် ဆရာဝန်များ ဘာပြောသည်ကို ဖရန့် ဘာမှမသိ။ ဂျွန်နီ့ဦးခေါင်းအတွင်း၌ ဖိအားတစ်ခုခု ဖြစ်ပေါ်နေကြောင်း၊ အရေးပေါ်ခွဲစိတ်ကုသရန် လိုအပ်နေကြောင်း နောက်မှ သူမကို ပြောပြရပါသည်။


BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော် ပြန်ပြောသည်ကို ဖရန့် ငြိမ်နားထောင်သည်။ ကျွန်တော့်ကို ဘာမှပြန်မမေး။ ထို့နောက် ဂျွန်နီထံသို့ ပြန်လျှောက်သွားပါသည်။

ကျောင်းဆရာဝန် ဒေါက်တာဂျွန်ဆင်က ဂျွန်နီ့ရောဂါ သူစတွေ့ပုံကို ကျွန်တော့်ကို ပြန်၍ ရှင်းပြ၏။ ထိုနေ့နံနက်က ကျွန်တော့်ကို ဖုန်းဆက်ပြီး မကြာခင် ဂျွန်နီကို စနစ်တကျ ဆေးစစ်မှုများလုပ်ရန် ကျောင်းမှ မြို့ဆေးရုံကို ပို့ပေးလိုက်သည်ဟုဆို၏။ ဂျွန်နီနှင့်အတူ သူနာပြုဆရာမလေးကို ထည့်ပေးလိုက်မိခြင်းသည်ပင် ကံကောင်းသည်ဟု ဆိုရမည်။ ဂျွန်နီ ခြေလှမ်းများ မမှန်သည်ကို ဆရာမလေး ပထမဆုံး သတိထားမိ၏။ တံခါးမကြီးက ဖြတ်လျှောက်ရာတွင်လည်း အလယ်တည့်တည့်မှ မလျှောက်။ ဘယ်ဘက်ကပ်ပြီး လျှောက်သွားသည်ဟုဆို၏။

ထို့ကြောင့် ဆရာမလေးက သူ့လှုပ်ရှားမှုများကို ပို၍ဂရုစိုက်ကြည့်၏။ ပို၍ တွေ့လာရ၏။ ဂျွန်နီ မျက်လုံးအစုံမှာ အပြိုင်မလှုပ်ရှား။ ထိုအဖြစ်မှာ ဆရာမလေးကို ကြောက်လာစေ၏။ နောက်ဆုံး ဒေါက်တာ ဂျွန်ဆင်ကို သတင်းပို့မိ၏။ ဒေါက်တာဂျွန်ဆင်က ရုတ်ခြည်းပင် ဦးနှောက်အထူးကုဆရာဝန် ဒေါက်တာဟန်းကို လှမ်းခေါ်လိုက်ပါသည်။ ဒေါက်တာဟန်း ရောက်လာလျှင် ဂျွန်နီ့ရောဂါအမှန်ကို သဲကွဲစွာ သိကြလေပြီ။

ဒေါက်တာဟန်းက ဂျွန်နီ့ကျောရိုးမှ အရည်များကို စုတ်ထုတ်ပြီး စစ်ဆေးကြည့်သည်။ ဦးနှောက်အပေါ် ဖိအားများသည်ကို ချက်ချင်းသိလိုက်၏။ ယင်းစစ်ဆေးမှုမှာ နောင်မြောက်မြားစွာ တွေ့ရဦးမည့် စစ်ဆေးခြင်းများ၏ နိဒါန်းပျိုးခြင်းဖြစ်သည်ဟု ဆိုနိုင်၏။

အစစ်ဆေးခံရသည်မှာလည်း မသက်သာလှ။ အလွန်နာပြီး၊ ကြောက်စရာ ကောင်းလှသည်ဟုဆို၏။



BURMESE CLASSIC .com

www.burmeseclassic.com


ထိုနေ့တွင် အခြားစစ်ဆေးမှုအမျိုးမျိုး လုပ်ပါသည်။ အချို့စစ်ဆေးမှုမှာ တစ်နာရီလုံးလုံးကြာ၏။ ခန္ဓာကိုယ်တစ်ခုလုံး၏ လှုပ်ရှားမှုကိုလည်း အသေအချာ စစ်ဆေး၏။ ထိုမှ ဆယ့်ငါးလလုံးလုံး အပတ်စဉ် လိုလိုပင် ယင်းစစ်ဆေးမှုမျိုးကို ဆက်၍ လုပ်၏။ ဂျွန်နီ ဆက်၍ခံရ၏။ နာကျင်မှုများမှာ သူ့ဘဝနှင့် ခွဲမရတော့။ ပတ်တီးအသစ်လဲခြင်း၊ ဝေဒနာခံရခြင်းများမှာ သူ့ဘဝတွင် နေ့စဉ်လုပ်ငန်းများ ဖြစ်၍လာသည်။

ဂျွန်နီ မညည်းပါ။

ဆရာဝန်များ ခိုင်းသမျှကို ငြိမ်သက်စွာ နာခံပြီး လိုက်လုပ်၏။

အမှန်ပါ။

ကျွန်တော် မုသားမဆိုပါ။

ဂျွန်နီသည် သူ့ဝေဒနာကို တစ်ခါမျှ လူသိအောင် မပြခဲ့။ သူ့ကြောက်စိတ်၊ သူ့ကြေကွဲမှုများကို မည်သူမှ မသိစေခဲ့။ သူသည် သူ့ရင်ထဲမှ အဖြစ်မှန်များကို အမြဲဖုံးကွယ်ထားခဲ့၏။ သူ တစ်ခါတစ်ရံ ဒေါသ ဖြစ်နေတတ်သည်။

သို့သော် ဘယ်အခါမှ မငို။

သူ့ရောဂါကို သိတတ်လွယ်သော ကလေးငယ်တစ်ဦးကဲ့သို့ ပြန်၍ စိတ်ဝင်စားနေ၏။ ဆရာဝန်များ၏ ကုထုံးနည်းအသစ်အဆန်းများ၊ လှုပ်ရှားမှုများမှာ သူ့အတွက် အဖြေရှာစရာများ ဖြစ်လာသည်။ သူတို့၏ လှုပ်ရှားမှု၊ ပြုမူမှုများ၏ အခြေခံမှာ ကိုယ်စွမ်းရှိသ၍ အစွမ်းကုန် ကယ်ချင်ကြခြင်းဖြစ်၏။

အံ့စရာ တစ်ခုရှိသေး၏။

ဂျွန်နီ ရောဂါဖြစ်မှ သိခဲ့ရ၏။

ယနေ့ ဆေးပညာလောကတွင် လူတို့ လက်လှမ်းမမီသေးသော ရောဂါများစွာရှိသေး၏။


BURMESE CLASSIC .com

www.burmeseclassic.com


မှန်သည်။

ဂျွန်နီဖြစ်နေသော ရောဂါ၌ပင် ဆရာဝန်များ မရှင်းနိုင်သေး သော အချက်များစွာ ရှိသေး၏။

ဂျွန်နီကို ကုသသော ဆရာဝန်များတွင် အမြင့်ဆုံးပညာရှင်မှာ ဒေါက်တာပန်နင်ဖြစ်၏။ ကျွန်တော် ဂျွန်နီထံ ပထမဆုံး လိုက်ပို့ခဲ့သော ဆရာဝန်ဖြစ်၏။ သိမ်မွေ့ပြီး နားလည်မှု အပြည့်ရှိသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူ့အဘယ်မျှ ကျော်ကြားသည်ကို ကျွန်တော် လုံးဝမသိခဲ့။ ခွဲစိတ်ကုသမှုပြုသည့် ပညာရှင်တစ်ဦးဖြစ်သည်ကိုပင် ကျွန်တော်မသိ။

သူသည် နယူးယောက်မြို့တွင် တာဝန်ကြီးနှစ်ရပ်ကို တစ်ချိန်တည်း ထမ်းဆောင်နေသူဖြစ်၏။ အထင်ရှားဆုံး ဆေးတက္ကသိုလ်ကြီး တစ်ခုတွင် ဦးနှောက်ပညာဌာန၏ ပါမောက္ခဖြစ်၏။ အအောင်မြင်ဆုံး ဆေးရုံကြီးတစ်ခုတွင် ဦးနှောက်ခွဲစိတ်ကု ပညာရှင်ကြီးတစ်ဦးဖြစ်၏။ ဤမျှ ကျော်ကြားအောင်မြင်နေသော ပညာရှင်ကြီးသည် ကလေးတစ်ဦး၏ ခုတင်ဘေးကို လိုက်လာပြီး ပြုစုကုသပေးနေသည်မှာ အံ့ဩစရာ မကောင်းပေလား။

အလားတူပင် ဒီယားဖီးမြို့ရှိ ဂျွန်နီ ပထမဆုံး အကုသခံခဲ့သော ဆေးရုံ၏ ဂျွန်နီအိပ်ခန်းလေးမှာလည်း ကျွန်တော့်ဘဝတွင် ဘယ်အခါမှ မေ့တော့မည်မဟုတ်ပါ။

အဆောက်အအုံမှာ အဖြူရောင်သုတ်ထားသော သစ်သား အဆောက်အအုံဖြစ်၏။ ဆေးရုံရှေ့တွင် လေဒဏ် အမြဲကြုံကြုံခံနေခဲ့ သော သစ်ပင်မြင့်ကြီးများရှိ၏။

ဂျွန်နီ့ အိပ်ခန်းလေးမှာ မကျယ်လှ။ အခန်းကျဉ်းလေးဟုပင် ဆိုနိုင်၏။ အခန်းအလင်းရောင်မှာ အမြဲညှိုနေတတ်သည်။ နေရောင် ကြောင့်ပင်လား၊ အရိပ်ကျနေ၍ပင်လား မပြောတတ်၊ ထိုအခန်းကျဉ်း

www.burmeseclassic.com



လေးထဲတွင် သူနာပြုဆရာမများ ညင်သာစွာ လျှောက်သွားနေဟန်များ၊ ဆရာဝန်များ မတိုးမကျယ် ပြောနေသည့် စကားသံများ၊ ကျွန်တော် အမြဲ ကြားနေကျဖြစ်နေပါသည်။

ဆရာဝန်များသည် ဖရန့်နှင့် ကျွန်တော့်ကို သူတို့ဆွေးနွေးနေစဉ် ဘယ်အခါမှ အဝင်မခံခဲ့။ ကျွန်တော်အမြဲ စိတ်ရှည်စွာ စောင့်နေရပါသည်။ တစ်ခါတစ်ရံ အဘယ်မျှ ကြာရှည်စွာ စောင့်နေခဲ့ရသည်ကိုပင် ကျွန်တော် ပြန်မတွေးတတ်တော့ပါ။ ထိုအချိန်များမှာ ကြာလှဘိ၏။ နှလုံးသားများကလည်း အမြဲခုန်နေသည်။ ဂျွန်နီပြောစကားများမှာလည်း ကျွန်တော့်ကို အမြဲ သတိရနေစေသည်။

"ဖေဖေ သားရောဂါ တကယ်သာအခြေအနေမဆိုးရင် ဆရာဝန်များက ဆေးရုံပေါ် မတင်ထားကြပါဘူးနော်"

ကျွန်တော် သူ့ကို ဘာမှပြန်မပြောတတ်ခဲ့။

ဒေါက်တာ ပတ်နင်၏ဆန္ဒအတိုင်း ဂျွန်နီကို နယူးယောက် ဆေးရုံကို ကျွန်တော်တို့ ရွှေ့ခဲ့သည်။ မနက်အစောကြီးပင် ကျွန်တော်တို့ ထွက်ခဲ့သည်။ ကားပေါ်သို့တင်စဉ် ဂျွန်နီကို နွေးရန်အတွက် သူနာပြု ဆရာမလေးက စောင်အထပ်ထပ်ဖြင့် ထွေထားပေး၏။ ဖရန့်ကလည်း ကူညီထွေးပေး၏။ ကျွန်တော် ထိုအဖြစ်များကို မမြင်တွေ့ချင်ပါ။ ကားမောင်းခဲ့ကြရသော ခရီးမှာ မနီးလှ။ မိုးကလည်း တလမ်းလုံး ရွာနေခဲ့သည်။ ဂျွန်နီ အိပ်ပျော်နေစဉ် ဖရန့်သည် သူ့သားလက်ကို ဆုပ်၍ ကိုင်ထားပေး၏။

နယူးယောက် ဆေးရုံရောက်လျှင် ဂျွန်နီကို ဦးနှောက်နှင့် အာရုံကြော ရောဂါကုဌာနတွင် တင်ထားလိုက်ရ၏။

နယူးယောက်ဆေးရုံမှာ အဆောက်အအုံ အမြင့်ကြီးဖြစ်၏။ ဝါညိုရောင် သုတ်ထားသည်။ ဟတ်ဆန်မြစ်၏ နဖူးပေါ်တွင် တည်ရှိ၏။



BURMESE CLASSIC .com

www.burmeseclassic.com


ဝါရှင်တန် တံတားကြီးနှင့်လည်း မဝေးလှ။

ဤဆေးရုံတွင်ပင် ကျွန်တော်နှင့် ဖရန့်တို့၏ ကြောက်စရာ အတွေးများ၊ ရန်ခုန်စရာအတွေးများ၊ မျှော်လင့်စရာ၊ အိပ်မက်စရာများ နှင့် တစ်နှစ်ကျော် ပြည့်နေခဲ့သည်ကို ကျွန်တော်တို့ ထိုစဉ်က မတွေးမိခဲ့ကြ။

ခေတ်မီဆေးရုံကြီးပေါ်သို့ ရောက်ခဲ့လေပြီ။

နောက်တစ်နေ့တွင် ဂျွန်နီ အခြေအနေမှာ မနေ့ကလာခဲ့သော ခရီးအကြောင်း ပြန်ပြောနိုင်သည်အထိ ကောင်းခဲ့သည်။

သို့သော် မကြာလှ။

ခေါင်းကိုက်လာသည်။

မခံမရပ်နိုင်အောင် ကိုက်လှသည်ဟုဆို၏။

ဤဝေဒနာမှာ ရောဂါစဖြစ်ကတည်းက အပြင်းထန်ဆုံး သူ ခံရသည့်ဝေဒနာပင်။

တော်ပါသေးသည်။

ကျေးဇူးတင်စရာပင် ကောင်းပါသေးသည်။

ဦးနှောက်သည် ကျန်ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံး၏ ဝေဒနာများကို လွှမ်းမိုးထားပါသည်။ သို့သော် ဦးနှောက်တွင် သူ့ပင်ကိုယ် အစိတ်အပိုင်း အမျိုးမျိုး ဖြတ်တောက်သည်ကို ခံရ၍လည်း လူ တစ်ယောက်သည် နာကျင်ခြင်းဝေဒနာကို မခံရ။ ဦးနှောက်ပတ်လည်မှ အရာဝတ္ထုပစ္စည်းများက အခြားဝတ္ထုပစ္စည်းကို ဖိလာသည့်အခါ သို့မဟုတ် ၄င်းကို အခြားဝတ္ထုပစ္စည်းများက ထိသည့်အခါမှ ခေါင်းကိုက် ခြင်းဝေဒနာ လူတစ်ယောက်သည် ခံစားရသည်ဟု ဆို၏။ ဤဖြစ်ရပ် များမှာ ဂျွန်နီ၏ ထိုစဉ်က ခံစားနေရသော ဝေဒနာ၏ အခြေခံများ ဖြစ်၏။ ဂျွန်နီသည် တစ်ချက်တစ်ချက် ဒေါသဖြစ်၍ လာသည်။


BURMESE CLASSIC .com

www.burmeseclassic.com



သူ့ဝေဒနာကို နာကျည်းစွာလည်း ပြန်ပြောတတ်၏။

"ဖေဖေ သားခေါင်းမှာ တုန်ချွန်ကြီးတစ်ချောင်းနဲ့ ထိုးဖောက်တာ ခံနေရသလိုပဲ"

ဂျွန်နီက ခေါင်းကိုက် သက်သာရန် ရိုးရိုးဆေးပေး၍မရ။ ရိုးရိုးဆေးတိုက်၍မဖြစ်။ တစ်ခါဆေးကြောင့် ရောဂါအခြေအနေ စစ်ဆေးမှုများ ပြောင်းကုန်မှာလည်း စိုးရသေး၏။ သူ့ကို အချိန်ကြာမြင့်စွာ ဆေးအမျိုးမျိုးထိုး၏။ ဆေးအမျိုးမျိုးတိုက်၏။

ဂျွန်နီ၏ရောဂါ အခြေအနေမှန်ကို သိရန်မှာ စစ်ဆေးမှုလုပ်ရ၏။ ဦးနှောက်၏ အနေအထားပုံဖော်ရ၏။ ဦးနှောက်၏ အမျိုးမျိုးလှုပ်ရှားမှုများကို ဆန်းစစ်ရ၏။

မျက်လုံးကို စစ်ဆေးရ၏။

ထိုစစ်ဆေးမှုများကို ခံရသည့် ဂျွန်နီမှာ မသက်သာလှ။ နွမ်းနယ်၍ ကျန်ရစ်စေသည်။

သို့သော် ယင်းစစ်ဆေးမှုများမှာ မလုပ်မဖြစ်။ ထိုစစ်ဆေးမှုများလုပ်မှ ဦးနှောက်တွင် အကျိတ်ဖြစ်နေသော နေရာမှန်ကို သိမှ ခွဲစိတ်ကုသမှုကို လုပ်နိုင်မည်ဖြစ်သည်။

နောက်ဆုံး စူးစမ်းသည့်အချက်မှာ အဆိုးဆုံးဖြစ်၏။

ဦးခေါင်းကို အပေါက်ဖောက်ပြီး အကျိန်နေရာကို စူးစမ်းခြင်းဖြစ်၏။ ယင်းစစ်ဆေးမှုကို ခွဲစိတ်ကုသမှုပြုသည့်အခန်းတွင်သာ လုပ်နိုင်ပါသည်။ ခွဲစိတ်ကုသမှု မလုပ်မီ နောက်ဆုံးစူးစမ်းခြင်းဖြစ်၏။ ဦးနှောက်ခွဲစိတ်မှု မလုပ်ခင်လေးတွင် ပြုလုပ်သည်။

ယင်းစူးစမ်းဆဲအခါသမယတွင် ကျွန်တော်နှင့် ဖရန့်ကိုလည်း ဆရာဝန်များက မေးခွန်းအမျိုးမျိုး မေးပါသည်။

ဂျွန်နီ ဦးခေါင်းတွင် ဒဏ်ရာရဖူးသလား။



BURMESE CLASSIC .com

www.burmeseclassic.com


ဂျွန်နီ အစာမျိုရခက်သည့် ဒုက္ခနှင့်ကြုံဖူးလား။

ပြင်းပြင်းထန်ထန် အအေးမိဘူးလား။

တုန်ဖျား ဖျားဖူးလား။ ဂျွန်နီ၏ လှုပ်ရှားမှု နေထိုင်မှုများ၌ ထူးခြားမှုများ မြင်တွေ့ခဲ့ဖူးလား။

သူ၏ အရသာခံသော အာရုံ၊ အနံ့ခံသောအာရုံ၊ ကြားနိုင်သော အာရုံများတွင် ထူးခြားမှုများ ရှိဖူးလား။

ခက်ပါသည်။

ဂျွန်နီတွင် မည်သည့်ထူးခြားချက်မှ ကျွန်တော်တို့မတွေ့ဘူးခဲ့။ "မရဘူး၊ မတွေ့ဘူး၊ မရှိဘူး" ဟုသာ ကျွန်တော်တို့ ဖြေခဲ့ရသည်။

ဂျွန်နီအဖို့ ပိုပြီးအခံရဆိုးစေသည့် ဖြစ်ရပ်တစ်ခုမှာ ဆရာဝန်များက ဂျွန်နီကို ရေသောက်ခွင့်မပေးပါ။ ဂျွန်နီ့ခန္ဓာကိုယ်အတွင်းသို့ ရေအဝင်များလေ ဂျွန်နီ့ဦးခေါင်းထဲ၌ ဖိအားပိုများလာပြီး ခေါင်းကိုက်ဝေဒနာကို ပို၍ဆိုးစေမည်ဟု ဆို၏။ ရောဂါစစ်ဆေးမှု လုပ်ထုံးလုပ်နည်းများမှ တစ်နေ့ထက်တစ်နေ့ ပို၍စုံလာသည်ကို တွေ့ရ၏။

ဂျွန်နီခမျာလည်း အစစ်ခံရများလွန်းသဖြင့်ပင် နွမ်းရှာ၍နေလေပြီ။

"ဖေဖေရယ် သူတို့ ဒီလောက်စစ်စရာတွေ တကယ်မှလိုရဲ့လား၊ သူတို့ ဘာကြောင့် သားတစ်ယောက်တည်းအပေါ် ဒီလောက်စုံအောင် စစ်ဆေးမှုတွေ လုပ်နေကြတာလဲ"

ဂျွန်နီ၏ အမေးများကို ကျွန်တော်မဖြေတတ်။ တွေဝေစရာဖြစ်၍ နေစေပါသည်။

ခွဲစိတ်ကုသမရမည့်နေ့ ရောက်လေပြီ။

ဂျွန်နီ့ ခေါင်းတစ်ခုလုံးကို ဆံပင်တစ်မွှေးမျှမရှိအောင် ကတုံးရိတ်ပစ်လိုက်ရ၏။ ဂျွန်နီ ရင်ထဲတွင် ဆံပင်ရိတ်ပစ်ရသည်ကို သူ၏


BURMESE CLASSIC .com

www.burmeseclassic.com


ပြင်းထန်သော ခေါင်းကိုက်ဝေဒနာထက် အခံရခက်ရှာသေး၏။ ငိုပါသည်။ အသံထွက်၍ပင် ငိုပါသည်။ ရောဂါဖြစ်စကတည်းက သူ တစ်ခါမှ မငိုဘူး။

"သား ကျောင်းဘယ်လိုပြန်သွားရတော့မလဲ ဖေဖေ"

ကတုံးနှင့်လူ၊ ဆံထုံးနှင့်လူကို ဂျွန်နီတို့ကျောင်းတွင် ကျောင်းတက်ခွင့်မပေးပါ။

နောက် ခဏချင်းပင် သူ အငိုတိတ်ပြီး သူ့ခေါင်းကို သူ မှန်ထဲကြည့်၍ ကျွန်တော်တို့ စိတ်ချမ်းသာအောင် ရယ်စရာတစ်ခုသဘောဖြင့် အသံထွက်ရယ်လိုက်၏။ ရယ်သံနှင့် မတူပါ။ တုန်လှုပ်သံ၊ ဝမ်းနည်းသံများသာ ရောနေသည်။

ဂျွန်နီ့ခေါင်းကို ခွဲစိတ်ကြလေပြီ။

ပထမဆုံး ခွဲစိတ်ကုသည့်အကြိမ်။

၁၉၄၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ဖြစ်၏။

ဂျွန်နီ့ကို ခွဲစိတ်ခန်းသို့ နေ့လယ် ၁၁-နာရီတွင် ယူသွားပါသည်။ ညနေ ၅-နာရီ မိနစ် ၂၀ တွင်မှသာ ပြန်ယူလာ၏။

ဦးနှောက်ခွဲစိတ်ကုသမှုမှာ အချိန်အလွန်ကြာ၏။ ပြင်ဆင်မှုအတွက်ပင် အချိန်ကြာမြင့်စွာယူရ၏။

သို့သော် ယင်း ခြောက်နာရီမျှသော အချိန်မှာ ကျွန်တော်နှင့် ဖရန့်တို့အတွက် ကျွန်တော်တို့ဘဝတွင် စောင့်ရအကြာဆုံးအချိန်ဖြစ်၏။ သူနာပြုဆရာမလေးတစ်ဦးက ကျွန်တော်တို့ကို မေးခွန်းတစ်ခုမေးလိုက်သည်။ ထိုအမေးကြောင့် ကျွန်တော်တို့ရင်တွင် အဘယ်မျှ နာသွားသည်ကို သူသိရှာမည်မဟုတ်။

"ဆရာတို့မှာ ဒီကလေး တစ်ယောက်တည်း ရှိလားဟင်"

ထိုအပတ်အတွင်း ဦးနှောက်အကျိတ်ပေါက်ရောဂါအကြောင်း


BURMESE CLASSIC .com

www.burmeseclassic.com


ကို ကျွန်တော် အမျိုးမျိုးလေ့လာသည်။

ဆေးစာအုပ်များမှာ ဖတ်ရမလွယ်။

ဝေါဟာရများမှာ ကျွန်တော့်ကို အမျိုးမျိုးအခက်တွေ့စေ၏။ သို့သော် နားလည်အောင် ကျွန်တော် ကြိုးစားဖတ်သည်။

ဒေါက်တာ ထနာဂျာနှင့် ဆွေးနွေးသည်။

ဒေါက်တာထနာဂျာ၏ ကျေးဇူးမှာကြီးလှဘိ၏။သူ့လိုကောင်းလှသော ဆရာဝန်မျိုး တွေ့ရန် မလွယ်ပါ။

သူသည် ဂျွန်နီကို ကျွန်တော်တို့ချစ်သကဲ့သို့ပင် ချစ်ရှာ၏။ ဂျွန်နီ ဝေဒနာစတွေ့ကတည်းက သူတွေးတိုင်း သူ့အလုပ်တိုင်းမှာ ဂျွန်နီအတွက် ဖြစ်သည်။

မှန်သည်။

ဂျွန်နီ့ဝေဒနာ သက်တမ်းတစ်လျှောက်လုံးတွင် ဂျွန်နီကို ကုသပေးသည့် ဆရာဝန်အားလုံးကို သူဦးဆောင်သွားသည်ဟုဆိုလျှင် မမှားပါ။

အကျိတ်ဟူသည်မှာ ခန္ဓာကိုယ်တွင် ပိုထွက်လာသော အဖုတစ်ခုပင်ဖြစ်၏။ ယင်းအကျိတ်၊ သို့မဟုတ် အဖုထွက်လာသည်နှင့် ပထမဆုံး စဉ်းစားရသည့် ပြဿနာမှာ ယင်းအကျိတ်သည် ကင်ဆာဖြစ်နိုင်သလား။

ကင်ဆာတိုင်းသည် အကျိတ်ဖြစ်၏။ သို့သော် အကျိတ်တိုင်းသည် ကင်ဆာ မဟုတ်ပါ။

ယခု ဂျွန်နီ့ရောဂါတွင်လည်း ဂျွန်နီသည် အကျိတ်ပေါ်နေသဖြင့် ကင်ဆာ ဖြစ်နေသည်ဟုလည်း ပြောနိုင်၏။ မဟုတ်ဟုလည်း ဆိုနိုင်၏။

ယခု ဦးခေါင်း၏ နောက်ဘက်အရိုးများရှိ အကြောကို အကျိတ်လာဖိ၍ နေသော်လည်း လူ့ခန္ဓာကိုယ်အတွင်းသို့ ယင်းအကျိတ်မှာ အခြားကင်ဆာများ ကဲ့သို့ ပျံ့မလာပါ။

သို့သော် ယင်းသို့ အမြဲမပျံ့ဟုလည်း မပြောနိုင်။

www.burmeseclassic.com


အကယ်၍ ပျံ့သာလာခဲ့လျှင် မကြာခင် ဦးနှောက်တစ်ခုလုံး စားသွားတော့မည်။ အကယ်၍ ထိုသို့ဖြစ်သည့်အချိန်ထိ စောင့်လျှင် ဤလူနာ၏ အသက်ရှင်စရာ မရှိတော့။ လက်လွန်သွားလေပြီ။

ထို့ကြောင့် ယခုကဲ့သို့ ဦးနှောက် အကျိတ်ပေါက်ရောဂါဖြစ်လာသည်နှင့် ပထမဆုံး ဆောင်ရွက်ရန်အလုပ်မှာ ကင်ဆာဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို ဆန်းစစ်မနေတော့ဘဲ ထိုအကျိတ်ကို ဦးနှောက်ထဲမှ အမြန်ဆုံး ထုတ်ပစ်လိုက်ရန်ပင်ဖြစ်၏။

နောက်တော့ ဦးနှောက်အကျိတ်ပေါက်ရောဂါတွင် ပို၍ဆိုးစေသည့် အချက်တစ်ရပ်မှာ ဦးနှောက်သည် ခိုင်မာသော ဦးခေါင်းခွံထဲတွင် တည်ရှိခြင်းဖြစ်သဖြင့် အကျိတ်ပေါက်လာပြီဟုဆိုလျှင် အကျိတ်မှာ အမာခံဦးခေါင်းခွံဘက်ကို ထိုးပြီးကြီးထွားခွင့်မရ။ ဦးနှောက်အတွင်းပိုင်းကိုသာ ဖိပြီး ကြီးထွားရ၏။ ဦးနှောက်မှာ တနေ့တခြား အကျိတ်ဖိနှိပ်မှုကို ပိုပြီးပိုပြီးခံရ၏။ ယင်းဒဏ်ကြောင့် ရောဂါသည်၏ ဝေဒနာမှာ တနေ့တခြား ပို၍ပို၍ ဆိုးလာ၏။

တခါ ဦးခေါင်းခွံကို ဖောက်၊ ခွဲစိတ်ပြီးအကျိတ်ကို ထုတ်သောအခါ၌လည်း လွယ်သည်မဟုတ်။ အလွန်ဂရုစိုက်ရပြီး အလွန်တိကျရ၏။

ပထမဆုံး ဦးခေါင်းခွံဖောက်သည့်နေရာမှာ အကျိတ်အတိအကျရှိမည့် နေရာဖြစ်ရ၏။ ဖောက်သည့်နေရာနှင့် အကျိတ်ရှိသည့်နေရာလွဲနေလျှင် မည်သို့မျှ အကျိတ်ကိုထုတ်၍ မရနိုင်တော့။

တစ်ခါ ဦးနှောက်မှာ အလွန်နူးညံ့သော လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းဖြစ်ပြီး သွေးထွက်အား ကြီးလှ၏။ ထို့ကြောင့် ဆရာဝန်တစ်ဦးက ခွဲစိတ်မှု လုပ်နေလျှင် ကျန်ဆရာဝန်များက သွေးထွက်နည်းအောင် ကူညီလုပ်ဆောင်ပေးရ၏။ သွေးထွက်လွန်သွားသည်နှင့် လူနာ ကွယ်လွန်သွားလေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com


ဦးနှောက်တွင် ဖြစ်သောအကျိတ်မှာ တစ်ခုနှင့်တစ်ခု မတူပါ။ အမျိုးပေါင်း ငါးဆယ်ခန့် ရှိသည်ဟုဆို၏။ တစ်ခါ အကျိတ်ဖြစ်သော နေရာမှာလည်း အလွန်အရေးကြီးလှ၏။ ဦးနှောက်အပြင်ခွံနှင့် နီးသော နေရာမှာတင် ဖြစ်သောအကျိတ်မှာ ထုတ်ယူရလွယ်ပြီး အတွင်းပိုင်းတွင် ဖြစ်သော အကျိတ်မှာ ထုတ်ယူရမလွယ်ပါ။

ဂျွန်နီ့ဦးနှောက်တွင်ဖြစ်သော အကျိတ်ကို အစပိုင်းက ဆရာဝန်များက အတွင်းပိုင်းတွင်ဖြစ်သော အကျိတ်ဟု ယူဆ၏။ အန္တရာယ်များသောနေရာ၊ ထုတ်ယူရမလွယ်။ ထို့ကြောင့် ဒီယားဖီးဆေးရုံတွင် ရှိစဉ်က ဒေါက်တာ ဂျွန်ဆင်ကို ဂျွန်နီ့ အခြေအနေ မေးကြည့်သောအခါ သူ ခေါင်းခါပြ၏။

"ကျွန်တော် မြင်ဖူးသလောက်တော့ ဒီလိုနေရာမျိုးမှာ ဖြစ်တဲ့ အကျိတ်ကို အောင်အောင်မြင်မြင် ထုတ်ယူနိုင်တာ အလွန်ရှားပါတယ်"

လက်တွေ့တွင် ဂျွန်နီ့ အကျိတ်မှာ ဦးခေါင်း၏ အပြင်ခွံနားတွင် ဖြစ်သော အကျိတ်ဖြစ်၏။ ထုတ်ယူရအလွယ်ဆုံးဖြစ်၏။ သို့သော် ပြဿနာတစ်ခုပေါ်လာပြန်သည်မှာ အကျိတ်များ၏ ကြီးထွားမှုနှုန်းမှာ တစ်ခုနှင့် တစ်ခုမတူ။ အချို့မှာ မြန်ပြီး၊ အချို့မှာ နှေး၏။ ကြီးထွားနှုန်းများသည်မှာ အန္တရာယ်ပိုများပြီး ကြီးထွားနှုန်းနည်းသည်မှာ အန္တရာယ်ပိုနည်း၏။ ဂျွန်နီ့အကျိတ်၏ ကြီးထွားနှုန်းမှာ အလွန်မြန်နေ၏။ ထို့ကြောင့် အမြန်ခွဲထုတ်ပစ်ရန်လို၏။

ခွဲရခါနီးမှ ကျွန်တော် ပြဿနာတခုသိရပြန်၏။ စိတ်မချမ်းသာစရာပင်၊ အချို့ အကျိတ်များမှာ ထင်ရှားသော ပုံသဏ္ဍာန်ရှိ၏။ တစ်စုတစ်လုံးတည်းရှိ၏။ အချို့ပုံသဏ္ဍာန်မှာ မထင်ရှား၊ ပျံ့နေ၏။ တစ်စုတစ်လုံးတည်းရှိသော အကျိတ်မှာ ခွဲထုတ်ရလွယ်ပြီး ပျံ့နေသော အကျိတ်မှာ ခွဲထုတ်ယူရ မလွယ်။ ဦးနှောက်အတွင်းပိုင်းသို့ လိုက်၍


BURMESE CLASSIC .com

www.burmeseclassic.com



ရှိုက်၍ ခွဲထုတ်လျှင်လည်း သွေးထွက်များပြီး လူနာရှင်စရာမရှိ။ ထို့ကြောင့် အချို့ ဦးနှောက်တွင်ဖြစ်သော အကျိတ်များမှာ မည်သို့မှခွဲစိတ်ယူ၍ မရဟု သိရ၏။ ပြဿနာများ စုံလှချေပြီ။

ခွဲစိတ်မည့်နေရာတွင် ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကု ဆရာဝန်ကြီး ပတ်နင်က ကျွန်တော်တို့ မိသားစု ဆရာဝန်ဒေါက်တာ ထနာဂျာကိုပါ ခွဲစိတ်မှုတွင် ပါဝင်ရန် ဖိတ်ခေါ်၏။ ဒေါက်တာ ထနာဂျာမှာ အားလပ်သူမဟုတ်ပါ။ အစဉ်အလုပ်များနေသူဖြစ်၏။ သို့သော် သူ့အလုပ်များကို ပစ်ထားခဲ့ပြီး ဂျွန်နီ့ဦးနှောက် ခွဲစိတ်မှုအခန်းကို အရောက်လာပါသည်။

ခွဲစိတ်မှုမပြုမီ ဆရာဝန်ကြီး ပတ်နင်က စကားများများမပြောပါ။

"ဆရာ့သား ခေါင်းအခွံကို ဖွင့်မကြည့်ရသေးသမျှ ဆရာ့သား ရောဂါကို ဘာမှ ကျွန်တော် ကံသေကံမ မပြောနိုင်သေးပါဘူး၊ ဆရာ စိတ်လဲ သိပ်ပူမနေပါနဲ့၊ တစ်ခါတစ်ခါ ဦးနှောက်မှာ ဖိအားများနေတာ အကျိတ်ကြောင့် မဟုတ်ဘဲ သွေးခဲပိတ်နေတာကြောင့်လဲ ဖြစ်တတ်ပါ တယ်။ အကျိတ်ဖြစ်နေဦးမလဲ အန္တရာယ်ပေးတဲ့ အကျိတ်ဖြစ်ချင်မှ ဖြစ် တာပါ"

ခွဲစိတ်မှုပြုလုပ်သည့်နေ့ ညနေ လေးနာရီခွဲခန့်တွင် ဖြစ်၏။ ဒေါက်တာ ထနာဂျာ ကျွန်တော်နှင့် ဖရန့်ရှိရာသို့ ဆင်းလာ၏။ ဂျွန်နီ အခန်းတွင်ဖြစ်၏။ သူ့မျက်နှာကိုမြင်ရသည်နှင့် အခြေအနေ မကောင်း လှသည်ကို ကျွန်တော်သိလေပြီ။ ကျွန်တော်သူ့ကို မေးခွန်းတစ်ခုသာ မေးလိုက်ပါသည်။

"အကျိတ်က ထုတ်ယူလို့ လွယ်ရဲ့လား"

"မလွယ်ဘူး"

မကြာလှပါ ဆရာဝန်ကြီး ဒေါက်တာပတ်နင် ဆင်းလာပြန်



BURMESE CLASSIC .com

www.burmeseclassic.com


သည်။ သူ့ကို မြင်ရသည်မှာ စစ်မြေပြင်မှ ပြန်ရောက်လာစ စစ်သူကြီး တစ်ဦးနှင့် တူလှဘိ၏။

"ကလေးအဖေနဲ့ အမေတွေရော"

"ဒီမှာပါ ဆရာကြီး"

သူ ကျွန်တော့်အနီးသို့ လျှောက်လာပါသည်။

"ခင်ဗျားတို့သား ဦးနှောက်က အကျိတ်ဟာ ပန်းသီးလောက်ကို ရှိတယ်။ ကျွန်တော် တစ်ဝက်ပဲ ထုတ်ပစ်လို့ ရသေးတယ်"

ပန်းသီးလောက်တဲ့၊ ဦးနှောက်ဟူသည်မှာ အလွန်အံ့စရာ မကောင်းလှပေလား၊ ဘယ်လိုလုပ်ပြီး ဂျွန်နီလို လူငယ်တစ်ဦး၏ ဦးနှောက်တွင် ပန်းသီးအရွယ် အကျိတ်ကြီး ရောက်ခဲ့ရပါလိမ့်၊ ဖြစ်မှ ဖြစ်နိုင်ပါ့မလား။

သံသယဖြစ်စရာမရှိပါ။ ထိုပန်းသီးတစ်ခြမ်းလောက် အကျိတ်၏ အစိတ်အပိုင်းကို ထုတ်ပြီးသည်နှင့် ဂျွန်နီ့ဝေဒနာမှာ ရုတ်ခြည်း သက်သာ သွား၏။ အဘယ်ကြောင့် ပန်းသီးတစ်ဝက်ခန့် အစိတ်အပိုင်း ကျန်နေ လျက်နှင့် ဝေဒနာ သက်သာရသနည်း။ ဒေါက်တာပတ်နင်၏ အဖြေမှာ အလွန်ရှင်းလှပါသည်။ ယင်းအစိတ်အပိုင်းသည် ဦးနှောက်၏ လူကို အန္တရာယ်မပြုနိုင်သော အပိုင်းတွင် တည်ရှိနေသည့်အတွက်ဟု ဆို၏။

တံခါးမကြီးမှ လူများဝင်လာသံကို ကြားလိုက်ရသည်။ ဂျွန်နီ့ကို ခွဲစိတ်ခန်းမှ ပြန်ရွှေ့ခဲ့ကြလေပြီ၊ ဂျွန်နီသည် အိပ်မောကျနေသည်ဟု ဆိုသည်။ သို့သော် ကျွန်တော်တို့အဖို့ အိပ်နေသလား၊ မေ့မြောနေ သလား မခွဲခြားတတ်၊ ဖရန့်သည် အံ့သြစရာကောင်းအောင်ပင် သူမ စိတ်ကို သူမ ထိန်းနိုင်စွမ်းရှိပါသည်။ ဂျွန်နီ အခန်းပြန်ရောက်ပြီး မကြာခင် အသောင်းဆန့်ဦးမည်ဟုပြောပြီး လမ်းလျှောက်ထွက်သွား၏။ ကျွန်တော်ကတော့ ရင်ခုန်နေသည့် ဂျွန်နီ့မျက်နှာတွင် အုပ်ထားသော

www.burmeseclassic.com


အောက်စီဂျင်လေပိုက်များ၊ လက်မောင်းတွင် တပ်ထားသော သွေးပိုက်များမှာ ကျွန်တော့်အတွက် စိုးရိမ်စရာဖြစ်နေ၏။

သူနာပြုဆရာမလေး၏ ပြောစကားအရမူ စိုးရိမ်စရာမရှိဟုဆို၏။ ဂျွန်နီသည် ဦးနှောက် ခွဲစိတ်ခံထားရသဖြင့် သွေးဆုတ်သွား၏။ ထို့ကြောင့် သွေးသစ်များ သွင်းထားပေး၏။ အောက်စီဂျင်ပိုက်များမှာ လေသန့်ကို ရှူနိုင်ရန် ပြင်ဆင်ထားခြင်းပင်၊ ဤအဖြစ်မှာ မည်သို့မျှ မထူးဆန်း၊ ဦးနှောက်ခွဲစိတ်ပြီး လူနာတိုင်း ဤသို့ ကာကွယ်မှု လုပ်ရသည်ဟုဆို၏။

"ဆရာအိမ်ပြန်ချင်ရင် ပြန်ပါလား၊ ဆရာ့သားက ခု အိပ်ပျော်နေတာပါ၊ မနက်ဖြန် မနက်အထိ နိုးဦးမှာ မဟုတ်ဘူး"

ဆရာဝန်တစ်ဦးက သတိပေးလိုက်ခြင်းဖြစ်၏။ ကျွန်တော်လည်း ရင်မောစွာ ညှမ်းလှလေပြီ။ သို့သော် ကျွန်တော်မပြန်ခဲ့၊ ဂျွန်နီ့အနားတွင်ပင် ဆက်နေရန် ဆုံးဖြတ်ခဲ့ပါသည်။

ဂျွန်နီ့မျက်နှာကို ကျွန်တော်လှမ်းကြည့်လိုက်၏။ သူ့မျက်နှာမှာ နုပျိုမှုကို အပြည့်ဆောင်နေ၏။ ခေါင်းတစ်လုံးမှာ ပတ်တီးများနှင့် စည်းနှောင်ထားသည်။ "အထက်အောက်" ဟူ၍လည်း ပတ်တီးပေါ်တွင် စာကပ်ထားသေး၏။

အဓိပ္ပာယ်ကိုမူ ကျွန်တော် တွေးမရ။

ဂျွန်နီ့မျက်လုံးအစုံမှာ ပိတ်၍နေကြသည်။

အသားမှာ မည်းသလို ပြာသလိုဖြစ်နေ၏။

တစ်ခုလုံး ခြုံကြည့်လျှင်မူ မှောင်ပိတ်နေသလိုရှိ၏။

ကြီးလာသလိုလဲရှိ၏။

ဤအဖြစ်မှာလည်း စိုးရိမ်စရာမဟုတ်ဟု သူနာပြုဆရာမလေးက ပြောပြပါသည်။ ဦးနှောက်ခွဲစိတ်ခံပြီး လူနာတိုင်းတွင် တွေ့နေကျပင်။


BURMESE CLASSIC .com

www.burmeseclassic.com


ဂျွန်နီ့လက်မောင်းတွင် အပ်တစ်ချောင်း အသင့်စိုက်ထားသည်။ အရေးပေါ် သွေးသွင်းလျှင် အဆင်သင့်ဖြစ်အောင်ဟုဆို၏။ ထိုအပ်ချောင်းလေး စိုက်ထားသည်ကိုလည်း နောင်ရက်ပေါင်းများစွာ ကျွန်တော် ဆက်တွေ့ရသည်။

ဒေါက်တာပတ်နင် အိမ်မပြန်မီ ဂျွန်နီ့အခန်း တစ်ကြိမ်ဝင်လာသေးသည်။ အခြားဆရာဝန်တစ်ဦးလည်း ပါသည်။ ဆရာမလေးက ဂျွန်နီ့ နှလုံးခုန်မှု အားနည်းနေသည်ဟု သတင်းပို့၏။

"သူ မနက်ဖြန်အထိတော့ နေဦးမှာပါ"

အတူပါလာသော ဆရာဝန်က အရေးမကြီးသလို ပြောလိုက်ခြင်းဖြစ်၏။ ကျွန်တော့်ရင်ထဲတွင် အောင့်၍သွားသည်။

ထိုည ၉-နာရီခန့်တွင် ဖြစ်၏။

ဂျွန်နီ့ထံမှ ညည်းသံလိုလို အသံတစ်ခုပေါ်လာသည်။ ပါးစပ်ဟလာသည်။ တစ်ခုခု ထွေးထုတ်ချင်နေသလိုပင်။

"ထွေးလိုက်၊ ထွေးထုတ်လိုက်၊ ပါးစပ်ထဲမှာ စိုနေလို့လား။ ချွဲနေလို့လား"

သူနာပြုဆရာမလေးက လှမ်းပြောလိုက်ခြင်း ဖြစ်၏။

"ကျွန်တော် ဘယ်လိုလုပ်ထွေးမှာလဲ၊ ရေမသောက်ရတာ ကြာပြီပဲ"

အံ့စရာဖြစ်၏။ သူ့အသံမှာ မပီလှသော်လည်း ကျွန်တော်တို့အားလုံး နားလည်နိုင်ပါသည်။ သူနာပြုဆရာမလေးမှာ အံ့သြလွန်းသဖြင့် ဘာမှ ဆက်မမေးနိုင်ဘဲ ရှိ၏။ ဦးနှောက်ခွဲစိတ်ပြီးစ ဤမျှ အချိန်ပိုင်းအတွင်း စကားပြောနိုင်သည့် လူနာကို သူမတွေ့ဘူးပါ။

"ဒေါက်တာ မီလာ"

ဒေါက်တာ မီလာကို ဂျွန်နီ မေးနေသည်။ ဒေါက်တာ မီလာ


BURMESE CLASSIC .com

www.burmeseclassic.com



မှာ ဒေါက်တာပတ်နင်၏ လက်ထောက် ဆရာဝန်တစ်ဦးဖြစ်၏။ ခွဲစိတ်မှု မလုပ်မီလေးတွင် ဂျွန်နီနှင့်ဓာတုဗေဒ ပညာရပ်အကြောင်း စိတ်ရှည်စွာ ဆွေးနွေးသွားခဲ့သူ ဖြစ်၏။ ကျွန်တော် ဒေါက်တာမီလာထံသို့ ဂျွန်နီ မေးနေကြောင်းကို လှမ်းဖုန်းဆက်လိုက်၏။ ဒေါက်တာမီလာလည်း အလွန် အံ့ဩသွားသည်။ ဂျွန်နီအဘယ်သို့ ပြန်သတိရလာသည်ကို သူ မတွေးတတ်ဟု ပြော၏။

ကျွန်တော့်အသံကိုလည်း ဂျွန်နီ မှတ်မိပါသည်။

"ဖေဖေ"

"ဘာလဲသား"

"ကျွန်တော့်ကို ဆက်ပြီး စမ်းသပ်တာတွေ လုပ်နေကြဦးမှာလား ဟင် ..."

သူ့အသံမှာ အလွန်အားပျော့နေသည်။

"မလုပ်တော့ပါဘူးသား၊ ပြီးပါပြီ၊ သားကိုခွဲပြီးပြီဆိုတာ သားသိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သိပါတယ်၊ သား ခေါင်းအခွံကို သူတို့ ဖောက်နေကြတာ သားကြားတယ်၊ သား ဦးနှောက်တွေကို ဖြတ်နေ၊ လှီးနေကြတာ သား သိတယ်၊ သား ဦးနှောက်ကြီး လှိမ့်နေတာတောင် သား သိတယ်"

ထိုညက ဆေးရုံညှော့ခန်း ထိုင်ခုံပေါ်တွင် ကျွန်တော်ထိုင်ရင်း အိပ်ခဲ့သည်။ ဂျွန်နီကို ဒီယားဖီးမြို့ ဆေးရုံမှ နယူးရော့ကို ကားဖြင့် ယူခဲ့သည့် မြင်ကွင်းများမှာ ကျွန်တော့်မျက်စိမှ မပျောက်နိုင်တော့ပါ။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၂)

ဂျွန်နီ၏ ပြန်လည်ကျန်းမာမှုမှာ လျင်မြန်လှ၏။ ခွဲစိတ်ခန်းမှ ပြန်လာပြီး ၆ ရက်အကြာတွင်ပင် အကူအညီမပါဘဲ သူထိုင်၍ စားနိုင်၏။ ၈ ရက်မြောက်သောနေ့တွင် သူ့ကျောင်းစာများကို ပြန်ကိုင်နိုင်လေပြီ။ နောက် သုံးရက်အကြာတွင် သူ့အခန်းတွင် စ,လမ်းလျှောက်၍ရ၏။

ယင်းသို့ပြန်လည်ကောင်းလာသည်ဟု ဆိုသဖြင့် သူ့တွင် ခံစားနေရသည့် ဝေဒနာ မရှိတော့ဘူးလားဟု မေးစရာရှိ၏။

မဟုတ်ပါ။

ရှိပါသည်။

သူ ခွဲစိတ်ခန်းမှ ပြန်ရောက်စ နှစ်ရက်လုံးလုံးမှာ မျက်စိလုံးဝ ဖွင့်၍မရ။ ထို ၂-ရက်လုံးလုံး မျက်စိတစ်သက်လုံး ပြန်မှ မြင်ရတော့မည်လားဟု သူ့မှာ စိုးရိမ်နေရ၏။ သို့သော် ခွဲစိတ်ခံရပြီးနောက်နေ့မှာပင် သူ့ရူပဗေဒ ကျောင်းစာအုပ်များကို ဆေးရုံယူခဲ့ရန် ကျွန်တော့်ကို မှာ၏။ စာအုပ်ရောက်လာသည်နှင့် မေးခွန်းများကို ကျွန်တော့်ကို



BURMESE CLASSIC .com

www.burmeseclassic.com


ဖတ်ပြစေ၏။

အံ့စရာ ဖြစ်၏။

ကျွန်တော် ဖတ်ပြသမျှ မေးခွန်းတိုင်း၏ အဖြေကို သူ မှတ်မိနေသည်။ ဦးနှောက်ခွဲစိတ်ခံရသည့်လူနာမှာ အတိတ်ကို မေ့တတ်သည့် အဖြစ်မျိုးနှင့် ကြုံရတတ်၏။ ဤအဖြစ်ကို ကျွန်တော်တို့ တွေးပူနေသလို ဝွန်နီလည်း တွေးပူနေ၏။

ယခု အတိတ်ကို မမေ့။

ခက်ခဲသော ရူပဗေဒ မေးခွန်းအဖြေများကို သူ အမှတ်ရနေလေပြီ။

ဝမ်းသာစရာပင်။

ဦးနှောက်ဖြင့် ကောင်းသွားလေပြီ။ ဝေဒနာကြောင့် စိတ်ထဲနှလုံးထဲများ ထိခိုက်သွားလေသလား။

မထိခိုက်။

မဖြစ်နိုင်။

သူသည် မေးခွန်းများ၏ အဖြေဂဏန်းများကိုပင် မှတ်မိနေ၏။ နောက်ကြောင်း သမိုင်းစဉ်ဖြစ်စဉ်များကိုလည်း သတိရနေ၏။ ကျွန်တော့်ကို ကျောင်းစာအုပ်သစ်များကို တစ်အုပ်ပြီးတစ်အုပ် ယူခဲ့ခိုင်းနေသည်။

သို့သော် ကျောင်းစာအုပ်များကို လေ့လာရင်း ဝမ်းနည်းလာသလို စိတ်ထိခိုက်လာသလို တုန်လှုပ်လာသလိုတော့ ရှိတတ်၏။ အဓိက သူ စိတ်ထိခိုက်စေသည့် ပြဿနာမှာ ကျောင်းသင်ခန်းစာများကို သူ နေ့စဉ် လွတ်နေသည့်အဖြစ်ကို သတိရနေသည့်အတွက်ဖြစ်၏။

ဝွန်နီသူ့ကျောင်းကို အလွန်ပြန်သွားချင်နေသည်။ စာပြန်သင်ချင်နေသည်။ သူ့ ကျန်းမာရေး အခြေအနေမှာ မည်သို့မှ ကျောင်းမပြန်နိုင်သည်ကိုလည်း သူသိ၏။ ခက်ရှာလေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com


ခွဲစိတ်ခံပြီး ၁၂-ရက်အကြာတွင်ဖြစ်၏။ ဂျွန်နီစာရေးချင်သည်ဟု ပြောသည်။ ဖရန့်နှင့် ကျွန်တော်က ဒီယားဖီးကျောင်းရှိ သူ့ သူငယ်ချင်း တစ်ယောက်ယောက်ထံ ရေးလိမ့်မည်ဟု ထင်၏။

မဟုတ်ပါ။

ကမ္ဘာကျော် ရူပဗေဒပညာရှင်ကြီးအိုင်စတိန်းထံ ရေးလိုခြင်း ဖြစ်၏။ ဂျွန်နီက သူကိုယ်တိုင် ပထမရေးရန် ကြိုးစား၏။ မရ။ ထို့ကြောင့် နောက်ဆုံးတွင် သူက နှုတ်မှပြောပြီး သူ့မိခင် ဖရန့်ကို လိုက်ရေးစေ၏။

အစပိုင်းတွင် သူရူပဗေဒပညာကို ဝါသနာပါလှပုံ၊ ရူပဗေဒ ပညာ ဆောင်းပါးအမျိုးမျိုးကို ဖတ်ခဲ့ပုံများရေးပြီး အာကာသနှင့် ကမ္ဘာ့ ဆွဲအားအကြောင်း ဖတ်ရင်း သူ တွေးလာမိသည့် ပြဿနာတစ်ရပ်ကို ဒေါက်တာ အိုင်စတိန်းကိုရှင်းပြ၏။ ဒေါက်တာအိုင်စတိန်း ယူဆသော အဖြေကို မေး၏။

ကျွန်တော် ဂျွန်နီ့စာကို ကျွန်တော်မိတ်ဆက်စာလေးနှင့်တွဲ၍ ဒေါက်တာအိုင်စတိန်းထံ ပို့လိုက်၏။ ကျွန်တော်တို့ အလွန်ဝမ်းမြောက် စေခဲ့၏။

မကြာပါ။

ဒေါက်တာအိုင်စတိန်းထံမှ ဂျွန်နီထံသို့ ပြန်စာရောက်လာ၏။ သူ ဂျွန်နီ့စာကို ဖတ်ရပုံ၊ ဂျွန်နီ့မေးခွန်းကို သဘောပေါက်ပုံများ ရှင်းပြ ပြီး သူ ဂျွန်နီ နေကောင်းလာမှ ဂျွန်နီနှင့် တွေ့ဦးမည်၊ ဆွေးနွေးဦးမည်ဟု ရေးထား၏။

စာဖတ်ပြီး ဂျွန်နီ အလွန်ကြည်နူးသွားသည်။ ကျွန်တော်တို့က အိုင်စတိန်းထံမှ စာပြန်လာကြောင်း အခြားမိတ်ဆွေများကို ပြောပြမည် ဟု ဆိုသောအခါ၌ သူက ပြောခွင့်မပေး။ လျှို့ဝှက်ထားသင့်ကြောင်း ပြောပြီး အိုင်စတိန်းထံသို့ ဒုတိယမြောက်စာတစ်စောင် ပို့လိုက်ပြန်သည်။


BURMESE CLASSIC .com

www.burmeseclassic.com


ဒေါက်တာ အိုင်စတိန်းခင်ဗျား-

ဆရာကြီးထံမှ ပြန်စာရ၍ ကျွန်တော် ဂုဏ်ယူမဆုံးပါ။ ဆရာကြီး ကျွန်တော့်အပေါ် ထားရှိသော ကြင်နာမှုတရားကို ခံစားရ၍ ကျွန်တော် ကြည်နူးရပါသည်။ ကျွန်တော် ဆရာကြီးထံ တင်ပြလိုက်သော ရူပဗေဒ ပြဿနာမှာ ကျွန်တော် ဆရာကြီးထံ တင်ပြလိုက်သည်ထက်ပို၍ သဘောပေါက်ထားသော အချက်များ ကျွန်တော့်တွင် ရှိပါသည်။

ကျွန်တော် နေကောင်းအောင် ကြိုးစားနေသည်။ ကျွန်တော် နေကောင်းလာသော တစ်နေ့တွင် ဆရာကြီးရေးခဲ့သလို ဆရာကြီးနှင့် လာတွေ့နိုင်မည်ဟု အထူးမျှော်လင့်နေသည်။ ယခု ကျောင်းစာများကို ကျွန်တော် မပြတ်လေ့လာနေပါသည်။

ဆရာကြီး ပြန်စာအတွက် ဂုဏ်ယူနေသော

ဂျွန်နီ

ဒေါက်တာ အိုင်စတိန်းထံ ဂျွန်နီရေးလိုက်သော ပထမစာတွင်ပါသည့် အချက်များမှာ အကျိုးအကြောင်း ညီညွတ်မှုရှိသည့် ရူပဗေဒ ပြဿနာ ဟုတ်မဟုတ် ကျွန်တော် မသိပါ။ ကျွန်တော်မှာ ရူပဗေဒပညာကို နားလည်သူမဟုတ်။ ထို့ကြောင့် ထိုပြဿနာအကျိုးအကြောင်း ဆီလျော်မှုရှိမရှိကို ကျွန်တော်နှင့်ရင်းနှီးသော ရူပဗေဒသင်သော ကျောင်းဆရာတစ်ဦးထံ စာရေး၍ ပေးလိုက်၏။

ထိုရူပဗေဒဆရာ၏ ပြန်စာအရ သူ ဂျွန်နီမေးသော ပြဿနာတွင် ဂျွန်နီ့ရင်ထဲတွင် ဘယ်လို အတိအကျရှိသည်ကို မပြောတတ်။ သို့သော် ယင်းပြဿနာမှာ ရူပဗေဒ ပညာလောကတွင် အလွန်ခက်ခဲနက်နဲသောပညာတစ်ရပ်ဟုဆို၏။ ယနေ့ ဒေါက်တာအိုင်စတိန်းအပါအဝင်မည်သည့် ရူပဗေဒပညာရှင်မှ အဖြေ အတိအကျ မရှာနိုင်သေးပါ။ သူ


BURMESE CLASSIC .com

www.burmeseclassic.com


အံ့သြသည်။ အဘယ်ကြောင့် ဂျွန်နီ ဤပြဿနာကို တွေးနေပါလိမ့်တဲ့။

ဂျွန်နီ့ ကျန်းမာရေး အခြေအနေမှာ သူ့ရင်တွင် ဘာရှိသည်။ ဘာတွေးနေသည်ကို တခြားလူများ နားလည်အောင် ပြောရန် မလွယ်ပါ။ စာရေးရန် မလွယ်ပါ။ ဖရန့်ကမူ ဂျွန်နီ စိတ်ဓာတ်မကျစေရန် လိမ္မာစွာ စည်းရုံးသည်။ ဂျွန်နီရေးလိုသည့်စာကို သူမက လိမ္မာစွာပြန်ရေးပေး သည်။

ဂျွန်နီ ကျန်းမာရေး အခြေအနေ အဘယ်မျှဆိုးသည်ကို ဂျွန်နီ မသိပါ။

ကျွန်တော်တို့ကလည်း မသိစေချင်ပါ။

သူ ယခုအချိန်ထိ ကြံ့ကြံ့ခိုင်ခိုင်သေးခြင်းသည်ပင် သူ၏အသက် ရှင်လိုသော ကြံ့ခိုင်သည့်စိတ်ဓာတ်နှင့် ငယ်ဂုဏ်တို့ကြောင့်ပင် မဟုတ် ပါလား။

ခက်သည်။

သူ့ မှတ်ဉာဏ်မှာ အလွန်ကောင်းနေသည်။ သတိမှာ အလွန် ကောင်းနေသည်။ သူ့ရောဂါ အခြေအနေကို သူမသိဟု အတိအကျ ပြောရန် ခက်၏။ သိလျက်နှင့်ပင် ကျွန်တော်တို့ မသိအောင် ဖုံးထား လေသလား။

တစ်ညနေတွင် ဖြစ်၏။

ကျွန်တော်တို့ စာပေလောကမှ ကျွန်တော့်မိတ်ဆွေတစ်ဦးက ဂျွန်နီ့အတွက် လှပသော ပန်းစည်းများကို ပို့လာပေး၏။ ပန်းစည်း ရောက်ချိန်တွင် ဂျွန်နီ့အခန်းတွင် ကျွန်တော် မရှိ။ သူနာပြုဆရာမလေး က ပြန်ပြောသဖြင့် ကျွန်တော် သိရခြင်း ဖြစ်၏။

"ပန်းစည်းပို့တာကို သူတို့ ကျွန်တော် သေတဲ့အချိန်ထိတောင် မစောင့်ကြတော့ဘူးလား"


BURMESE CLASSIC .com

www.burmeseclassic.com


ခက်ပါသည်။

ပန်းစည်းရောက်ပြီး မိနစ်ပိုင်းအတွင်းပင် ကျွန်တော် ဂျွန်နီ့ အခန်းသို့ ရောက်သွားသည်။

သူ့မျက်နှာ စောစောကနှင့် တခြားစီ ဖြစ်နေ၏။

ရွှင်လို့။

ပြုံးလို့။

ကျွန်တော့်ကိုပင် စနောက်ဆက်လိုက်သေး၏။

"ဖေဖေ စာအုပ်အတွက် စာမူခ ဘယ်တော့ရမှာလဲ"

ကျွန်တော် သူ့ရင်ထဲ ရှိသည်များကို တွေးရခက်နေလေပြီ။

မှန်သည်။

ဒေါက်တာ ပတ်နင်က သူ့ရောဂါအခြေအနေကို အမှန်အတိုင်း ပြောပြသောအခါ၌လည်း သူ ဘာမှ ထူးခြားပုံမပြ။

ပထမဆုံး ကျွန်တော်တို့မိသားစုနှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးထံ ဖုန်းဆက်၏။

"ကျွန်တော့်ခေါင်းကို သူတို့ အပေါက်ဖောက်ပြီး အကျိတ်ထုတ် လိုက်ကြတယ်"

သူ့အသံမှာ သူ ရောဂါဖြစ်ရသည်ကို ဂုဏ်ယူဟန်ပင် ပေါ်နေ သေး၏။ နောက်သူငယ်ချင်းတစ်ယောက်ထံလည်း ဖုန်းဆက်သေး၏။ ထိုသူငယ်၏ နာမည်မှာ (အက်ဂါဘရင်နာ) ဆိုသူဖြစ်၏။

"ငါ့ ခေါင်းထဲက ဦးနှောက်အပေါ် ဖိနေတဲ့ အကျိတ်ရဲ့ ဖိအား က ဘယ်လောက်ရှိသလဲ တွက်စမ်း"

တစ်နေ့ ညနေ သူ့အခန်းသို့ ကျွန်တော် ဝင်သွားစဉ် သူ ကျွန်တော့်ကို လှမ်းပြော၏။ သူ့အသံမှာ အားနည်းသံများပေါ်နေသည်။

"သတင်းသစ်...၊ ကျွန်တော့်ကို နည်းသစ်တစ်ခုနဲ့ တစ်ခါစမ်း


BURMESE CLASSIC .com

www.burmeseclassic.com


ကြပြန်ပြီ”

သူ ဘာဆိုလိုသည်ကို ကျွန်တော် ချက်ချင်းသိ၏။ သူ့ကျောကို ဖောက်ပြီး အရည်များထုတ်မည်။ သူခံရသည်မှာ မည်သို့မျှ သက်သာလှဟန်မရှိ။

ကျွန်တော့်ထံ ဂျွန်နီထံ နံနက်တိုင်း ဖုန်းဆက်သည်။

“သား ဒီနေ့ ဘယ်လိုနေလဲ”

“သိပ်သက်သာတယ်၊ ကောင်းသွားပြီ”

ဂျွန်နီ အမြဲဖြေတတ်သော အဖြေဖြစ်၏။

မှန်သည်။

ဦးနှောက်အကျိတ်ပေါက်ရောဂါ၏ ကြီးမားသောအန္တရာယ်ကို သူအမှန် နားလည်စကလည်း အထူးတုန်လှုပ်မှု ဘာမှမပြခဲ့။

“ကျွန်တော့် ဦးနှောက်ဟောင်းကြီးကို ဘာမှ ထပ်ပြီး နာကျင်အောင်လုပ်လို့ မရတော့ပါဘူး”ဟုသာ ပေါ့ပေါ့ပြောသည် ဟူ၏။ ထို့ကြောင့် သူ့ကို စောင့်ရှောက်ပေးရသော သူနာပြုဆရာမလေး တစ်ယောက်က ပြောပါသည်။

“ဒီကလေးဟာ သူ့အတွက် တစ်ရက်အသက်ရှင်ရင် ဒီတစ်ရက်ဟာ သူ့ဘဝအတွက် ပျော်စရာတစ်ရပ်လိုပဲ ခံယူထားပုံရတယ်”

သူ့ကို ဆေးလာပေးတိုင်းလည်း ထိုဆေးအကြောင်းကို ဆရာဝန်နှင့် ဆရာမများကို မေးသည်။ ဆရာဝန်နှင့်ဆရာမများ သူ့ကို ပြောပြချင်အောင်လည်း သူအမျိုးမျိုးကြံဆောင်သည်။

ဂျွန်နီမှာ သူ့ကို ပြုစုနေသည့်သူများအပေါ်တွင်လည်း အလွန်ညှာတတ်သည့် လူနာဖြစ်သည်။

တစ်ခါက သူ့အမေကို ပြောသည်။

“မေမေ ညကအေးလိုက်တာ၊ သားအိပ်တောင်မအိပ်နိုင်ဘူး”


BURMESE CLASSIC .com

www.burmeseclassic.com


"သား ဆရာမကို ခေါ်ရောပေါ့။ နွေးအောင် တစ်ခုခုလုပ်ခိုင်းပါလား"

"ဆရာမကိုလည်း ဒုက္ခမပေးချင်ဘူး၊ သူ သားအတွက် သိပ်ပင်ပန်းနေပြီ၊ သူ့ကို နားစေချင်တယ်"

မှန်သည်။

တစ်ကြိမ်တွင်လည်း ကျွန်တော့်ထံ သူ ဖုန်းဆက်သည်။ ဖုန်းဆက်သည့်အချိန်မှာ ညနက်ပိုင်း ရောက်နေလေပြီ။ ကျွန်တော် အိပ်နေရာမှ ထပြီး သူ့ကိုပြန်ထူးရ၏။ သူ ကျွန်တော်အိပ်နေရာမှ ထခဲ့ရမှန်းသိလျှင် ချက်ချင်း တောင်းပန်ရှာ၏။

"အို- သား နှောင့်ယှက်သလို ဖြစ်နေပြီ၊ ဖေဖေ ပြန်အိပ် ပြန်အိပ်၊ သားက ဖေဖေ မအိပ်သေးဘူးထင်လို့ ဆက်တာ"

နောက်သုံးလေးရက်အကြာတွင် ဂျွန်နီ့ကျောမှ အရည်များ စုပ်ထုတ်ပြီး စစ်ဆေးမှုများ ပြုကြပြန်သည်။ ဤစစ်ဆေးမှုနှင့် ပတ်သက်၍ ဒေါက်တာထနာဂျာက ကျွန်တော့်ကို ရှင်းပြ၏။ ဂျွန်နီ့ရှေ့တွင်ပင် ဖြစ်၏။

ဂျွန်နီ၏ နောက်ကျောမှ စစ်ဆေးရန်အရည်များထုတ်သည့် အလုပ်မှာ မလွယ်။ အလွန်ဂရုစိုက် သတိထားရသော အလုပ်ဖြစ်၏။ စုပ်ထုတ်ရာ၌လည်း စိတ်ရှည်ရှည်ဖြင့် ဖြည်းဖြည်းခြင်းထုတ်ရ၏။ အကယ်၍ မြန်လိုက်သည်နှင့် ဂျွန်နီ့ဦးနှောက်အတွင်း၌ ဖိအားများ အပြောင်းအလဲဖြစ်ပြီး ဦးနှောက်ပျက်စီးသွားနိုင်၏။ အန္တရာယ် အလွန်များ၏။

"ကျွန်တော်တို့ ဒီအန္တရာယ်တွေအကြောင်း ဆရာဝန်တွေက စောစောက မရှင်းပြခဲ့တာပဲ ကျေးဇူးတင်ရမယ်၊ သိနေရင် ကျွန်တော် ကြောက်နေမလားမသိဘူး"

ဂျွန်နီ ကျွန်တော့်ကို ဒေါက်တာ ထနာဂျာ ထွက်သွားပြီးနောက်


BURMESE CLASSIC .com

www.burmeseclassic.com


ပြောသောစကားဖြစ်၏။ ဒေါက်တာထနာဂျာမှာ အလွန်စိတ်ရှည်သူဖြစ်၏။ ဂျွန်နီ၏ရောဂါအခြေအနေ၊ရောဂါဇစ်မြစ်နှင့်ပတ်သက်၍ ကျွန်တော် သဘောပေါက်လာအောင် ဖြည်းဖြည်းချင်း ကျွန်တော့်ကိုရှင်းပြ၏။ တစ်ကြိမ်တည်းလည်း အကုန်မရှင်းပါ။

တစ်ပတ်နှစ်ပတ်အတွင်း ဂျွန်နီ့ရောဂါအခြေအနေမှာ ပိုကောင်းမည်ဟု ကျွန်တော်တို့ အားလုံးမျှော်လင့်နေ၏။ ဖရန့်နှင့်ကျွန်တော်က ဂျွန်နီအား အနည်းငယ်အားရှိလာလျှင် တောင်ဘက်ကို ခေါ်သွားရန် ရည်ရွယ်ထား၏။ သူ့ရောဂါကတော့ တစ်ကြိမ်တည်းဖြင့် ပျောက်ဦးမည်မဟုတ်။ သူ့ဦးနှောက်တွင် ကျန်နေသေးသော အကျိတ်၏ အစိတ်အပိုင်းတစ်ဝက်ကို ဆရာဝန်များ ထုတ်ယူနိုင်ပြီးမှ လုံးဝကောင်းသွားမည်ဟု မျှော်လင့်ရ၏။

အကျိတ်အကြောင်း အသေအချာ သိရန်မှာမလွယ်။ အချိန်ယူရ၏။ လေ့လာရ၏။

အကျိတ်မှာ ကြီးထွားတတ်သောသဘောသာ ဆောင်သည်မဟုတ်၊ အမျိုးအစားတစ်ခုမှတစ်ခုသို့လည်း ပြောင်းသွားတတ်သည်။ တစ်နေ့တွင် ဆရာဝန်တစ်ဦးက ပြောပါသည်။

ဂျွန်နီ့အကျိတ်၏ သဘောသဘာဝအားလုံးကို ပြည့်စုံသလောက်ပင် လေ့လာမှုပြီးပြီတဲ့။

ထိုဆရာဝန်၏ မျက်လုံးများ နေပုံကို ကျွန်တော်မကြိုက်ပါ။ တစ်ခုခုကို ဖုံးထားချင်သလိုထင်ရသည်။ ထို့ကြောင့်လည်း ဂျွန်နီ့အကျိတ်မှာ အန္တရာယ်ပြုနိုင်သော အကျိတ်မျိုး ဟုတ်၊ မဟုတ် မေးခွန်းကို သူ့ကို ကျွန်တော် မမေးရဲ။

နောက်နေ့တွင် ဒေါက်တာ ပတ်နင်က သူ့ရုံးခန်းကို ကျွန်တော့်ကို လာရန်ခေါ်သည်။

"ဆရာ့သားရဲ့ အကျိတ်ဟာ ကျွန်တော်တို့ ကြောက်နေတာထက် ပိုအန္တရာယ် ပေးနိုင်တဲ့ အကျိတ်အမျိုးအစား ဖြစ်နေတယ်၊ အကျိတ်ရဲ့


BURMESE CLASSIC .com

www.burmeseclassic.com


သဘောသဘာဝတွေက ပြောင်းနေတယ်၊ ဒါကြောင့် ဆရာ့သား ခေါင်းက အပေါက်ကို ကျွန်တော်အပြီး မပိတ်လိုက်သေးတာ၊ အရေပြားလေးတစ်ခု နဲ့ပဲ ပိတ်ထားတယ်၊ အကျိတ်က တစ်နေ့တခြား တဖြည်းဖြည်း ကြီး နေတော့ ကြီးလာတဲ့အပိုင်းကို ခုမပိတ်သေးတဲ့ အပေါက်အတိုင်း အပြင် ဘက်ကို ကြီးလာစေချင်လို့ပါ။ ဘာကြောင့်လဲဆိုတော့ အတွင်းဘက်ကို သွားကြီးရင် ဦးနှောက်ကို သွားဖိပြီး ဦးနှောက်ပျက်စီးသွားမယ်။ ပွင့်ပွင့် လင်းလင်းပြောရရင်တော့ ဆရာဒီအပေါက်ကိုသာ ကျွန်တော် အသေ ပြန်ပိတ်လိုက်ရင် ဆရာ့သားအသက်ဟာ တစ်လထက် ပိုရှည်စရာ မရှိ တော့ဘူး၊ ခုလိုဖွင့်ထားခြင်းကြောင့် ခု ကျွန်တော်တို့ ဆက်ကုသဖို့ ရည်ရွယ်ထားတဲ့ (အိတ်)ရောင်ခြည်နဲ့ ကုသမယ့် လုပ်ငန်းတွေမှာလဲ ပိုလွယ်တယ်၊ (အိတ်)ရောင်ခြည်ရဲ့ စွမ်းအားက အရိုးကို ဖောက်ပြီးမှ အကျိတ်ပေါ် ရောက်ရတာထက် အကျိတ်ပေါ် တိုက်ရိုက်ရောက်ရတာ ပိုပြီး အာနိသင်ကြီးမားတယ်၊ ကျွန်တော်တို့ကတော့ အားမလျှော့ပါဘူး၊ အစွမ်းကုန်ဆက်ကုသပါ့မယ်၊ဒါပေမယ့် ဆရာ့ကိုအမှန်အတိုင်း သိထားစေ ချင်လို့ ခုလိုပြောပြတာပါ"

"ခုလို ဖွင့်ထားတဲ့အတွက်ရော ကလေးကို အန္တရာယ်ဘာမှ မဖြစ်လာနိုင်ဘူးလား"

"ဖြစ်နိုင်တာတွေ ရှိပါတယ်၊ အဓိက ဖြစ်နိုင်တာက လူနာ မတော်တဆ လဲကျသွားပြီး ဒီအပေါက်ရှိတဲ့နေရာကို တစ်ခုခုနဲ့ ဆောင့်မိမှာ ကြောက်ရတာပဲ၊ ဒီလိုသာ လဲကျပြီး ဆောင့်မိလိုက်တယ်ဆို ရင် ဦးနှောက်က ဖွင့်ထားတဲ့အတွက် တစ်ခုလုံးပျက်စီးသွားတော့မယ်၊ ဒါကြောင့် လူနာကို မလဲကျအောင် ဝိုင်းဂရုစိုက်ဖို့က အဓိက အရေးကြီး ဆုံးပဲ"

ပတ်တီးဖြေသော အချိန်ကို စောင့်ပြီး ဂျွန်နီ့ခေါင်းတွင်


BURMESE CLASSIC .com

www.burmeseclassic.com


ဖောက်ထားသော အပေါက်ကို လေ့လာကြသည်။

အလွန်ကြီးသော အပေါက်ကြီးဖြစ်၏။

ဒေါက်တာ ပတ်နင် ဤမျှအပေါက်ကြီးကြီးကို ဖောက်ထားမည်ဟု ကျွန်တော်မထင်ခဲ့ပါ။ ကျွန်တော်တို့ အပေါက်ကိုမြင်ပြီးနောက် အချိန်ကြာမြင့်စွာ စကားမပြောနိုင်တော့၊ ရင်ထဲတွင် တထိတ်ထိတ်နှင့် ဖြစ်နေသည်။

ဦးနှောက်အကျိတ်များအကြောင်း ရေးထားသောစာအုပ်များကို ရှာဖတ်ကြည့်မိပြန်သည်။ အကျိတ်အမျိုးမျိုးတွင် လူ၏အသက်ကို အန္တရာယ်ပြုနိုင်သော အကျိတ်များကို "ဂလီရို" ဟူသော စာလုံးကို ရှေ့ခံပြီး အမည်မှည့်ထားသည်။ ယင်းဂလီရိုစာလုံးရှေ့တွင် ခံထားသော အကျိတ်ဖြစ်သူမှာ အသက်ရှင်စရာလမ်းမရှိပါ။

ကျွန်တော်ဆရာဝန်များကို မေးကြည့်သည်။ ဂျွန်နီ့အကျိတ်မှာ ဂလီရို စာလုံးခံ အကျိတ်အမျိုးအစား ဟုတ်၊ မဟုတ်။

မဟုတ်ဟု ဆိုကြ၏။

ထိုအတွက်ပင် ကျွန်တော့်မှာ ဝမ်းသာရပြန်သည်။

ဂျွန်နီ တဖြည်းဖြည်း အားပြန်ရှိလာ၏။ မျက်လုံးများမှာလည်း ကောင်းလာသလို ရှိ၏။ ဘယ်ဘက်ခြေတစ်ဘက်မှာမူ အနည်းငယ် ဆွဲနေသလိုရှိ၏။ ဒေါက်တာ ထနာဂျာကမူ ဤအတွက် စိုးရိမ်စရာမရှိ၊ ခွဲစိတ်ပြီးစမို့ ဖြစ်နေသည်ဟုဆို၏။

နောက်ပိုင်းတွင် ဂျွန်နီ့ကို အဖြစ်မှန်ကို ကျွန်တော်တို့ အကုန်မပြောတော့၊ သူ့အကျိတ်မှာ သေးသွားပြီဟု ညာပြောကြ၏။ အချို့က လည်း ဒေါက်တာပတ်နင် ခွဲစိတ်စဉ် အကုန်ထုတ်ပစ်လိုက်ပြီဟုပြော၏။ ယခုလောလောဆယ် သူခံနေရသည့် ဝေဒနာများမှာ ခွဲစိတ်ထားသည့် အရှိန်ကြောင့် ဖြစ်သည်ဟု သူ့ကို ပြောထား၏။


BURMESE CLASSIC .com

www.burmeseclassic.com



တစ်ခါက သူ့မျက်နှာမှာ အလွန်ဝမ်းနည်းနေသည့်ဟန်များ ပေါ်နေ၏။

“သား ဘာဖြစ်လဲ”

“ဘာမှ မဖြစ်ပါဘူး၊ သားတွေးနေတာ၊ သားတော့ အားလုံးကို စိတ်ပျက်နေပြီ၊ ၁၆-နှစ်လုံးလုံး မွေးကတည်းက ဘာမှမလုပ်ခဲ့ဘူး၊ ကိုယ့်အတွက်ပဲ စိတ်ဝင်စားခဲ့တယ်။ ဒီအတွက် သားတွေးပြီး ဝမ်းနည်းနေတာပါ”

ကျွန်တော့်မှာ သူ့အဖြစ်ကို ငိုရခက်၊ ရယ်ရခက်ဖြစ်နေ၏။

ဂျွန်နီ့မှာ အမြဲ ပျော်ရွှင်နေချင်သူဖြစ်၏။ သူ့ဘဝအတွက် သူဘာမှတွေးပြီး ပူမနေသလို၊ သူ အမြဲစိတ်ဝင်စားနေသည်မှာ ကျောင်းပြန်တက်နိုင်ရေးပင်ဖြစ်၏။ သူနေ့စဉ် လွတ်နေသော ကျောင်းသင်ခန်းစာများအတွက် သူ့မှာ ပူရလှေလေပြီ။ ကျွန်တော်တို့မှာ သူဘယ်တော့မှ ကျောင်းပြန်မတက်နိုင်တော့မည့်အဖြစ်ကို မပြောရက်။

ခက်ပါသည်။

ဤအဖြစ်ကို ဂျွန်နီမသိဟုလည်း ပြောရန်ခက်၏။

တစ်ခါတစ်ခါ သူ၏ လုပ်ဆောင်ချက်များမှာ ကျွန်တော်တို့ စိတ်ချမ်းသာအောင် ဟန်ဆောင်နေရှာသလားဟုပင် ကျွန်တော်တို့ကို တွေဝေသွားစေ၏။ သူသည် သူပြန်ကျန်းမာလာအောင် သူ့ကိုယ်သူ အမျိုးမျိုးကြိုးပမ်းသည်။ သူ့ဘယ်လက် အားနည်းနေသည့်အဖြစ်ကို သူ လုံးဝမပြ။

ဆရာဝန်များ၊ ဆရာမများခိုင်းသမျှ သူမညည်းညူပဲ အမြဲကြိုးစားလုပ်၏။

ရေသောက်ခွင့်လုံးဝမပေးသည့် ဒုက္ခမှာ သူ့အတွက် အကြီးဆုံးဖြစ်၏။

www.burmeseclassic.com


သို့သော် လုံးဝမညည်းညူ။

ပေ၍ လိုမ့်ခံ၏။

သူ့ရင်ထဲမှာ ခံယူထားသည်မှာ ဆရာဝန်များ ညွှန်ကြားသမျှ အကုန်တသွေမတိမ်း လိုက်နာပြီး အမြန်ကျန်းမာ၍ အမြန်ကျောင်းပြန်တက်နိုင်ရေးဖြစ်၏။

တစ်ခါက ဂျွန်နီ အလွန်ဒေါသထွက်နေခဲ့ဖူးသည်။ သူ့မျက်လုံးပြာလေးများမှာ အဖြူရောင် ပတ်တီးတောင်ကြီးပေါ်တွင် မီးတောက်နေသကဲ့သို့ရှိ၏။ ဒီယားဖီးကျောင်းမှ အကြောင်းများကို ဒေါသတကြီးနှင့် ပြောသည်။ သူ့အတန်းသားများအကြားတွင် သူအလွန်နောက်ကျနေတော့မည်ဟုလည်း ညည်းသည်။ သူ ဟားဗတ်တက္ကသိုလ်တက်နိုင်ရမည်။ အထက်တန်း ရူပဗေဒပညာကို တက္ကသိုလ်တွင် ဆက်လေ့လာခွင့်ရရမည်။ သူ ကျောင်းပျက်နေသော်လည်း ယခင်က ကြိုးစားထားသော အရှိန်ကြောင့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ဖြေနိုင်ရမည်ဟု သူပြော၏။

တစ်ချိန်တည်းတွင် သူ့အကျိတ်၏ လျှို့ဝှက်နက်နဲမှုကိုလည်း အထူးစိတ်ဝင်စားနေ၏။

မှန်သည်။

ဤအကျိတ်ကြောင့်ပင် သူ ကျောင်းမတက်နိုင်ဘဲ ကျောင်းပျက်နေရသည် မဟုတ်လား။

အကျိတ် ဘာကြောင့် သူ့ဦးနှောက်ထဲတွင် ပေါ်လာခဲ့ရသလဲ။ ဒေါက်တာ မောက်နှင့် အခြားဆေးပညာရှင်အများပင် ဂျွန်နီ့ဘဝဖြစ်စဉ်မှစ၍ ပြန်လေ့လာ၏။ ခေါင်းတွင် ဒဏ်ရာရခဲ့ဖူးခြင်း ရှိ မရှိကို အထူးဂရုစိုက် စစ်ဆေး၏။ အကယ်၍ ဒဏ်ရာ အကြီးအကျယ်ရဖူးခြင်း မရှိလျှင်လည်း အခြား သတိမထားမိခဲ့သော အကျိတ်ဖြစ်စေသည့် ဒဏ်ရာ


BURMESE CLASSIC .com

www.burmeseclassic.com


မျိုး ရခဲ့ဖူးသေးလား။

တစ်ခါက ဂျွန်နီက ဒေါက်တာ မောက်ကို ပြောသည်။

“ဒေါက်တာ ကျွန်တော် ဒီအကျိတ်ဖြစ်ရတဲ့ အကြောင်းကို သိခဲ့ရင် ဘာလုပ်နိုင်မလဲ”

“မင်း ဒီနေ့ကုထုံးတွေ အကုန်လုံးကို ပြောင်းပစ်နိုင်မယ်”

ဒေါက်တာ မောက်၏စကားကို ဂျွန်နီ သဘောပေါက်သည် မပေါက်သည်ကို ကျွန်တော် ခန့်မှန်း၍မရပါ။

“ကျွန်တော် တစ်ခါက ကုလားထိုင်ပေါ်က လိမ့်ကျတာ ကြမ်းပြင် ပေါ်မှာချထားတဲ့ လေနွေးမီဖိုစောင်နဲ့ ဆောင့်မိဖူးတယ်၊ တော်တော်ပြင်း တယ်၊ ဒါပေမယ့် ခေါင်းတော့ ကွဲမသွားဘူး”

ဒေါက်တာ မောက်က ဤမျှသေးမယ်သော ဒဏ်ကြောင့် အကျိတ်မဖြစ်နိုင်ဟု ပြန်ပြော၏။

တကယ်တော့ အကျိတ်၏ ဇစ်မြစ်ကို မည်သူမျှ မဖော်ထုတ်နိုင် သေးပါ။ မသိသေးပါ။ အသက်၏ အစကို မသိကြသေးသကဲ့သို့ ဖြစ်၏။ ကင်ဆာဖြစ်ရသည့်အကြောင်းမှာ ယနေ့လူသားများအတွက် သဘာဝ သိပ္ပံတရားကြီး၏ လျှို့ဝှက်နက်နဲမှု အရှိဆုံး၊ ကြောက်မက်ဖွယ်အကောင်း ဆုံး အားပြိုင်ချက်ဖြစ်၏။

မှန်သည်။

မည်သူမှ ဤအချက်ကို ယနေ့ မငြင်းနိုင်။

တစ်နေ့ ဂျွန်နီ သူ ရေးသားသော ဆုတောင်းလေးတခုကို ဖရန့်ကိုပြသည်။ ဘုရားရှိမရှိကို သံသယရှိနေသည့် သူ့စိတ်ကို ဘုရား ရှင် စိတ်မဆိုးပါနှင့် အစချီရေးထား၏။ သူ့ရေးဟန်မှာ သနားစရာလည်း ကောင်း၏။ ချစ်စရာလည်းကောင်း၏။ အကယ်၍ ကောင်းကင်ဘုံတွင် အမှန်သာဘုရားရှိခဲ့လျှင် ဘုရားရှင်ပေးသော ကောင်းချီးများကို သူ

www.burmeseclassic.com


ဝမ်းမြောက်စွာ လက်ခံသည်။ သူ့ဘဝ၏ တိုက်ပွဲများကိုလည်း သူ အသက်ရှင်နေသမျှ ဝင့်ကြွားစွာ တိုက်ခိုက်မည်ဟု ဆိုထား၏။

သူ ထိုဆုတောင်းစာမျိုးကို အဘယ်ကြောင့် ရေးရသနည်း။

အကြောင်းရှိသည်။

ဂျွန်နီမှာ ဘုရားရှိသည်ကို ယုံသောကလေးမဟုတ်။ ဘုရားရှိခိုးကျောင်းများကိုလည်းမသွားချင်။ ဘာသာရေး ဆွေးနွေးချက်၊ ဟောပြောချက်များကိုလည်း နားမထောင်ချင်။ ဖရန့်မှာ သူ့သားကို ဘာသာတရားပေါ်တွင် ယုံကြည်မှုရှိသော ကလေးဖြစ်စေချင်၏။ ထို့ကြောင့်လည်း ဖတ်၍ကောင်းသော ကမ္ဘာအနှံ့မှ ဆုတောင်းစာ အမျိုးမျိုးကိုယူလာပြီး သူ့သားကို ဖတ်ပြ၏။

ဂျွန်နီသည် ဖရန့် ဖတ်ပြသမျှကို အထူးဂရုစိုက်၍ နားထောင်၏။ သို့သော် ထိုဆုတောင်းစာများမှာ သူ့အတွက် မည်သို့မျှ လေးနက်ပုံမရ။

ဖရန့်က အားမလျှော့။

အင်္ဂလိပ်စာရေးဆရာကြီး ဘယ်ဒေါ့ဟတ်လီ၏ ဆုတောင်းစာအမျိုးမျိုးပါရှိသော စာအုပ်ယူလာပြီး ဂျွန်နီ့ကို ဖတ်ပြစေပြန်သည်။ ဆုတောင်းခြင်း၏ အရေးပါပုံများကိုလည်း ဂျွန်နီလက်ခံရန် အမျိုးမျိုးရှင်းပြ၏။

ဂျွန်နီ လက်မခံ။

ထို့ကြောင့်လည်း နောက်ဆုံးတွင် ဂျွန်နီဆုတောင်းလိုသော ဆုတောင်းမျိုး စိတ်ကူးရလျှင်ရေးထားရန် ဂျွန်နီကို မှာထား၏။ ယခု သူ့ဆုတောင်းကို ရေးပြီးလေပြီ။ ဖရန့် ကျေနပ်မှု ရှိ၊ မရှိ ကျွန်တော်မဆွေးနွေးမိ။

ထိုညနေတွင် ဂျွန်နီ ပျော်ရွှင်နေပုံလည်းရ၏။


BURMESE CLASSIC .com

www.burmeseclassic.com



“ဖေဖေ့စာအုပ်ကို ဆက်ရေးဖြစ်အောင် ဖေဖေ ရေးဦးနော်။ သားအတွက်နှင့်ပဲ ဖေဖေအချိန်တွေ၊ ငွေတွေ မကုန်နေပါစေနဲ့၊ သား နေကောင်းနေပါပြီ”

ဂျွန်နီသည် ကျွန်တော့်ကို အမြဲစိတ်ချမ်းသာနေစေချင်ပုံရ၏။ သူနှင့်ဖရန့် စိတ်မချမ်းမြေ့ဖွယ် အကြောင်းအရာ တစ်ခုခုကို ဆွေးနွေး နေလျှင် ကျွန်တော်သူ့အခန်းသို့ ဝင်လာသည်နှင့် ထိုစကားကိုချက်ချင်း ပြောင်းပစ်လိုက်သည်ဆို၏။ အမှန်တော့ သူ့အမေ ဖရန့်အပေါ်တွင် လည်း သူ ဤစိတ်မျိုးပင်ထားသည်။ တစ်ခါတစ်ရံ ကျွန်တော်နှင့် ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုခုအကြောင်းဆွေးနွေးနေလျှင် ဖရန့် ဝင်လာ သည်နှင့် သူ့စကားကို သူချက်ချင်း ပြောင်း၏။ ကျွန်တော်တို့သားသည် ကျွန်တော်တို့ထက်ပင် ပါးနပ်နေပါသလား။

မေလ (၂၈) ရက်နေ့တွင်ဖြစ်၏။

ဂျွန်နီနှင့် ပတ်သက်သည့် သတင်းဆိုးတစ်ခု ကျွန်တော့်ထံ မမျှော်လင့်ဘဲ ရောက်လာသည်။ ဂျွန်နီ ကြမ်းပြင်ပေါ်လဲကျသည်။ အားနည်းနေသည်တဲ့။

ပိုပြီး ဆိုးသော သတင်းတစ်ခု ရောက်ခဲ့ပြန်သည်။ ဂျွန်နီ ဦးနှောက်မှ အကျိတ်မှာ ဆရာဝန်များ မျှော်လင့်ထားကြသည်ထက် ပိုဆိုးသော အကျိတ်အမျိုးအစား ဖြစ်နေသည်တဲ့။ ကျွန်တော်နှင့် ဖရန့်မှာ အဘယ်မျှဆိုးသော အကျိတ်ဖြစ်နေမည်ကို မမေးရဲ။

ဂျွန်နီမှာ အိပ်ရာပေါ် လှဲနေရသည်။

ဆရာဝန်များကမူ ကျွန်တော်နှင့် ဖရန့်အား နောက်ထပ် ဂျွန်နီ ရင်ဆိုင်ရတော့မည့် အန္တရာယ်နှင့်ပတ်သက်၍ တစ်စချင်း တဖြည်း ဖြည်းသိစေ၏။

ဂျွန်နီသည် မကြာမီ လမ်းလျှောက်၍လည်း ရချင်မှရတော့မည်။



BURMESE CLASSIC .com

www.burmeseclassic.com


မျက်စိလည်း မြင်ချင်မှမြင်တော့မည်။

ဆရာဝန်အများစုမှာ ကျွန်တော်နှင့် ဖရန့်ကို စကားမပြောချင်ကြ။

ဝမ်းနည်းဖွယ် အဖြစ်များကို မသိချင်။

ဒေါက်တာ ပတ်နင်ပင် ယခင်လို စကားများများ မပြောတော့။ ဆက်လက် ကုသကြမည့် (အိတ်)ရောင်ခြည် ဓာတ်အားဖြင့် ကုသမည့် ကုနည်း အပေါ်၌ ယုံကြည်မှု ရှိကြရန်မျှသာပြော၏။

သို့သော် (အိတ်)ရောင်ခြည်ဖြင့် ကုလျှင် ပျောက်ရမည်ဟုလည်း သူ ဇကံ ဇမ မပြောပြန်။ ခက်ချေပြီ။

ဂျွန်နီ့ကို အိတ်ရောင်ခြည်ဓာတ်အားသုံးပြီး သူ့အကျိတ်၏ ကြီးထွားမှုကို ဖျက်ပစ်မည်။ တစ်နေ့ ဓာတ်ရောင်ခြည်ဌာန၌ ကျွန်တော် ဂျွန်နီကို စောင့်နေစဉ် ဂျွန်နီ့ရောဂါ မှတ်တမ်းစာရွက်ကို တွေ့၍ ယူဖတ်ကြည့်မိ၏။

ထိတ်လန့်စရာတစ်ခုကို မြင်လိုက်ရသည်။

ဂျွန်နီ့အကျိတ်မှာ 'ဂလီရို' အုပ်စု အမျိုးအစားဘက်ကို ပြောင်းနေသည်တဲ့။ ဂလီရိုအုပ်စု အမျိုးအစား အကျိတ်ပေါက်ရောဂါဖြစ်သူသည် အသက်ရှင်ရန်လမ်းမရှိ။ ယနေ့ ဤအကျိတ်မျိုးကို နိုင်သည့် ရောဂါကုထုံးမျိုး ဆရာဝန်များ မတွေ့ကြသေး။ ထို့ကြောင့်ပင် ဆရာဝန်များ ဤကိစ္စ ကျွန်တော်တို့ကို စမပြောရဲဘဲဖြစ်နေသည် မဟုတ်လား။

ဂျွန်နီ၏ ကြောက်လန့်တတ်သည့်အဖြစ်မျိုးကိုလည်း (အိတ်)ရောင်ခြည်ခန်းမတွင် အကုသခံရန် ပြင်ဆင်နေသည့် အချိန်ရောက်မှ ကျွန်တော် ပထမဆုံးအကြိမ် တွေ့မိသည်။ ဓာတ်ရောင်ခြည် အခန်းထဲ ဝင်ခါနီး သူကျွန်တော့်ကို လှမ်းမေးသည်။

"ဖေဖေ သားကို ခုလိုကုဖို့ လုပ်ကြတာ သားမှာ ကင်ဆာဖြစ်


BURMESE CLASSIC .com

www.burmeseclassic.com


နေပြီဆိုတာ သေချာလို့ပေါ့နော်''

ကျွန်တော် သူ့ကိုပြန်ပြောရန် အသံမထွက်နိုင်။ တစ်ခါ ဖရန့်ကိုလည်း သူပြောလိုက်သေးသည်။

''မေမေ သားမှာလုပ်ချင်တာတွေ အများကြီး၊ ခုအချိန်က မရှိတော့ဘူး''


BURMESE CLASSIC .com

www.burmeseclassic.com

## (၃)

ဇွန်လ (၁) ရက်နေ့တွင် ဂျွန်နီ့ကို ဆေးရုံမှ ဆေးရုံဆင်းခွင့်ပေးပြီး အိမ်သို့ ပြန်ခေါ်သွားခွင့်ပြုသည်။ သို့သော် ဇွန်လ (၂၀) ရက်နေ့အထိ နေ့စဉ်မှန်မှန် (အိတ်)ရောင်ခြည်ဌာနသို့သွား၍ (အိတ်)ရောင်ခြည်နှင့် အကုသခံရမည်ဟုဆို၏။ ထိုရက် ၂၀-နေ့ ကျော်လျှင်မူ ကွန်နက်တီကတ်ရှိ ကျွန်တော်တို့ နွေရာသီ အနားယူတတ်သော အိမ်သို့ သွားခွင့်ပေးမည်။ ထိုအိမ်နှင့် ကျွန်တော်တို့ နယူးယောက်မြို့ရှိ အိမ်မှာ မိုင်တစ်ရာခန့်ဝေး၏။

(အိတ်) ရောင်ခြည်ဖြင့် အကုသခံရသည်မှာ မသက်သာလှ၊ ဂျွန်နီကို အလွန်းအားနည်းသွားစေ၏။ တစ်ခါတစ်ရံ ကားပေါ်သို့ပင် လမ်းလျှောက် မတက်နိုင်တော့။ အကျိတ်မှာ(အိတ်)ရောင်ခြည်ကြောင့် သက်သာသွားမှု ရှိ၊ မရှိကိုလည်း မည်သို့မျှ မပြောနိုင်သေး။ ဆရာဝန်များက အချိန်စောသေးသည်ဟု ပြော၏။ သို့သော် ဇွန် ၂၀-ရက်နေ့ထက် ကျော်လွန်၍ (အိတ်) ရောင်ခြည်ဖြင့် အကုသခံရန်လည်း မသင့်ဟု ဆိုကြပြန်၏။

(အိတ်) ရောင်ခြည်မှာ အကျိတ်ကိုသာမဟုတ်။ အကျိတ်ပတ်ဝန်း



BURMESE CLASSIC .com

www.burmeseclassic.com


ကျင်ရှိ အစိတ်အပိုင်းများကိုပါ ပျက်စီးသွားနိုင်သည်။

ကင်ဆာ အကျိတ်အန္တရာယ်ပြုနိုင်သကဲ့သို့ ခန္ဓာကိုယ်ရှိ အရိုးအသား၊ အသွေးတို့ကိုလည်း (အိတ်) ရောင်ခြည်သည် အန္တရာယ်ပြုနိုင်၏။ ထို့ကြောင့် ဆရာဝန်များသည် ဦးနှောက်ကို ခွဲစိတ်၍ အကျိတ်ကို ထုတ်ယူရာတွင် မည်မျှအထိ ထုတ်ယူသင့်သည်ကို အသေအချာ ဆုံးဖြတ်ရသကဲ့သို့ (အိတ်)ရောင်ခြည်ဖြင့် အကုသခံရာတွင်လည်း မည်မျှအဆင့်ထိ (အိတ်)ရောင်ခြည်ကို သုံးသင့်သည်ကို အသေအချာ စဉ်းစား၍ ဆုံးဖြတ်ရ၏။ အိတ်ရောင်ခြည်သည် လူကို အကျိုးပြုနိုင်သလို အန္တရာယ်လည်း ပြုနိုင်၏။

(အိတ်)ရောင်ခြည်ကုသခန်းသို့ ဂျွန်နီ့ကို လိုက်ပို့ပေးရသည့်နေ့များမှာ အလွန်စိတ်မချမ်းမြေ့ဖွယ်နေ့များဖြစ်သည်။

ရှုပ်ထွေးနေသော လမ်းမကြီးပေါ်တွင် ကားကို အထူးဂရုစိုက် မောင်းရ၏။

ဆေးရုံရောက်လျှင် (အိတ်)ရောင်ခြည်ခန်းကို တွဲခေါ်သွားရ၏။ ခေါင်းမှ ပတ်တီးကို သူနာပြုဆရာမလေးက ဂရုတစိုက်ဖြေပြီး မျက်စိဖြင့် မမြင်ရသောရောင်ခြည်များနှင့် ကုသစေ၏။

ဇွန် ၂၀ ရက်နေ့ ကျော်ခဲ့လေပြီ။

ဂျွန်နီ့ အခြေအနေမှာ ထူးခြားပုံမရ။

ကောင်းလာသည်ဟုလည်း မပြောနိုင်။

ဆိုးလာသည်ဟုလည်း မပြောနိုင်။

ဒေါက်တာပတ်နင်ကမူ ဂျွန်နီကိုမူ လုံးဝ နားစေလိုက်။ ဘာအလုပ်မှ မလုပ်စေချင်။ တစ်ခုခုလုပ်လျှင် ဂျွန်နီ့ခေါင်းကို မတော်တဆ ထိခိုက်မိမည်စိုး၏။

ထို့ကြောင့်လည်း ဖရန့်က ဂျွန်နီ့ကို စာများများ မဖတ်ရန်


BURMESE CLASSIC .com

www.burmeseclassic.com


လှုပ်ရှားမှုများများ မလုပ်ရန် အကြံပေး၏။

ခက်သည်။

ဖရန့်နှင့် ကျွန်တော်မှာ တစ်ချိန်တည်းတွင် ဂျွန်နီကို ရင်ထဲတွင်လည်း ချုပ်ချယ်ထားမှုများကြောင့် မထိခိုက်သွားစေချင်။

ဂျွန်နီသည် အလွန်စာဖတ်နေချင်သူ ဖြစ်၏။ ဆေးရုံမှ အိမ်ပြန်ရောက်သည့် နေ့တွင်ပင် ကျွန်တော့်စာအုပ်စင်မှ ဦးနှောက်အကျိတ်ပေါက်ရောဂါအကြောင်း ရေးသားထားသော စာအုပ်များကို ယူဖတ်၏။

အစက ကျွန်တော် ထိုစာအုပ်များကို ပြန်သိမ်းရန် စိတ်ကူး၏။ သို့သော် လက်တွေ့မလုပ်ဖြစ်။

ဂျွန်နီကလည်း ကြာကြာဆက်မဖတ်ပါ။

နှစ်ရက်ခန့်သာဖတ်ပြီး စာအုပ်များကို စာအုပ်စင် ပြန်ထားလိုက်၏။

သူ့မျက်လုံးများ အားပင်နည်းသွား၍လား၊ သူ့ရောဂါအကြောင်းပင် ဆက်မသိလို၍လား ကျွန်တော် မပြောတတ်။ အကျိတ်ကြောင့် သူ မြင်နိုင်စွမ်းအားမှာ အချိန်မရွေး ပျော်ကွယ်သွားနိုင်သည်။

ဤအဖြစ်ကို ဂျွန်နီလည်း သိ၏။

ဂျွန်နီ၏ ခြေတစ်ဘက်နှင့် လက်တစ်ဘက်တို့၏ အားနည်းမှုမှာ တဖြည်းဖြည်းချင်း ပို၍ ဆိုးလာသည်။ ဤသို့ ပိုဆိုးလာခြင်းမှာ အကျိတ်ကြောင့်ပင်လား (အိတ်) ရောင်ခြည်ဒဏ်ခံထားရသည့် အရှိန်ကြောင့်ပင်လား ဆရာဝန်များပင် မပြောနိုင်။

ထိုအချိန်ရောက်မှပင် ဦးနှောက်အကျိတ်ရောဂါနှင့် ပတ်သက်၍ သိလိုသော မေးခွန်းများ ဆရာဝန်များကို တစ်ခုပြီးတစ်ခု မေးမိ၏။

ဂျွန်နီ မျက်လုံးများ မကြာခင် ဘာဖြစ်လာနိုင်သလဲ။

သူ့လက်ချောင်းလေးများ၏ အားနည်းမှုကို မည်သည့်ကုသမှုမှ


BURMESE CLASSIC .com

www.burmeseclassic.com


မလုပ်နိုင်တော့ဘူးလား။

အကယ်၍ ဦးနှောက်ထဲ၌ ဖိအား ရုတ်တရက် တိုးလာလျှင် ဌွန်နီ ဘာဖြစ်သွားနိုင်လဲ။

(အိတ်)ရောင်ခြည်ဖြင့် ကုသခြင်းမှာ အဆုံးသတ်သွားပြီလား။

နောက်ထပ် ဆက်ကုနိုင်သည့် ကုထုံးနည်းသစ်များ ရှိပါသေးလား။

ဆရာဝန်တိုင်းပင် ကျွန်တော်တို့ကို ကူညီချင်ရှာကြသည်။ မေးသမျှ အမေးများကိုလည်း ကြိုးစားဖြေရှာကြ၏။

သို့သော် အဖြေများမှာ တစ်ဦးနှင့်တစ်ဦး မတူ။

ညှိ၍လည်းမရ။

ကျွန်တော်နှင့် ဖရန့်မှာ ဌွန်နီ၏ အနာဂတ်ကို မျှော်လင့်ချက်ထားလှ၏။

မှန်သည်။

ဌွန်နီ၏ အနာဂတ်ကို ရေရေရာရာ မြင်ချင်သည်။

ခက်သည်။

မျှော်လင့်ချင်သော ကျွန်တော်တို့အဖို့ ရင်ဆိုင်နေရသော ပြဿနာအားလုံးမှာ ဘာမှ မရေရာ။ ထိုမရေရာမှုမှာ ဒီနေ့မှ မနက်ဖြန်ကို မဆိုထားဘိ။ ဒီတစ်နာရီမှ နောက်တစ်နာရီကိုပင် မသေချာ။

ခက်ရလေပြီ။

၁၉၄၆-ခုနှစ် ထိုနွေတစ်နွေလုံး၏ ဖြစ်ရပ်မှာ ကျွန်တော့်ရင်တွင် ဘာမှ ရှင်းလင်းခြင်း မရှိတော့။ ဖြစ်ရပ်အားလုံးမှာ တစ်ခါတစ်ခါ ထပ်နေသလိုလည်း ထင်မိ၏။

မှန်သည်။

ကွန်နတီကတ်ရှိ နွေရာသီတွင် အမြဲနေတတ်သော အိမ်သို့


BURMESE CLASSIC .com

www.burmeseclassic.com


ရောက်သောအခါ၌လည်း ကြာကြာမနေနိုင်။ ဂျွန်နီ့ရောဂါအခြေအနေမှာ နယူးယောက်ရှိ ဆရာဝန်များကို ဆယ်ရက်တစ်ကြိမ် ပြနေရသဖြင့် နယူးယောက်နှင့် ကွန်နက်တီကတ်သွားလိုက်ပြန်လိုက် လုပ်နေရ၏။ ဆေးရုံသို့လာတိုင်း ဆေးရုံမှ ပြန်တိုင်း ကျွန်တော့်ရင်တွင် အဘယ်သို့ ခံစားခဲ့ရသည်ကို ကျွန်တော် မရေးပြလိုတော့။ ထိတ်လန့်ခြင်း၊ ပူဆွေးခြင်းနှင့် နာကျည်းခြင်းများမှာ ကျွန်တော့်ရင်တွင် အမြဲ တလှပ်လှပ်ဖြစ်နေသည်။

ကွန်နက်တီကတ်ပြည်နယ် မေဒင်ဆင်ရှိ ကျွန်တော်တို့ အိမ်ငယ်လေးမှာ အနားယူရန် အလွန်ကောင်းသော အိမ်လေးဖြစ်၏။

ပင်လယ်ကမ်းခြေနှင့်လည်း မဝေးလှ။

နေထိုင်မကောင်း ဖြစ်နေသူ တစ်ဦးအတွက် အနားယူရန် အကောင်းဆုံးနေရာပင်။

ဂျွန်နီ့ကို ပင်လယ်ပြင် မြင်ရသော အခန်းကို ကျွန်တော်ရွှေ့ထားပေး၏။ ကမ်းခြေအနီးသို့လည်း ဖရန့်နှင့်အတူ သူတစ်ခါတစ်ရံ လျှောက်သွားသည်။ ထိုအိမ်လေးတွင် သူကြိုက်သောစာအုပ်မျိုးစုံရှိ၏။ အိမ်နှင့်မလှမ်းမကမ်း အဆောက်အအုံငယ်လေးတွင် ကျွန်တော်တို့ကားထား၏။ ထိုအဆောက်အအုံမှာ ဂျွန်နီ၏ အလုပ်ရုံဟုလည်း ဆိုနိုင်၏။ ထိုအလုပ်ရုံတွင် သူစိတ်ဝင်စားသော ဓာတုဗေဒပစ္စည်းများ၊ စက်အစိတ်အပိုင်းများ၊ ကျောက်များ၊ ရူပဗေဒ ပညာရပ်ဆိုင်ရာ ပစ္စည်းများ အစုံရှိ၏။

ဂျွန်နီ့ကြည့်ရသည်မှာ ဤအိမ်ငယ်တွင် နေရသည်ကို အလွန်စိတ်ချမ်းသာနေပုံရ၏။

ထိုနွေမှာ သူ့အတွက် အဖိုးတန်ဆုံး နွေပင်။

ထိုနွေ၏ နေ့ရက်များသာမဟုတ်။ နာရီစက္ကန့်တိုင်းကိုပင် သူ့


BURMESE CLASSIC .com

www.burmeseclassic.com


အတွက် တန်ဖိုးရှိလှ၏။

ဖရန့်မှာ ဂျွန်နီ့အနားမှ ခွာလေ့မရှိပါ။ ဂျွန်နီနှင့် အတူပင် အမြဲသူမ၏ အချိန်များကို ကုန်လွန်စေ၏။ ကျွန်တော်တို့ မိတ်ဆွေများကလည်း ထိုအိမ်သို့ အလည်ပတ်လာကြသည်။

ကျွန်တော့် ညီမလည်း မကြာခဏလာသည်။

ဖရန့်အစ်ကိုလည်း မကြာခဏလာသည်။

ကျွန်တော်တို့ ထမင်းချက်မှာ ဂျပန်လူမျိုးတစ်ဦး ဖြစ်၏။ ဂျွန်နီကိုလည်း ချစ်ရှာသူဖြစ်၏။ သူသည် စားချင်စရာ အမျိုးမျိုးကိုသာ ချက်ပြုတ်တတ်သည်မဟုတ်။ ပန်းအမျိုးမျိုးကိုလည်း လှပစွာ၊ အနုပညာမြောက်စွာ ပြင်ဆင်တတ်သူဖြစ်၏။

ဂျွန်နီ့သူငယ်ချင်းများကိုလည်း ဂျွန်နီ့ထံ အလည်အပတ်လာရန် ကျွန်တော် စီစဉ်ပေး၏။ ဂျွန်နီသည် သူတို့အလည်လာကြသည့်အတွက် အလွန်ပျော်၏။ သို့သော် ထပ်အလည်လာရန်မူ သူခေါ်လေ့မရှိ။

သူ့ကို မေးကြည့်သောအခါ၌ ထိုသူငယ်ချင်းများနှင့်ရောၡ ကမ်းခြေတွင် ကစားနိုင်သည့် ကျန်းမာရေး သူ့တွင် မရှိသည့်အတွက် ဟုဆို၏။ သူသည် သူ့အတွက်တခြားလူများ၏အချိန်ကို မဖြုန်းစေချင်။

သူသည် ကျွန်တော်နှင့် ဖရန့်တို့၏ အနာဂတ်အတွက် ပြင်ဆင်ထားသော ပြင်ဆင်မှုများကိုလည်း သူ မမာမကျန်းဖြစ်နေသည့်အတွက် ပျက်မသွားစေချင်ပါ။ သူ့ဆေးကုသမှုအတွက် ကြီးမားသော ကုန်ကျစရိတ်များမှာလည်း သူ့ကို အမြဲစိတ်မချမ်းမြေ့ဖွယ် ဖြစ်နေစေသည်။

ကျွန်တော် ရေးလက်စ စာအုပ်အတွက်လည်း သူ့မှာပူနေရသည် အမော။

ကျွန်တော်သူ့အတွက် အလုပ်များပြီး ကျွန်တော်စာမရေးဖြစ်မည်ကို သူ အမြဲတွေးပူ၏။ တကယ်တော့ ကျွန်တော့်မှာလည်း စာကို ထင်သလို ဆက်မရေးဖြစ်။ ရေးလက်စ ''အမေရိကန် ပြည်ထောင်စု


BURMESE CLASSIC .com

www.burmeseclassic.com


အတွင်းဝယ်” စာအုပ်မှာ ယခု တစ်ဝက်ပင် မပြီးနိုင်သေး။ လာမည့် အောက်တိုဘာလ (၁) ရက်နေ့တွင် ဤစာမူကို ကျွန်တော်အပ်ရမည်ကို ဂျွန်နီသိ၏။ ထို့ကြောင့်လည်း ဆေးရုံတွင် သူရှိနေစဉ် ကျွန်တော်ရောက်လာတိုင်း သူ မေးခွန်းတစ်ခုကို အမြဲမေးတတ်သည်။

“ဖေဖေ ဒီနေ့စာ ဘယ်နှစ်ရွက် ဆက်ရေးဖြစ်သလဲ”

ဖရန့်လည်း ယခုမှ စာရေးဖြစ်နေသည်။

ဂျွန်နီ၏ ရောဂါ အခြေအနေကို အပြည့်အစုံ နေ့တိုင်း သူ မှတ်တမ်းတင်၏။ ဂျွန်နီကလည်း သူ့မဘေးမှ အမြဲ အကူညီပေး၏။

ဂျွန်နီ ဦးနှောက်မှ အကျိတ်ကြီးထွားမှုမှာ တန့်သွားပြီလား။

ကြီးထွားမြဲ ကြီးထွားဆဲလား။

ဤအဖြေမှာ ဖရန့်နှင့် ကျွန်တော်တို့ကို အမြဲ ခြောက်လှန့်နေသော အမေးဖြစ်၏။

ကျွန်တော် ဂျွန်နီ့ကို ရှင်းပြသည်။

ဘဝနှင့်ဒုက္ခမှာ ခွဲ၍မရပါ။

ဘဝဖြစ်လာလျှင် ဒုက္ခမှာ အစိတ်အပိုင်း တစ်ခုအဖြစ် တွဲပါနေမည်ဖြစ်၏။ ဒုက္ခဆိုးတစ်ခုကို တွေ့ရတိုင်း ကိုယ့်ဘဝကို ဆိုးလှပြီဟု မဆို နိုင်ပုံကို သူ့ကို ရှင်းပြ၏။

သူယုံပုံမရ။

တစ်ချိန်တည်းတွင် မေးခွန်းတစ်ခုမှာ ကျွန်တော့်ရင်ထဲတွင် အမြဲ ပေါ်နေသည်။

ဂျွန်နီ့အကျိတ်မှာ ဂျွန်နီ့တစ်ကိုယ်လုံးတွင် တန်ဖိုးအရှိဆုံးဖြစ်သော ဦးနှောက်တွင်မှာ ဘာကြောင့် ဖြစ်ရသလဲ။

ဒီအဖြေကို ဘယ်သူ သိနိုင်မလဲ။

ဒီဝမ်းနည်းဖွယ် ဖြစ်ရပ်ကြီး ဖြစ်ခဲ့ရသော ရည်ရွယ်ချက်တစ်ခုနှင့်


BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်လာတာလား။

ရည်ရွယ်ချက် မရှိဘဲ ဖြစ်ခဲ့တာလား။

ရည်ရွယ်ချက်ရှိခဲ့လျှင် ဒီရည်ရွယ်ချက်ဟာ တရားပါသလား။

ဤမေးခွန်းများမှာ ဘုရားသခင်ကို မေးသင့်သော အမေးများဟု ကျွန်တော်ထင်၏။

တစ်ခါက ဂျွန်နီ ကျွန်တော့်ကိုပြောသည်။

"ဖေဖေရယ် ဒီအဖြစ်တွေကို သိပ်ပြီး တွေးရင် သိပ်ပြီးနာကျည်းရတယ်။ ဘာမှမတွေးရင် ဘာမှ မနာကျည်းရတော့ဘူး"

တကယ်တော့ ဤစကားများမှာ မကြာမီ ဂျွန်နီ ရင်ဆိုင်ရတော့မည့် သေခြင်းနှင့် ရှင်ခြင်း ရန်းကန်မှု အားပြိုင်ပွဲအတွက် ဂျွန်နီပြင်ဆင်နေခြင်း ဖြစ်သည်ကို ကျွန်တော် ကြိုမတွေးမိခဲ့။

အန္တရာယ်ဟောင်းတစ်ခုလွန်လျှင် အန္တရာယ်သစ်တစ်ခုမှာ နောက်မှ အမြဲလိုက်နေသည်။

ခွဲစိတ်ခံထားရသော ဂျွန်နီ့ ခေါင်းပိုင်း၏ ဦးရေမှာ တဖြည်းဖြည်းရောင်ကိုင်း၍ လာပြန်ချေပြီ။ မကြာမီ အလုံးလေးတစ်ခုအဖြစ်ပင် ဖု၍လာ၏။

"အို…ဒါ(အိတ်) ရောင်ခြည်နှင့်ကုထားတဲ့ အရှိန်ကြောင့် ဖြစ်လာတာပါ။ ဘာမှကြောက်စရာ မလိုပါဘူး"

ဖရန့်၏ အားပေးသော စကားဖြစ်၏။

ဂျွန်နီကလည်း ဘာမှ အငြင်းမပွား။

သို့သော် စိုးရိမ်စရာ ဖြစ်ရပ်တစ်ခုက နောက်မှ ကပ်လိုက်ခဲ့ပြန်သည်။

ဂျွန်နီ့ပါးစပ် ဘယ်ဘက်အပိုင်းမှာ ညာဘက် အပိုင်းထက် နိမ့်ကျနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com


ဥျန်နီ့မျက်စိမှာလည်း ကောင်းစွာ မြင်နိုင်အား မရှိတော့။ သူ့ရှေ့တည့်တည့် အရာဝတ္ထုများကိုသာ ကြည့်၍မြင်၏။ သူရှိသင့်သော မြင်ကွင်း၏ ဘယ်ဘက်နှင့် ညာဘက်များကို ဘာမှကြည့်၍မမြင်။

နွေလများဖြစ်သော ဇူလိုင်နှင့် ဩဂုတ်လများမှာ နယူးယောက်မြို့တွင် လူနာများရှိဟန်မတူပါ။ တစ်မြို့လုံးလိုလိုပင် မြို့ပြင်ထွက်နေကြ၏။ သမားတော်ကြီး ဒေါက်တာပတ်နင်သည်လည်းကောင်း၊ သူ့လက်ထောက် ဒေါက်တာမောက်သည် လည်းကောင်း နယူးယောက်တွင် တစ်ယောက်မှမရှိကြ။

ဇူလိုင်လ ၁၂-ရက်နေ့တွင် ကျွန်တော် ဒေါက်တာထနာဂျာကို ရှာခေါ်၍ ဥျန်နီ၏ ရောဂါအခြေအနေကိုပြ၏။ ဒေါက်တာထနာဂျာက ဥျန်နီ့ခေါင်းမှ ရောင်နေသောနေရာကို စစ်ဆေးကြည့်ပြီး ဒေါက်တာပတ်နင်၏ နေရာကို ခေတ္တတာဝန်ယူနေသော ဒေါက်တာ မေဆင်ကို ပြကြည့်ရန် အကြံပေး၏။

ဒေါက်တာမေဆင်က ဥျန်နီကို စစ်ဆေးကြည့်ပြီးသည်နှင့် ဥျန်နီမှာ နှစ်လ သုံးလထက်ပိုပြီး အသက်ရှင်နေနိုင်ရန်မရှိတော့ဟု ကျွန်တော့်ကို အပြတ်ပြော၏။ ဥျန်နီ့ဦးနှောက်အတွင်း ရှိနေသော အကျိတ်မှာ ပြန်ကြီးထွားလာပြီး ယခု ပန်းသီးအရွယ်သို့ပင် ရောက်နေပြီဟုဆို၏။

ဇူလိုင်လ ၁၇-ရက်နေ့တွင်ဖြစ်၏။

မေဒီဆင်မြို့ရှိအိမ်မှ ဖရန့် ကျွန်တော့်ထံ ဖုန်းဆက်လာသည်။ ဥျန်နီ့ခေါင်းမှ ရောင်နေသော အဖုနေရာတွင် အလိုအလျောက်ပေါက်ပြီး ဖြူဝါရောင်အရည်များ ထွက်လာသည်တဲ့။

ထိုနေ့မှစ၍ ဥျန်နီ မကွယ်လွန်မီ တစ်လအလိုအထိ နေ့စဉ် ပတ်တီးဖြည်ပြီး ထိုအရည်များကို သန့်ရှင်းပစ်ရ၏။ မသန့်ရှင်းရသည့် နေ့မရှိ။


BURMESE CLASSIC .com

ဂျွန်နီကလည်း သတ္တိရှိစွာ ငြိမ်၍ခံ၏။

တကယ်တော့ ထိုရောင်၍ ဖုနေသော နေရာမှ ပေါက်ပြီး အရည်များထွက်လာသည့် ဖြစ်ရပ်မှာ အန္တရာယ်ပြုနိုင်သော ဖြစ်ရပ် မဟုတ်ပါ။ သို့သော် မေဒီဆင်မြို့တွင် ဂျွန်နီကို ကုသပေးနေသော ဆရာဝန်က ဂျွန်နီ့ကို သောက်ဆေးများ ပေး၏။ ထိုပေါက်သွားသော အနာ မရင်းရန်နှင့် ခေါင်းတွင်နောက်ထပ်အဖုသစ်များ မပေါ်လာစေရန် အတွက်ဟုဆို၏။

အဖုသစ် မပေါ်ရန်အတွက် ကျွန်တော်နှင့် ဖရန့်မှာ ဆုတောင်း ကြရပြန်ချေပြီ။ သို့သော် ဆုတောင်းမပြည့်။ နေရာသစ်တစ်ခုတွင် ရောင်ကိုင်းနေသော အဖုသစ်တစ်ခု ပေါ်လာပြန်သည်။

ဇူလိုင်လ ၂၄-ရက်နေ့တွင်ဖြစ်၏။

ကျွန်တော် နယူးယောက်မှ မေဒီဆင်ကို အရေးပေါ်လိုက်သွား သည်။

ဂျွန်နီကို မြင်ရသည်မှာ အထူးဘာမှ တုန်လှုပ်ပုံမရ။ သူ့လုပ် လက်စအလုပ်များကို အကုန်ရပ်ပြီး ပြန်အနားယူလိုက်ရသည့်အတွက် သာ စိတ်မကောင်းဖြစ်ပုံရ၏။

ဂျွန်နီကို ဆေးရုံပြန်တင်လိုက်ရပြန်ပြီ။

ဖရန့်က ဂျွန်နီ့ကို တစ်ပတ်လောက်သာ အများဆုံးနေရမည်ဟု အားပေး၏။ သို့သော် ဂျွန်နီက ယုံပုံမရ။

"သား ဒီပြန်ရောက်ရင်တော့ သူတို့သားကို ပြန်လွှတ်ကြဦး မှာ မဟုတ်ပါဘူး"

ထိုအချိန်တွင် ကနေဒါနိုင်ငံ မွန်တီရယ်မြို့မှ ဆရာဝန်ကြီး တစ်ဦးအကြောင်းကို ကျွန်တော်တို့ ကြားသည်။ ဦးနှောက်အကျိတ်ပေါက် ရောဂါ အထူးကုဆရာဝန်ကြီးဖြစ်၏။ ဒေါက်တာ ပင်ဖီးဆိုသူဖြစ်၏။

www.burmeseclassic.com


မိတ်ဆွေ အများကပင် ထိုဆရာဝန်ကြီးကို ပြသင့်သည်ဟု ကျွန်တော်တို့ကို အကြံပေး၏။

ကျွန်တော် အမျိုးမျိုး ကြိုးစားရပြန်ချေပြီ။

ဒေါက်တာ ထနာဂျာက နယူးယောက်မှ မွန်တီရယ်ကို ဖုန်းဆက်ပေး၏။ ဆရာဝန်ကြီးကလည်း နယူးယောက်ကို ဆင်းလာပြီး ဂျွန်နီကို စစ်ဆေးပေးရန် သဘောတူ၏။

ဆရာဝန်ကြီး ဒေါက်တာ ပင်ဖီး ရောက်လာသောအခါ၌ ဆေးရုံရှိ ဆရာဝန်အားလုံး အမူအရာ ပြောင်းလဲသွားသလိုရှိ၏။ စောစောက အားလျှော့ထားသလိုရှိရာမှ ဂျွန်နီ့ကို ကုသရန် ပို၍ အားသန်လာကြပြန်၏။ ဆရာဝန်ကြီး ဒေါက်တာ ပတ်နင်လည်း ဆရာဝန်ကြီး ဒေါက်တာ ပင်ဖီး ရောက်လာသည်ဟု ကြားလျှင် နယူးယောက်ဆေးရုံကို ချက်ချင်း ပြန်လာ၏။ ဒေါက်တာပတ်နင်၊ ဒေါက်တာ ပင်ဖီးနှင့် ဒေါက်တာထနာဂျာတို့မှာ တစ်မနက်လုံးလုံး အချိန်ကြာမြင့်စွာ ထိုင်ဆွေးနွေးကြ၏။

ဒေါက်တာ ပင်ဖီးက ဂျွန်နီကို စစ်ဆေးပြီး ဂျွန်နီအခြေအနေမှာ သူကြားရသည့် အခြေအနေထက် မြင်ရသည့် အခြေအနေမှာ အများကြီးပိုကောင်းသည်ဟု ပြော၏။ ဂျွန်နီပြန်ပြောလိုက်သည့် စကားမှာ ဒေါက်တာ ပင်ဖီးကိုသာမဟုတ် ကျန်ဆရာဝန်အားလုံးကိုပင် အံ့ဩသွားစေ၏။

"ဆရာကြီး ကျွန်တော့်အခြေအနေကောင်းတာ၊ မကောင်းတာ ကျွန်တော် မသိချင်တော့ဘူး။ ကျွန်တော် ခံစားနေရတဲ့ရောဂါရဲ့ အန္တရာယ် ဘယ်လောက် ဆိုးတယ်ဆိုတာကိုပဲ သိချင်ပါတယ်"

ဒေါက်တာ ပင်ဖီးသည် ယခင်က ဂျွန်နီ့ ရောဂါစစ်ဆေးချက်မှတ်တမ်းအားလုံးကို စိတ်ရှည်စွာ ပြန်ဖတ်၏။ ဆရာဝန်များ၏ မှန်းဆချက်၊ ဆုံးဖြတ်ချက်အားလုံးကို ပြန်စစ်၏။ ဒေါက်တာ ပင်ဖီး၏


BURMESE CLASSIC .com

www.burmeseclassic.com


နောက်ဆုံးတွေ့ရှိချက်အဖြေကို စောင့်နေရသည့် ကျွန်တော်နှင့် ဖရန့်မှာ တရားသူကြီး၏ ဆုံးဖြတ်ချက်ကို ရင်တမမနှင့်စောင့်နေရသော အမှုသည်များကဲ့သို့ပင်ဖြစ်၏။

ဒေါက်တာ ပင်ဖီးနှင့် နောက်ဆုံးတွေ့ရလေပြီ။

"ကျွန်တော် စိတ်မကောင်းပါဘူးခင်ဗျာ၊ ဆရာ့သား အကျိတ်မျိုးဟာ ကုလို့မရနိုင်တဲ့အကျိတ်မျိုးပါ။ ဒီကလေး ဒီရောဂါနဲ့ပဲ ဆုံးမှာပါ"

ကျွန်တော်နှင့် ဖရန့် နောက်တစ်ပတ်လုံးလုံး ဂျွန်နီဆက်ပြီး ရင်ဆိုင်ရမည့် ဝေဒနာနှင့်ပတ်သက်၍ ဆရာဝန်များနှင့် ဆွေးနွေး၏။ ထိတ်လန့်စရာ ပူဆွေးစရာများမှာ ရှေ့တွင်အမြဲကြိုဆိုနေသလိုရှိ၏။

ဂျွန်နီကို နောက်တစ်ကြိမ် ခွဲစိတ်မှု ပြုပြီးလျှင် ဂျွန်နီ့ မျက်လုံးများမှာ မြင်နိုင်စွမ်းအားရှိတော့မည်မဟုတ်ဟုဆို၏။ သူတို့ပြောစကားအရ ဤအကျိတ်မျိုးအဖြစ်ခံရသည့်ဝေဒနာသည်မှာ သူ၏ တွေးနိုင်စွမ်းအား၊ လုပ်နိုင်စွမ်းအား၊ ထိန်းနိုင်စွမ်းအားများ တဖြည်းဖြည်းချင်း အကုန်ပျောက်ကုန်သည်ဟု ဆို၏။

ဂျွန်နီတွင် ယခု ဤစွမ်းအားများ တစ်ခုမှ မပျောက်သေး။ အံ့စရာ ဖြစ်၏။

နောက်လပေါင်းအတန်ကြာသည်အထိလည်း ထိုစွမ်းအား မပျောက်ခဲ့။ အတိအကျအားဖြင့် တစ်နှစ်နီးပါးခန့်ကြာသည် အထိပင် သူဆက် အသက်ရှင်သွားခဲ့၏။ တစ်ခါ သူသေသောအခါတွင်လည်း ကျားဟူသော အားအပြည့် မာန်အပြည့် သတ္တိအပြည့်နှင့်ပင် သေခြင်းတရားကို ရင်ဆိုင်သွားသည်။


BURMESE CLASSIC .com

www.burmeseclassic.com

(၄)

ကျန်နေ့ရက်များမှာ ဂျွန်နီ့ရောဂါကုထုံးသစ် ရှာကြံရင်းဖြင့်ပင် အချိန်ကုန်ခဲ့ရသည်။ မည်သို့ပင် သမားတော်ကြီးပင်ဖီးက ဂျွန်နီအတွက် မျှော်လင့်ချက်မရှိတော့ပြီဟု ဆိုစေကာမူ ကျွန်တော်တို့မှာ အားမလျှော့သေး။

ဖရန့်က တွေးသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း သိပ္ပံပညာရှင် တစ်ဦးဦးသည် ဦးနှောက်တွင် ဖြစ်တတ်သော အကျိတ်များ၏ လျှို့ဝှက်ချက်နှင့်ပတ်သက်၍ တွေ့ရှိမှု အသစ်အဆန်းများ ရှိကိုရှိရမည်။ ယင်းတွေ့ရှိမှုမှာ ကမ္ဘာကို မကြေညာသေးသဖြင့်သာ လူထုမသိကြသေးခြင်းဖြစ်ရမည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးရှိ ဒေသအနှံ့မှ ဆရာဝန်များထံ တစ်ဦးချင်း ဖုန်းဆက်၍ စုံစမ်းသည်။

သူတို့ကိုယ်တိုင်တွေ့ထားတာရှိသလား။

ကြားဖူးထားတာရှိသလား။

ထို့နောက် ကမ္ဘာအနှံ့သို့ပင် စာရေး၍ ကျွန်တော် စုံစမ်းပြန်သည်။ စုံစမ်းရာတွင် ဆေးပညာရှင်များကိုသာ စုံစမ်းသည်မဟုတ်။



BURMESE CLASSIC .com

www.burmeseclassic.com


ရုပဗေဒပညာရှင်၊ ဓာတုဗေဒပညာရှင်များလည်း ပါဝင်ကြသေး၏။ ပညာရှင်တိုင်းလိုလိုပင် ကျွန်တော့်ထံသို့ ကြိုးစား၍ စာပြန်ကြ၏။

မတွေ့ဘူးသေး။

မကြားဘူးသေး။

တွေ့လျှင် ချက်ချင်းအကြောင်းကြားမည်ဟူ၍သာ ဆိုကြ၏။

မျှော်လင့်စရာ သတင်းတစ်ခုမှ မကြားရ။

တစ်နေ့မနက်တွင် ဖရန့် သတင်းစာထဲ၌ သတင်းတစ်ခု ဖတ်လိုက်၏။ လူတို့တွင် ဖြစ်သော အကျိတ်ကို ဓာတုဗေဒပစ္စည်းသစ်တစ်ခုနှင့် စမ်းသပ်ကုကြည့်ရာ အောင်မြင်သည်ဟူသော သတင်းဖြစ်၏။ ထိုဓာတ်ပစ္စည်းသစ်မှာ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း တွေ့ရှိအသုံးပြုခဲ့သော ပစ္စည်းဖြစ်၏။ (အိတ်အင်တူး) ဟု ခေါ်သော ဓာတ်ပစ္စည်းဖြစ်၏။

အမေရိကန် ကြည်းတပ်မတော်မှ ဆရာဝန်များ၏ စူးစမ်းမှုအရ ကင်ဆာရောဂါဝေဒနာသည်များကို ဤဓာတုဗေဒပစ္စည်းဖြင့် ပျောက်အောင်ကုသပေးနိုင်ရန် ဖြစ်နိုင်သော အလားအလာရှိသည်ဟုဆို၏။ ဤ(အိတ်အင်တူး)ဓာတ်ပစ္စည်းများသည် သတ္တဝါတို့၏ ခန္ဓာကိုယ်အတွင်း၌ ဖြစ်သင့်သည်ထက် ပို၍လျင်မြန်စွာ ကြီးထွားနေသော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးပစ်သည်။ လူ့ခန္ဓာကိုယ်တွင်း၌ ကြီးထွားသင့်သည်ထက် ပို၍မကြီးထွားသော အကျိတ်မှာ လူကို အန္တရာယ်ပြုတော့မည်မဟုတ်။

ဤဓာတ်ပစ္စည်းသစ်အကြောင်းကို အဘယ်ကြောင့် ကမ္ဘာအနှံ့ ကျွန်တော် စုံစမ်းခဲ့သော သိပ္ပံပညာရှင် တစ်ဦးတစ်ယောက်မျှ မသိကြပါသနည်း။

တွေးစရာဖြစ်၏။

ယခု ဘာကြောင့် သတင်းစာထဲ၌ အတိအလင်း ပါလာရ


BURMESE CLASSIC .com

www.burmeseclassic.com


သနည်း။

သတင်းစာ၏ အဆိုအရ အိတ်အင်တူး ဓာတ်ပစ္စည်းသစ်ကို ဦးနှောက်နေရာမှလွဲ၍ အခြားနေရာများတွင် ဖြစ်သော အကျိတ်များကို ကုသရာတွင် စမ်းသပ်ကြည့်ရာ ထူးခြားချက်တွေ့ရသည်ဟု ဆိုထားပြန်၏။ လူ့ခန္ဓာကိုယ်ပေါ်ရှိ အခြား အကျိတ်များကို ထိရောက်မှုရှိလျှင် ဦးနှောက်တွင် ဖြစ်သော အကျိတ်ပေါ်တွင်လည်း အဘယ်ကြောင့် ထူးခြားမှုမရှိရမည်နည်း။

ဂျွန်နီအတွက် မျှော်လင့်စရာတစ်ခု ပေါ်ခဲ့ပြန်ချေပြီ။

မိတ်ဆွေအများ၏ အကူအညီဖြင့် (အိတ်အင်တူး)ကို ဖရန်နဲ့ ရအောင် ကြံ၏။ အမေရိကန်ပြည်ထောင်စုအတွင်း ဒေသအနှံ့တွင်ပင် အမျိုးမျိုးစုံစမ်း၏။

မတွေ့။

နောက်ဆုံးတွေ့လေပြီ။

နယူးယောက်ရှိ "မီမိုရီရယ်" ဆေးရုံတွင်ဖြစ်၏။ ထိုဆေးရုံရှိနေသော နေရာမှာ ကျွန်တော်တို့အိမ်မှ လမ်းလျှောက်သွားလျှင်ပင် ဆယ်မိနစ် ခရီးထက် ပိုမဝေးပါ။

(အိတ်အင်တူး)ကို သုံး၍ ဂျွန်နီ့ကို ကုသင့်မသင့်ကို ကျွန်တော်နှင့် ဖရန်နဲ့ ဆရာဝန်အများနှင့်ပင် ဆွေးနွေး၏။ အကျော်ကြားဆုံး ဆရာဝန်ကြီးတစ်ဦးက–

"ကျွန်တော်ကတော့ ကျွန်တော့်သားဆိုရင် ကုမယ်။ ကုကြည့်လို့ ကိုယ့်အတွက် ဘာအရှုံးပေါ်စရာမှရှိတာမဟုတ်ဘဲ"

ကျွန်တော် "မီမိုရီရယ်" ဆေးရုံမှ ဒေါက်တာ ကားဗားနှင့် သွားတွေ့၏။ ဒေါက်တာ ကားဗားက ဒေါက်တာ ဗာချီနယ်ဆိုသူနှင့် သွားတွေ့ရန် အကြံပေး၏။ ဒေါက်တာ ဗာချီနယ်မှာ (အိတ်အင်တူး)


BURMESE CLASSIC .com

www.burmeseclassic.com



ဓာတ်ပစ္စည်းများကို သုတေသန လုပ်နေသော လူငယ်ပညာရှင်တစ်ဦး ဖြစ်၏။

ဒေါက်တာ ဗာချီနယ်မှာလည်း စိတ်ကောင်းရှိသူ ဆရာဝန်တစ်ဦး ပင်ဖြစ်၏။ ကျွန်တော့်ကို တက်ကြွစွာ အကူအညီပေးပြီး ကျွန်တော် နှင့်အတူလိုက်၍ ဂျွန်နီ တက်နေသော ဆေးရုံမှ ဒေါက်တာ မောက်နှင့် တွေ့၏။ ဆွေးနွေး၏။

မတူသော ဆေးရုံနှစ်ရုံမှ ဆရာဝန်များကို ပေါင်း၍ လူနာတစ် ယောက်တည်းကို ကုသစေသော အလုပ်မှာလွယ်သည်မဟုတ်။ ဆေးရုံ နှစ်ခုလုံးမှ ဆရာဝန်များကို စိတ်ထားပြည့်၍သာ အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့ခြင်းဖြစ်၏။

ဒေါက်တာ ကားဗားနှင့်တွေ့ပြီး ၂၄-နာရီ အတွင်းပင် ဂျွန်နီကို (အိတ်အင်တူး) ပေး၍ကုသ၏။

ဂျွန်နီ့အတွက် အချိန်မှာ အလွန်အရေးကြီးနေ၏။ ထို့ကြောင့် (အိတ်အင်တူး) များကို ဆေးရုံတစ်ရုံ ကျွန်တော်ကိုယ်တိုင် သယ်ယူသွားပေး၏။

ကုသစအချိန်တွင် ဂျွန်နီ့ကို မြင်ရသည်မှာ ဘာမှ မျှော်လင့်စရာ မရှိတော့သလို ဖြစ်၏။

သူ့ရင်ထဲတွင် အဘယ်သို့ ဝေဒနာခံစားနေရသည် မသိပါ။ ညည်းညူခြင်းလည်း မရှိ။ ဆရာဝန်များပေးသမျှ အမိန့်ကို ငြိမ်၍နာခံ ၏။

တစ်နေ့မနက် ကျွန်တော့်ကို ဂျွန်နီပြောသည်။

"ဖေဖေ ကျွန်တော့်ဘဝမှာ စိတ်အဝင်စားဆုံးတွေဟာ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ စာရေးခြင်းနဲ့ ဟင်းချက်ခြင်းတွေပဲ၊ ဒီအလုပ်တွေ ကို ကျွန်တော် ၁၆ နှစ်သားရောက်မှ တကယ်ထိထိရောက်ရောက် စလုပ်နိုင်တယ်"



BURMESE CLASSIC .com

www.burmeseclassic.com


သူ့ပြောဟန်မှာ တကယ် သူ့ရင်ထဲရှိသည့် အရှိကို ထုတ်ပြောနေဟန်ရှိ၏။

ဖရန့်မှာ သူမလာနေကျအတိုင်း နေ့စဉ်မွန်းတည့်ချိန်မှန်၏။

ဂျွန်နီ သူ့အခန်းထဲတွင်မရှိ။ ဆေးရုံပန်းခြံအတွင်း ရောက်နေ၏။ ဖရန့်က ဂျွန်နီရှိရာသို့ ပြေးလိုက်သွား၏။

"သား ခု ဒီရောက်မှ လွတ်လပ်သွားသလိုပဲ"

သူ့မျက်နှာမှာ ရွှင်လန်းနေ၏။

ဖရန့် မျက်နှာမှာ စိုးရိမ်မှုများနှင့် ပြည့်နေ၏။

ဂျွန်နီမှာ သူ့မျက်နှာကို ဖရန့်ကိုတွေ့တိုင်း အမြဲရွှင်လန်းစွာထားတတ်၏။

ထိုအချိန်တွင်လည်း ဂျွန်နီမှာ တည်ငြိမ်စွာ ဆရာဝန်များကို စကားပြောနိုင်ဆဲဖြစ်၏။

"ကျွန်တော့်ရောဂါဟာ ဆေးပညာ လောကမှာ သမိုင်းတင်မယ့်ရောဂါနဲ့တူတယ်"

သူပြောလေ့ရှိသောစကားဖြစ်၏။

သမားတော်ကြီး ဒေါက်တာပင်ဖီး တွေ့သွားပြီးစကမှ ဂျွန်နီမှာ တွေသွားသလို၊ ဝမ်းနည်းသွားသလိုရှိ၏။ စကားများများ မပြောတော့။ သူ့အခန်းတံခါးဝတွင် ရပ်ပြီး မျက်လုံးများပြူး၍ ငေးကြည့်နေတတ်၏။ အကူအညီ လိုနေသည့် မျက်နှာအနေအထားမျိုးကိုလည်း ဆောင်နေ၏။ မနက်နှင့် ညနေများတွင် သူဖုန်းဆက်သောအခါ၌လည်း သူ့အသံမှာ အားပျော့နေ၏။

ဦးနှောက်တွင် ဖြစ်နေသော အကျိတ်မှာ သူ့ခွန်အားများကို ယူလိုက်သလိုရှိ၏။

ဖရန့်က သူ့ကို လှုပ်ရှားမှုများ မလုပ်ရန် တားသောအခါ၌လည်း အတားမခံ။


BURMESE CLASSIC .com

www.burmeseclassic.com



"မေမေ သား အလုပ်တွေကိုတော့ သားလုပ်ရမှာပဲ"

ထိုအခါမျိုးတွင် သူ့အသံမှာ မာပြီး ကျယ်လောင်နေ၏။

တကယ်တော့ ဖရန့်၏နားလည်မှု ရှိတတ်ခြင်းနှင့် သတ္တိများ မပါလျှင် ထိုနွေထက် ကျော်၍ ဂျွန်နီ အသက်ရှင်ရန် မရှိပါ။

ဂျွန်နီ့ သတ္တိများကိုလည်း သူမပင် မွေးပေးခဲ့သလိုရှိ၏။

ဖရန့်ကလည်း သူမ ကိုယ်တိုင်နှင့် လူအများ၏ သေခြင်းတရားမှ လွတ်မြောက်ခဲ့ပုံများကို ဂျွန်နီ့ကို စိတ်ရှည်စွာ ပြန်ပြောပြ၏။

လိမ္မာစွာ အားသစ်လောင်းပေး၏။

ဝေဒနာအပေါ်၌ သောကများလွန်းခြင်း မရှိအောင် ဝေဒနာ ပြင်းထန်ချိန်၌ ပြုံးတတ်အောင် သင်ကြားပေး၏။

ကမ္ဘာ့တွေးခေါ် ပညာရှင်ကြီးများ၏ စာအုပ်များမှ ဂျွန်နီသိသင့် သောအချက်များကို ရှာ၍ ဖတ်ပြ၏။

ဖရန့်၏ ဤပါးနပ်လိမ်မာမှုများကြောင့်ပင် ဖြစ်နိုင်သည်။

ဂျွန်နီသည် အဖေနှင့် အမေပေါ်၌ ဆက်ဆံပုံမတူ။

ကျွန်တော့်ကိုတွေ့လျှင် ချမ်းမြေ့ဖွယ် အကြောင်းအရာများကိုသာ ပြော၏။

စိတ်မချမ်းမြေ့ဖွယ်များ ဘယ်အခါမှ မပြော။

သူ့ရင်တွင်းရှိသော ကြေကွဲဖွယ် သေခြင်းတရားအကြောင်းကို ဖရန့်ကိုသာ ပြောသည်။

ဖရန့်ကိုသာ ဆွေးနွေးသည်။

□ □ □

ဂျွန်နီကို (အိတ်အင်တူး) ဓာတ်ပစ္စည်းနှင့် ကုသခြင်းကို



BURMESE CLASSIC .com

www.burmeseclassic.com


ဩဂုတ်လ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း ပြုလုပ်ခဲ့သည်။

ယခင်က တစ်ကြိမ်တစ်ခါမှ (အိတ်အင်တူး) ကို ဦးနှောက်အကျိတ်ပေါက်ရောဂါတွင် မသုံးခဲ့ဘူး။

လူနာကို ဤခာတ်ပစ္စည်းမှာ အစပိုင်းတွင် အားနည်းစေ၏။ ဂျွန်နီ့လက်မောင်းမှာ ဆေးအကြိမ်ကြိမ် အထိုးခံထားရသဖြင့် အပ်ရာလွတ်သော နေရာပင်မရှိတော့။ ထို့ကြောင့် ဆေးထိုးရန် အပ်ရာလွတ်သောနေရာကို ရှာရခြင်းမှာ နေ့စဉ်ပြဿနာဖြစ်၏။

(အိတ်အင်တူး) သုံး၍ ကုသစက ဂျွန်နီမှာ လုံး၀ အစာမစားနိုင်။ နောက်မှ တဖြည်းဖြည်းပြန်စားနိုင်၏။

ဂျွန်နီကို (အိတ်အင်တူး) ပေးထားချိန်တွင် အထူးဂရုပြု၍ စောင့်ကြည့်ရ၏။ (အိတ်အင်တူး) မှာ လူ့သွေးကို အဆိပ်ဖြစ်စေနိုင်သည်ဟု ဆို၏။

ထို့ကြောင့်လည်း အခြားပြင်းသော ဆေးအမျိုးမျိုးကို တစ်ချိန်တည်းတွင် တွဲ၍ပေးရ၏။ ဂျွန်နီ့သွေးကို နေ့စဉ်ဖောက်စစ်၏။ သွေးထုတ်စဉ်ခံရသော ဝေဒနာမှာလည်း ဂျွန်နီ့အတွက် နေ့စဉ် ခံစားရသောဝေဒနာတစ်မျိုးဖြစ်နေ၏။

"ဖေဖေ သားသွေး ကောင်းရဲ့လား"

"ကောင်းပါတယ်"

"အန္တရာယ်ဖြစ်နိုင်တဲ့ အခြေအနေမျိုးရောက်လာရင် သားကို ချက်ချင်းပြောပါနော်"

သွေးလာဖောက်စဉ် ဂျွန်နီ ကျွန်တော့်ကို မကြာခဏ မေးတတ်သော အမေးဖြစ်၏။

အိတ်အင်တူး၏ အာနိသင်မှာ ဂျွန်နီအပေါ် ထူးခြားမှုရှိ၏။

သံသယဖြစ်စရာ အထူးမတွေ့ပါ။


BURMESE CLASSIC .com

www.burmeseclassic.com



ဂျွန်နီ့ ကျန်းမာရေးမှာ သိသိသာသာ ပိုကောင်းလာ၏။

ပိုပြီး အားရှိလာသလို လန်းလာသလိုလည်း ရှိ၏။

သို့သော် ရက်အနည်းငယ် ကြာလာသည်နှင့် ဤဓာတ်ပစ္စည်းများ အပေါ် သံသယဖြစ်စရာများ ပေါ်လာပြန်၏။ ကျွန်တော်တို့အား မပျော့ပါ။ ဆက်ကုသခံရန် ဆုံးဖြတ်ကြ၏။ ဩဂုတ်လကုန်သည်အထိ ပင် ဆက်ကုစေကြ၏။

ခက်နေသည်မှာ ဂျွန်နီ၏ ခေါင်းမှ အရေပြားများ အခြေအနေ မကောင်းသဖြင့် အိတ်ရောင်ခြည်ပေး၍ စူးစမ်းမှု မလုပ်နိုင်ခြင်းဖြစ်၏။ အိတ်ရောင်ခြည် မသုံးနိုင်သည့်အတွက် ဂျွန်နီအကျိတ်အခြေအနေ တိုးတက်မှု ရှိ၊ မရှိကို ကံသေကံမ မပြောနိုင်။ အပြင်ပန်းအားဖြင့် ဂျွန်နီ့ အခြေအနေမှာ ကောင်းလာနေသည်မှာတော့ အမှန်ဖြစ်၏။ ညနေပိုင်းများတွင် ဖရန့်နှင့်လည်းကောင်း၊ ကျွန်တော့်နှမ ဂျင်းနှင့် လည်းကောင်း မကြာခဏ စမ်း၍ လမ်းလျှောက်ထွက်တတ်၏။

ဂျွန်နီကို ဆေးရုံမှ ဆင်းခွင့်ပေးကြပြန်ပြီ။ ကျွန်တော်နှင့် ဖရန့် ပင် ပြန်ကြိုခဲ့ကြ၏။

“ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျာ၊ မကြာခင် ပြန်လာရဦးမှာပါ”

သူနာပြုဆရာမများကို ဂျွန်နီ နှုတ်ဆက်သံဖြစ်၏။ သူ့နှုတ်ဆက် ပုံမှာ အားလုံးအတွက် ထူးနေသည်။

နယူးယောက်မှ ထွက်ခဲ့ကြပြီး မေဒီဆင်မြို့ အိမ်ပြန်ရောက်သော အခါ၌ ဂျွန်နီ့အခြေအနေမှာ ပိုကောင်းလာ၏။ သူ၏ သတ္တိများနှင့် မေဒီဆင်၏ လတ်ဆတ်သော လေသန့်များကပင် ကုလိုက်ကြလေ သလား မပြောတတ်။

သူ ကျောင်းစာများကို ပြန်ဖတ်ရ၏။

ပုစ္ဆာများကို ပြန်တွက်ကြည့်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com


တစ်ခါတစ်ရံ သူ့ကို ကုသပေးသော ဆရာဝန်များ၏ နာမည်စာရင်းကို ရေးချကစား၏။ သူမှတ်မိသမျှ သူ့ဆွေမျိုးများ၏ အမည်များကို ပြန်ရေး၏။ သူ၏ မှတ်နိုင်စွမ်းအားမှာ ကျမသွားသေးပါ။

တစ်ညနေ နယူးယောက်အိမ်ရှိ ကျွန်တော့်ထံသို့ ဂျွန်နီ့ထံမှ စာတစ်စောင် ရောက်လာသည်။ သူ့အတွက် ဝယ်ပို့ပေးရန် ဓာတုဗေဒပစ္စည်းစာရင်းတစ်ခုတည်း တွဲပါလာ၏။ ကျွန်တော် ဓာတုဗေဒပစ္စည်းရောင်းဆိုင်တစ်ဆိုင်သို့ အမြန်သွားပြီး သူ့အတွက် ပစ္စည်းများဝယ်၏။ သူ့စာရင်းတွင် ရေခဲခြောက်ဟူ၍လည်း ပါ၏။ ရေခဲခြောက်ဟူသော အမည်ကို အမှတ်ရမှ ကျွန်တော်ပြန်သတိရ၏။ နယူးယောက်ဆေးရုံတွင် တက်နေရစဉ်ကပင် ဂျွန်နီ ကျွန်တော့်ကို ရေခဲခြောက် ဝယ်ပေးရန်မှာသော အကြိမ်ပေါင်း များလှလေပြီ။

ကျွန်တော် မဝယ်ပေးဖြစ်ခဲ့။

ကျွန်တော် ရေခဲခြောက်ဟူသည်ကို မြင်ပင် မမြင်ဘူးပါ။ သူပြောမှပင် ကြားဖူးခြင်းဖြစ်၏။ ဤရေခဲခြောက်ကို အသုံးချပြီး သူ ယခုနှစ်တစ်နှစ်လုံး အဖြေရှာရန်ခက်နေခဲ့သော ဓာတုဗေဒပညာ ပြဿနာတစ်ခုကို အဖြေရှာမည်ဟု ဆို၏။

ဂျွန်နီတွင် သူနှင့် အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးရှိ၏။ သူ့ဘဝအတွက် အရေးကြီးဆုံးပုဂ္ဂိုလ်ဟုလည်း ဆိုနိုင်၏။ ထိုပုဂ္ဂိုလ်မှာ ကျွန်တော်တို့ အိမ်နီးချင်းတစ်ဦးဖြစ်သော မစ္စတာ "ဝီဗာ" ဆိုသူဖြစ်၏။ မစ္စတာဝီဗာမှာ ဓာတုဗေဒ ပညာသင်ကျောင်းဆရာတစ်ဦးဖြစ်၏။ ဂျွန်နီ စူးစမ်းလိုသော ဓာတုဗေဒပညာလက်တွေ့ စူးစမ်းမှုများကို မစ္စတာဝီဗာက ကူညီလုပ်ကိုင်ပေးသည်။ ဂျွန်နီ့လက်ချောင်းလေးများမှာ အလွန်အားနည်းနေ၏။ လက်တွေ့စူးစမ်းမှုများကို သူစိတ်သွားတိုင်း သူ့ကိုယ်ပါ အောင်လုပ်၍မရ။


BURMESE CLASSIC .com

www.burmeseclassic.com



ရေခဲခြောက် သူ့ထံ ရောက်သွားပြီးနောက် ဂျွန်နီ တစ်နေ့လုံးလုံး ရှုပ်နေခဲ့သော ဓာတုဗေဒ ပြဿနာမှာ ရှင်းသွားခဲ့သည်ဟု ဆို၏။ ဂျွန်နီမှာ သူ့အောင်မြင်မှုအတွက် သူ အလွန်ကျေနပ်နေသည်။ ဂုဏ်ယူနေသည်။

ဖရန့် ကျွန်တော့်ထံ စာရေးလာသည်။ ဂျွန်နီသည် ထိုနေ့တွင် အလွန်ကျေနပ်နေသည်ဟုဆို၏။ သူ့မျက်လုံးများ အရောင်ပြန်တောက်လာသလိုရှိ၏။

"မေမေ ကျွန်တော် ဒီနေ့ ပျော်လိုက်တာ"

သူ ဖရန့်ကိုပြောသော စကားဖြစ်၏။

ဤနေ့မှာ ဝမ်းနည်းဖွယ် အကောင်းဆုံးနေ့ဟု ကျွန်တော်ပြောခဲ့လေပြီ။ သို့သော် ဤဝမ်းနည်းဖွယ် နေ့ရက်များတွင်ပင် ကြည်နူးခဲ့ရသော နေ့ရက်အချို့လည်း ရှိပါသည်။

မှန်သည်။

တစ်ခါတစ်ရံ ဂျွန်နီ၏နေထိုင်ပုံမှာ လူမမာနှင့်ပင် မတူတော့သဖြင့် သူ့ကို လူမမာအဖြစ်မှ မေ့ခဲ့ရသည်မျိုးလည်း ရှိ၏။

ဖရန့်၏ ပြောပြချက်အရ တစ်ညနေ မှောင်သည်အထိ ဂျွန်နီ အိမ်ပေါ် ပြန်မတက်သဖြင့် လိုက်သွားကြည့်ရာ ပင်လယ်မှ သူစုဆောင်းထားသော ကျောက်များကို စိတ်ဝင်စားစွာ ပြန်စီနေသည်ကို တွေ့ရသည်ဟုဆို၏။

သူ့မျက်နှာမြင်ရသည်မှာ ဝေဒနာကျန်ရှိသေးဟန် လုံးဝမရှိတော့။

တစ်ခါကလည်း မေဒီဆင်မြို့အိမ်၌ ပါတီတစ်ခုပေးစဉ် ဂျွန်နီ၏ ဝင်ရောက်ကူညီလုပ်ကိုင်ပေးနေပုံမှာ ဧည့်သည်အများပင် အံ့သြခဲ့ရ၏။

မှတ်မိသေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com


တစ်ညနေ ဂျွန်နီ့ကို စာရေးဆရာကြီး "လင်းလာဒါ"၏ ဟာသစာပိုဒ်များကို ကျွန်တော်ဖတ်၏။ ဂျွန်နီ သဘောကျလွန်းသဖြင့် အသံထွက်၍ ရယ်သည်မှာ သူ့မျက်လုံးမှ မျက်ရည်များ ထွက်လာသည်အထိ ဖြစ်၏။ ထိုအချိန်မျိုးများမှာ ထိုနေ့တွင် ကျွန်တော်တို့ ဘဝအတွက် အကြည်နူးရဆုံး အချိန်ပိုင်းများပင်။

ဂျွန်နီ ဆေးရုံမှ ဆင်းလာပြီးနောက် ဒီယားဖီးကျောင်းမှ ဂျွန်နီ၏ ဆရာဟောင်းများဖြစ်သော ဒေါက်တာဘိုဒင်နှင့် ဒေါက်တာဟေဒင်တို့ အလည်လာ၏။ ဂျွန်နီသည် သူ၏ ဆရာဟောင်းများနှင့် အချိန်ကြာမြင့်စွာ ထိုင်စကားပြော၏။ ဆရာနှစ်ဦးကလည်း စိတ်ရှည်စွာ ကျောင်းအခြေအနေများကို ရှင်းပြကြ၏။

ဂျွန်နီသည် သူ ကျောင်းတက်နိုင်တော့မည် မဟုတ်သည်ကို သိ၏။

သို့သော် သူသည် သူ့ကျောင်းအကြောင်းကို မတွေးဘဲလည်း မနေနိုင် ဖြစ်နေဟန်ရှိ၏။

ဆရာနှစ်ဦး အလည်လာခဲ့သည်မှာ ဂျွန်နီ့အတွက် ထူးခြားသော အကျိုးပြုမှုတစ်ခု ရှိသေး၏။

ဂျွန်နီသည် ကျောင်းမတက်နိုင်သော်လည်း အိမ်မှ လေ့လာနိုင်သည့် နည်းလမ်းများကို ဆွေးနွေး၏။ ဖရန့်၏ဒုက္ခမှာ ဂျွန်နီ့ကို စာကြည့်စားပွဲမှထပြီး စောစောအိပ်ရာဝင်ရန် ပြောရသည့် ပြဿနာဖြစ်၏။ ဂျွန်နီသည် တစ်ခါတစ်ရံ သူ့ရောဂါအကြောင်း ပြောပြီး ရယ်တတ်သေး၏။

ဩဂုတ်လ ၃၁-ရက်နေ့။

ထိုနေ့တွင် ဂျွန်နီ့ခေါင်းမှ အဖုလုံးတစ်ခုပေါက်ပြီး သွေးပုပ်များ ထွက်လာ၏။ ထိုအဖုပေါက်သည်နှင့် ဂျွန်နီမှာ ရတ်ခြည်း အားလျော့


BURMESE CLASSIC .com

www.burmeseclassic.com


သွားသလိုရှိ၏။

အခြေအနေမှာ မကောင်း။

သို့သော် ဤအဖုမပေါက်မီလေးတွင်ပင် ဂျွန်နီကို ဆက်ကုသရန်အတွက် ဖရန့်နှင့် ကျွန်တော့်မှာ အကြံသစ်တစ်ခု ရထားကြလေပြီ။ ဒေါက်တာ ဂါဆင်ဆိုသူနှင့်ပြပြီး ကုသခံရန် ဖြစ်၏။ ဒေါက်တာ ဂါဆင်၏ အကြောင်းကို ထိုနေ့မတိုင်မီ တစ်ပတ်ခန့်က ကျွန်တော်တို့ ကြားရသည်။ ဤပုဂ္ဂိုလ်မှာ ကင်ဆာနှင့် အဖုအကျိတ်များ ရောဂါကို ကုသရာတွင် ရုတ်တရက် နာမည်ကြီးလာသူဖြစ်၏။ သူ အောင်မြင်စွာ ကုသခဲ့သည့် အဖြစ်အပျက်အချို့ကိုလည်း ကျွန်တော်တို့ ကြားထား၏။ ဒေါက်တာဂါဆင်၏ ကုထုံးမှာ အစာနှင့် ကင်ဆာကို ကုသခြင်းဖြစ်၏။

ဒေါက်တာဂါဆင်၏ အလိုအရ အစာမှာ ဤရောဂါမျိုးကို ကုသရာတွင် အရေးပါဆုံးဖြစ်၏။

သို့သော် ဒေါက်တာဂါဆင်၏ ကုထုံးကို ဆရာဝန်အများကပင် မကြိုက်။ မယုံ။

ကျွန်တော်ကိုယ်တိုင်လည်း ဒေါက်တာဂါဆင်ကို အစကပင် အထင်မကြီးလှ။ ဦးနှောက်တွင် ဖြစ်တတ်သော အကျိတ်မျိုးကို ကုသဖူးသည့် အတွေ့အကြုံမရှိဟု ထင်၏။

မဟုတ်ပါ။

နောက်ပိုင်းတွင် ကျွန်တော်သိရသည်မှာ ဒေါက်တာဂါဆင်သည် ကမ္ဘာတွင် ထင်ရှားလှသော ဦးနှောက်နှင့် အာရုံကြောရောဂါကု သမားတော်ကြီး ဂျာမာန်လူမျိုး ဒေါက်တာ ဖိုစတာလက်အောက်တွင် အချိန်ကြာမြင့်စွာ အမှုထမ်းခဲ့ဖူးပြီး အတွေ့အကြုံများစွာ ရှိထားသူဟု ဆို၏။

ကျွန်တော် ဒေါက်တာ ဂါဆင်နှင့် သွားတွေ့၏။ ဒေါက်တာ


BURMESE CLASSIC .com

www.burmeseclassic.com


ဂါဆင်က သူ ကုခဲ့ဖူးသော 'ဂလီရီ' အမျိုးအစား ဦးနှောက် အကျိတ်များ၏ ဓာတ်ပုံနှင့် ရောဂါမှတ်တမ်းများကို ပြ၏။ အောင်မြင်စွာ ကုသခဲ့သည့် အဖြစ်အပျက်များကိုပင် တွေ့ရ၏။ သို့သော် ကျွန်တော့်မှာ သံသယ ရှိနေဆဲပင်ဖြစ်၏။ အစာတစ်မျိုးတည်းဖြင့် အလွန်ကုသရခက်ခဲလှသော ဦးနှောက်အကျိတ်ကို ကုသနိုင်သည်ကို ကျွန်တော် မည်သို့မှ မယုံနိုင်သေး။

ဒေါက်တာ ဂါဆင်၏ ပုံသဏ္ဍာန်မှာလည်း လူထူးလူဆန်း ဖြစ်၏။ လူတော်လူကောင်းဟု သိသော်လည်း ယုံရခက်သည့်ပုံမျိုးဖြစ်၏။ သူ့ကုထုံးအပေါ် သူ အမှန်တကယ် ယုံကြည်နေသည်ကိုမူ မည်သို့မှ သံသယရှိစရာ မရှိပါ။

ကျွန်တော်နှင့် ဖရန့် ကျွန်တော်တို့၏ မိသားစု ဆရာဝန်ကြီး ထရီဂျာနှင့် အချိန်ကြာမြင့်စွာ အမျိုးမျိုးဆွေးနွေးကြ၏။ အစပိုင်းတွင် ဒေါက်တာ ထရီဂျာမှာ ဒေါက်တာ ဂါဆင်၏စကားကို တစ်လုံးမှ မယုံ။ သို့သော် နောက်ဆုံးတွင်မူ ဂျွန်နီမှာ ယခု အလွန် အားနည်းနေပြီး ခေတ်မီ ကုထုံးကုနည်းများနှင့်လည်း စုံနေပြီဖြစ်၍ ယခု အစာဖြင့် အကုသခံရုံဖြင့် မည်သို့မှ ဘေးမဖြစ်နိုင်ဟု တွေးပြီး ဒေါက်တာ ဂါဆင်ထံ အကုသခံရန် သဘောတူလိုက်၏။

ကျွန်တော် မေဒီဆင်မြို့အိမ်တွင် တစ်လှည့် ပြန်နေ၏။

ကျွန်တော် ပြန်ရောက်နေစဉ် ဖရန့်သည် နယူးယောက်သို့ တက်သွားပြီး ဒေါက်တာဂါဆင်နှင့် သွားတွေ့၏။ သူ့လူနာဆောင်များကို လိုက်ကြည့်၏။ ဖရန့်ကိုယ်တိုင်လည်း ဒေါက်တာ ဂါဆင်ကို သဘောကျ၏။ ထို့ကြောင့်လည်း ဖုန်းဆက်ပြီး အကုသခံစေမည်၊ မခံစေမည်ကို ဆုံးဖြတ်ခိုင်း၏။

ကျွန်တော် အမျိုးမျိုး ပြန်တွေး၏။


BURMESE CLASSIC .com

www.burmeseclassic.com


စဉ်းစား၏။

ဂျွန်နီကို ယနေ့ မည်သည့်ဆရာဝန်မှ လက်မခံသေးသော ဒေါက်တာ ဂါဆင်၏ ကုထုံးနည်းသစ်ဖြင့် အကုသခံမည်လား၊ ယခု အတိုင်း ကြည့်ထားမည်လား။

ခေတ်သစ်ဆရာဝန်ကြီးအားလုံးကတော့ လက်လျှော့၍ ထားကြလေပြီ။

ယခုအချိန်တွင် ဒေါက်တာ ဂါဆင်ကုထုံးကို လက်ခံကု၍ ဘာမှ အကျိုးယုတ်စရာ မရှိတော့။ ထို့ကြောင့် ဒေါက်တာ ဂါဆင်ထံတွင်ပင် အကုသခံရန် အခိုင်အမာ ဆုံးဖြတ်လိုက်၏။

ထိုညနေ ညစာ စားနေကြစဉ် နယူးယောက်ကို ပြန်မည့်အကြောင်းနှင့် ဒေါက်တာ ဂါဆင်ထံတွင် အကုသခံရမည့်အကြောင်း ဂျွန်နီကို ကျွန်တော်ပြောလိုက်၏။ ဂျွန်နီ ရုတ်တရက် အထူးအံ့သြသွားရ၏။ စိတ်မချမ်းမသာ ဖြစ်သွားပုံလည်းရ၏။ ထိုသို့ သူ့မျက်နှာ ပျက်သွားသည်ကို ကျွန်တော် တစ်ခါမျှ မမြင်ခဲ့ဘူးပါ။

သူ ထမင်းစားပွဲမှထပြီး အပေါ်ထပ် ပြေးတက်သွား၏။ ထိုညတွင် သူ ငိုသည်ဟု နောက်မှ ကျွန်တော် သိရ၏။

ဘာကြောင့်ဟု ထင်ပါသနည်း။

အံ့စရာ ဖြစ်၏။

သူ တစ်နေ့က လုပ်ခဲ့သည့် ရေခဲခြောက်နှင့် စူးစမ်းမှုကဲ့သို့ သူ ကြံစည်ထားသော ဒုတိယအကြိမ် ဓာတုဗေဒလက်တွေ့စူးစမ်းမှု အစီအစဉ် ပျက်သွားခဲ့သည့်အတွက်ဟု ဆို၏။

သို့သော် နောက်တစ်နေ့မနက်တွင် သူ ပြန်၍ လန်းနေသည်ကို တွေ့ရပြန်၏။

ထိုအချိန်တွင် ကျွန်တော် ကြိတ်၍ တွေးလိုက်မိ၏။

www.burmeseclassic.com


ကျောင်းစာ အလွန်ခုံမင်သော ဂျွန်နီကို သူ တစ်သက်လုံး ကျောင်း ဘယ်အခါမှ တက်နိုင်တော့မည် မဟုတ်ဟုသည့် သတင်းဆိုး ကို ဘယ်သို့ ပြောရပ့်။

"သားကို ညက လုပ်ခဲ့မိတာတွေအတွက် စိတ်မဆိုးပါနဲ့နော်"

သူ့မျက်နှာလေးမှာ ပြုံးနေ၏။

သူ့လူပ်ရှားဟန်များမှာ သွက်လက်ပုံမရ။ အားယူ လှုပ်ရှားရ ဟန်များ ပေါ်နေ၏။ သို့သော် သူ အလုပ်လုပ်နေကျ အခန်းသို့ ဟန် မပျက် ထိန်းလျှောက်သွားသည်။ ဂျွန်နီသည် သူ့ကျောင်းအကြောင်း၊ သူ့ သိပ္ပံပညာများအကြောင်းမှလွဲ၍ အခြားအကြောင်း ပြောလေ့မရှိ။

စက်တင်ဘာလ (၇) ရက်နေ့။

ထိုနေ့တွင် ဖရန့်နယူးယောက်မှ မေဒီဆင်မြို့ အိမ်ပြန်ရောက် လာ၏။ ထိုနေ့ညနေတွင်ပင် ဂျွန်နီကို ဒေါက်တာ ဂါဆင်ထံ ကျွန်တော် တို့ လိုက်ပို့လိုက်၏။ ထိုညနေမှာ ပူလှ၏။ လမ်းတစ်လျှောက်လုံးမှာ လည်း အသံမျိုးစုံဖြင့် ဆူညံလှ၏။

ဂျွန်နီအတွက် တိုက်ပွဲတစ်ခု စရပြန်ချေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၅)

စက်တင်ဘာလတစ်လလုံးမှာ ဂျွန်နီ အခြေအနေမကောင်း။

ရောဂါ အမြဲဖိစီးပြီး အားနည်း၍ နေသည်။

သူ့သွေးအခြေအနေမှာလည်း ပို၍ ဆိုးလာသည်။

သူ့လက်နှင့် ကိုယ်ပေါ်တွင် အပြာကွက်ကြီးများ ပေါ်လာသည်။ တကယ်တော့ ကျွန်တော်နှင့် ဖရန့်မှာ ကြောက်သင့်သည်ထက် ပို၍ တွေးကြောက်နေကြခြင်း ဖြစ်၏။ ဆရာဝန်များက ဂျွန်နီ့ အခြေအနေ ထိုသို့ ပြောင်းလဲလာမည်ကို ကြို၍ပြောထားပါသည်။ အထူး ကြောက်စရာမလို။ ထိုသို့ ဖြစ်လာမည်မှာ ရှောင်၍ရမည် မဟုတ်။ ရင်ဆိုင်ရမည် ဖြစ်၏။ သို့သော် ကျွန်တော်နှင့် ဖရန့်မှာ ကြောက်မြဲ တွေးကြောက်နေပါသည်။

ဆရာဝန်များကပင် ဂျွန်နီကို ဒေါက်တာဂါဆင် ဆေးတိုက်ကို ပြောင်းအကုခံသည်ကို မကြိုက်။ ဆရာဝန်တစ်ဦးကမူ ဖြောင်းပင် ထုတ်ပြောသည်။ ဂျွန်နီမှာ တစ်ပတ်၊ နှစ်ပတ်ထက် ပိုအသက်ရှင်ရန် လမ်းမရှိဟု။ ဆရာတစ်ဦးကမူ ဂျွန်နီ ယခု ဖြစ်နေသကဲ့သို့ သွေး အဆိပ်တက်လာပြီးနောက် ဆက်အသက်ရှင်သောလူမျိုး မတွေ့ဘူးသေးဟု ပြော၏။

သို့သော် ထိုအပတ်အတွင်းမှာ ဂျွန်နီ့အခြေအနေမှာ ပြန်



BURMESE CLASSIC .com

www.burmeseclassic.com


သက်သာလာ၏။ သွေးအခြေအနေမှာ ဖြည်းဖြည်းချင်း ပြန်ကောင်းလာ၏။ သူ့လက်ပေါ်တွင် ဖြစ်နေသော အပြာကွက်ကြီးများမှာ ရုတ်ချည်းပင် ပြန်ပျောက်သွား၏။ သူ့ခေါင်းပေါ်မှ ရောင်ကိုင်းနေသော အဖုအလုံးကြီးမှာလည်း တဖြည်းဖြည်း ပြန်ချပ်သွား၏။

တစ်နေ့ ဒေါက်တာ ထရီဂျာနှင့် ကျွန်တော် ဒေါက်တာ ဂါဆင်နှင့် တွေ့ရန် အတူလျှောက်သွားကြ၏။

"ကျွန်တော်တို့ ဂျွန်နီကို ဆေးရုံတစ်ရုံ ပြန်တင်ပြီး အရင်နည်းတွေနဲ့ပဲ ပြန်ကုချင်တယ်။ သူ့အသက်ကို ခုကယ်နိုင်ဖို့က သွေးသစ်သွင်းပေးတဲ့နည်းတစ်နည်းပဲ ရှိတယ်လို့ ကျွန်တော် ထင်တယ်"

ကျွန်တော့်မှာ ဘာမှ ပြန်မပြောတတ်။ ဒေါက်တာ ထရီဂျာမှာ ကျွန်တော်တို့ မိသားစုနှင့် နှစ်ပေါင်းများစွာ ရင်းနှီးလာသော ဆရာဝန်ဖြစ်သဖြင့် သူ့ဆန္ဒအတိုင်း လိုက်လုပ်ရန် သဘောတူလိုက်၏။

သို့သော် ဒေါက်တာ ဂါဆင်နှင့် တွေ့သောအခါ ဒေါက်တာ ထရီဂျာသည် ကျွန်တော့်မျက်ကွယ်တွင် ဒေါက်တာ ဂါဆင်နှင့် အချိန်အကြာကြီး သွားဆွေးနွေး၏။ ထိုဆွေးနွေးပွဲ ပြီးသောအခါ၌ ...

"ကျွန်တော်တို့ ဂျွန်နီ့ကို ဆေးရုံ မပြောင်းသေးဘူး၊ ဒီမှာပဲ ဒေါက်တာ ဂါဆင်နည်းနဲ့ နောက် ၂၄ နာရီ ဆက်ကုကြည့်ဦးမယ်၊ ပြီးမှ ဆုံးဖြတ်ကြတာပေါ့"

ဒေါက်တာ ဂါဆင်က ဆက်၍ သူ ဂျွန်နီကို ဆက်ကုမည့် ကုထုံးကို ကျွန်တော်တို့ကို ရှင်းပြ၏။ ပထမဆုံး ယခု ပေးနေသော ဆေးများကို ရပ်ပစ်လိုက်တော့မည်ဟု ဆို၏။ သူ့အလိုအရ ဤဆေးများသည် ဂျွန်နီကို အကျိုးမပြု။ အန္တရာယ်သာ ပြုနေကြသည်ဟု ဆို၏။ နောက် ဒုတိယအနေဖြင့် ဂျွန်နီ့ကို သွေးသစ်သွင်းပေးခြင်းကို လုံးဝ ခွင့်ပြုမည်မဟုတ်ဟု ပြော၏။ နောက်ဆုံး တတိယအနေဖြင့်


BURMESE CLASSIC .com

www.burmeseclassic.com



ဂျွန်နီကို နှစ်ပတ်၊ သုံးပတ်ခန့် လုံးဝ အနားယူစေမည်။ မည်သည့် အလုပ်မျိုးမှ လုပ်စေမည် မဟုတ်။

ဒေါက်တာ ဂါဆင်၏ ကုထုံးမှာ မယုံနိုင်စရာ ဖြစ်၏။

ဂျွန်နီကို ဆားနှင့် အဆီ လုံးဝမစားစေပါ။

ကြက်ဥနှင့် ငါးကိုလည်း လုံးဝ စားခွင့်မပြု။

သူ၏ အကြောင်းပြပုံမှာ သဘာဝတရားကြီး၏ ပင်ကိုယ် အင်အားများနှင့် ပြန်ကုရန်ဟု ဆို၏။

ဂျွန်နီကို ခေတ်မီ လူလုပ်ဆေးမျိုးစုံနှင့် ကုခဲ့ပြီးလေပြီ။

ယခု သဘာဝအင်အားများနှင့် ဆက်ကုသမည်။ သူ့ဆိုအရ ဆရာဝန်များ၏ ကုထုံးမှာ လူနာရောဂါ အခြေအနေ မဆိုးချိန်တွင် ဆေးအမျိုးမျိုးပေး၍ လူ့ခန္ဓာကိုယ်အတွင်း ဓာတ်သဘောများကို ပြောင်းပြီး ပြန်လည်နေကောင်းလာအောင် ပြုခြင်းဖြစ်၏။ သို့သော် ဤကုထုံးမှာ ရောဂါအခြေအနေ ဆိုးလာသောအခါ ကု၍မရတော့။ သဘာဝတရား၏ အင်အားကိုသာ ပြန်လည်အားထားပြီး အာဟာရ ဖြင့် ကုရမည်ဟုဆို၏။

အာဟာရ (ဝါ) အစားအသောက်ကို ထိန်းချုပ်ပေးခြင်းဖြင့် လူ့ ခန္ဓာကိုယ်အတွင်း၌ ဓာတ်သဘောများ ပြောင်းတတ်ပုံအမျိုးမျိုးကို ဒေါက်တာ ဂါဆင် ကျွန်တော့်ကို ရှင်းပြ၏။ သူ ရှင်းပြစဉ် ကျွန်တော် နားလည်သလို ရှိသော်လည်း နောက်ပိုင်း ပြန်တွေးကြည့်သောအခါ၌ နားမလည်ပါ။

သူ၏ အလိုအရ အစားအသောက် လွန်ကဲစွာ စားခြင်းသည် လူ့ခန္ဓာကိုယ်အင်အား လွန်ကဲစွာသုံးရန် ဖန်တီးစေမည်ဟု ဆို၏။ ထို့ကြောင့် လူတစ်ယောက်တည်း မကျန်းမမာဖြစ်သောအခါ၌ အာဟာ ရကို များစွာ စားရန်မလို။ မလိုသော အာဟာရများကို လျှော့ချ၍



BURMESE CLASSIC .com

www.burmeseclassic.com


စားရန် လိုသည်ဟု ဆို၏။ ဒေါက်တာ ဂါဆင်ထံ အကုသခံကြသော ဝေဒနာသည်များသည် သူအထူးပြုပြင်ပေးသော အသီးအရွက်များကိုသာ စားရ၏။

ကိုယ့်စိတ်ကြိုက်စားခွင့်မရ။

ယင်းကုထုံးဖြင့် ဒေါက်တာဂါဆင် ကင်ဆာဝေဒနာသည် အဘယ်မျှကို ကုဖူးသည်။ တကယ်ပျောက်သည် မပျောက်သည်ကို ကျွန်တော်မသိပါ။ သို့သော် အခြားဝေဒနာသည်အများအပြားကို ယင်းကုထုံးဖြင့် ကုသ၍ ပျောက်သွားသည်ကိုကား မည်သို့မျှ သံသယ ဖြစ်ဖွယ်မရှိ။ တကယ်တော့ ဒေါက်တာဂါဆင်ကလည်း သူ့ကုထုံး ကုနည်းသည် ရောဂါဝေဒနာသည်တိုင်းကို ပျောက်အောင် ကုနိုင်သည်ဟု လုံးဝမပြောပါ။ ထိုစကားမှာ သူနှင့်မတည့်သူများက ပြောသော စကားများဖြစ်၏။

ဒေါက်တာဂါဆင်ကို မကြိုက်သူများကလည်း အလွန်များလှ၏။ တစ်ညနေ သူနှင့် မတည့်သူ ဆရာဝန်တစ်ဦးက ကျွန်တော့်ကို ပြောသည်။

“ကင်ဆာရောဂါကို ဒေါက်တာဂါဆင် ပြောသလိုသာ ဆေးတိုက်ကုသဖို့ မလိုဘူး။ အာဟာရနှင့် ပျောက်ကင်းနိုင်တယ်ဆိုရင် နောင်ကို ကင်ဆာရောဂါသည်တွေ ဆရာဝန်ဆီ မလာကြနှင့်တော့။ ကိုယ့်အိမ်မှာပဲ ကိုယ့်ဟာကိုယ် ဟင်းသီးဟင်းရွက် ချက်စားပြီး ကုကြတော့”

ပထမတွင် ဂျွန်နီသည် ဒေါက်တာဂါဆင် ပြင်ဆင် ကျွေးသော အာဟာရများကို မစားချင်။ ခံတွင်းမတွေ့ဟု ဆို၏။ ဂျွန်နီကို စားစေသည်မှာ အသီးအနှံနှင့် အရွက်များကို အရည်ပြုလုပ်ထားသည့် နူးညံ့သော အာဟာရများ ဖြစ်၏။ နို့ကိုပင် သောက်ခွင့်မပေး။ တစ်လကျော်မှ အဆီထုတ်ထားသောနို့နှင့် ပေါင်မုန့်ကို စားခွင့်ပေး၏။ ဆား၊ အသား၊ ဥတို့ကို လုံးဝမစားစေပါ။ ရေကိုလည်း အနည်းငယ်သာ


BURMESE CLASSIC .com

www.burmeseclassic.com


သောက်စေ၏။ ဂျွန်နီ့အတွက် အာဟာရများကို အထူးပြုပြင်ထားသော နည်းများဖြင့် ချက်ပြုတ်စေ၏။

ထိုဟင်းသီးဟင်းရွက် အရည်များကိုသာ စားသောက်နေရသဖြင့် လူနာများသည် ပိန်သွားမည်ဟု ထင်စရာရှိ၏။

မပိန်ပါ။

ဒေါက်တာဂါဆင်၏ လူနာအချို့မှာ ကိုယ်အလေးချိန်ပင် တိုး လာသေး၏။

ဒေါက်တာဂါဆင်၏ လူနာများအတွက် အစားအသောက်ကို တာဝန်ယူ ချက်ပြုတ်ပေးနေသည်မှာ မစ္စစ်ဘီလီဆိုသူ အမျိုးသမီး ဖြစ်၏။ ဒေါက်တာဂါဆင်သည် သဘာဝ အစားအသောက်များအတွင်းရှိ ဓာတ်ပစ္စည်းအစုံကို လူနာ၏ ခန္ဓာကိုယ်အတွင်းသို့ အာဟာရမှ ရောက်အောင် ကြိုးစား၏။ သို့သော် မည်သို့မျှ စုံအောင် မပေးနိုင်ဟု ဆို၏။ ထို့ကြောင့် သူကျွေးသော အာဟာရများတွင် မပါရှိသည့် ဓာတ် ပစ္စည်း အမျိုး ၃၀ ခန့်ကို စားဆေးအဖြစ် လည်းကောင်း၊ ထိုးဆေးအဖြစ် လည်းကောင်း သူပေးစေ၏။

ဂျွန်နီသည် အရွယ်ငယ်သူ ဖြစ်၏။

အစားအသောက်များကိုလည်း ခံမင်သည် ဖြစ်၏။

ဒေါက်တာဂါဆင်သည် ကျွေးသည့်အစားအသောက်များကို မည်သို့မျှ စားချင်မည်မဟုတ်။

သို့သော် သူ မည်သူ့ကိုမှ ဒုက္ခမပေး။

ဆရာဝန် ညွှန်ကြားသည့်အတိုင်း အကုန်လိုက်နာ၏။ သူ့ကို နေ့စဉ် တိုက်ကျွေးသော ဓာတ်ပစ္စည်းမျိုးစုံ၏ အမည်များကိုလည်း မှတ်ထား၏။ ဆရာဝန်များက သူ့ကို ရှင်းပြလျှင်လည်း အထူးဂရုစိုက် နားထောင်၏။


BURMESE CLASSIC .com

www.burmeseclassic.com


သို့သော် သူ မည်သို့ပင် ကြိုးစား၍ ကျွေးသမျှကို အောင့်စားနေစေကာမူ ရက်ဆက်များလာသောအခါ၌ အစားအသောက်များကို မစားနိုင် ဖြစ်လာ၏။

ညည်းငွေ့လာ၏။

"မေမေ သား ခု ရင်ဆိုင်နေရတဲ့ ဒုက္ခဟာ မသေးဘူး"

ဖရန့်ကို သူပြောသော စကားဖြစ်၏။ ကျွန်တော့်ကိုလည်း တစ်ညနေ သူပြောသည်။

"ဖေဖေ ပြန်သွားရင် ငါးကြီးတစ်ကောင် သားအတွက် ချက်ပြီး စားလိုက်စမ်းပါ။ နောက် ဘယ်လိုအရသာရှိတယ်ဆိုတာကို သားကို လာပြန်ပြောပြပါ"

မည်သို့ပင်ဆိုစေ ဂျွန်နီ့ကျန်းမာရေးအခြေအနေမှာ တဖြည်းဖြည်း သိသိသာသာ တိုးတက်လာ၏။

စက်တင်ဘာလကုန်သောအခါ၌ သူ့မျက်လုံးများမှာ အရောင်ပြန်တောက်လာ၏။

ဂျွန်နီ ထိုသို့ ပြန်ကောင်းလာနေသည်မှာ မည်သို့မျှ ယုံနိုင်စရာမရှိ။

သူ့သွေး အခြေအနေမှာ လုံးဝ ပြန်ကောင်းသွား၏။

တစ်ညနေ ကျွန်တော် ပြန်ကာနီး သူ့ကို သတိထားလိုက်မိသည်မှာ လုံးဝကျန်းမာသွားပြီဟုပင် ထင်လိုက်မိ၏။

ကျွန်တော် အိမ်အပြန် တစ်လမ်းလုံး တွေးနေသည်။

ဂျွန်နီ ထိုသို့ကောင်းသွားသည်ကို သမားတော်ကြီးများ မည်သို့မျှ ယုံကြည်မည်မဟုတ်။

ကျွန်တော်တို့ မိတ်ဆွေအများပင် ဂျွန်နီ ပြန်ကောင်းလာနေသည်ကို ကြည့်ပြီး အလွန် ဝမ်းသာနေ၏။


BURMESE CLASSIC .com

www.burmeseclassic.com



ဤမိတ်ဆွေများမှာ ဂျွန်နီ အခြေအနေ ဆိုးစဉ်ကလည်း ကျွန်တော်တို့နှင့်ရောၡ ကြေကွဲခဲ့သူများပင်ဖြစ်၏။

တဖြည်းဖြည်းနှင့် ဆရာဝန်များ အသိုက်အဝန်းမှ ပညာရှင်များမှာလည်း ဂျွန်နီ၏ တိုးတက်မှုများကို ကျေနပ်မှု ရှိလာ၏။

ဒေါက်တာဂါဆင်၏ ကုထုံးများကို ယုံရခက်၊ မယုံရခက် ဖြစ်လာ၏။

သူတို့ ဤပြဿနာကို မည်သို့မျှ ဖွင့်မဆွေးနွေးပါ။

သူတို့မျက်နှာများမှာ ကျွန်တော်တို့ကဲ့သို့ပင် ဝမ်းမြောက်ကြည်နူးနေ၏။

ဂျွန်နီကို ဒေါက်တာ ဂါဆင်ဆေးခန်းကို ပို့စကမူ ဆရာဝန်အများကပင် ကျွန်တော်တို့ကို မနှစ်မျို့ကြ။ ဆရာဝန်တစ်ဦးမှာ ကျွန်တော့်ကို ကရုဏာဒေါသနှင့် စိတ်ဆိုးလွန်းသဖြင့် စကားမပြောဘဲပင် နေခဲ့သေး၏။

ဒေါက်တာ ထရီဂျာတစ်ဦးသာ ဂျွန်နီထံသို့ မှန်မှန်လာကြည့်ပြီး ဒေါက်တာဂါဆင်နှင့် စနေနေ့တိုင်း အချိန်ယူဆွေးနွေး၏။ နောက်ပိုင်းတွင် ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ပက်နာလည်း ဂျွန်နီကို လာကြည့်၏။

ဒေါက်တာဂါဆင်နှင့် ဆွေးနွေး၏။

ဒေါက်တာဂါဆင်ကလည်း ဒေါက်တာ ပက်နာထံ သွားပြီး ဆွေးနွေးတတ်၏။

ဒေါက်တာပက်နာ၏ လက်ထောက် ဒေါက်တာ မောက်မှာလည်း မကြာခဏပင် ဂျွန်နီထံသို့ လာတတ်၏။ ဒေါက်တာ မောက်အလည်လာခြင်းမှာ ဂျွန်နီအတွက် အလွန်အရေးကြီး၏။

သူ ဂျွန်နီကို ချစ်၏။



BURMESE CLASSIC .com

www.burmeseclassic.com


ဂျွန်နီကလည်း သူ့ကို ချစ်၏။

ကျွန်တော်တို့ မိသားစု ဆရာဝန် ဒေါက်တာ ထရီဂျာမှလွဲ၍ ဒေါက်တာမောက်မှာ ဂျွန်နီနှင့် အရင်းနှီးဆုံး ဆရာဝန်ဟု ဆိုနိုင်၏။

ဒေါက်တာဂါဆင်မှာ သူ့ကုထုံးများကိုတွေ့ရန် သမားတော်များကို အမြဲကျိတ်၍ ကြံဆနေသူများ၊ ရှာဖွေနေသူများဖြစ်၏။ ထိုသို့ ရှာဖွေနေကြသည့် အတွက်လည်း (ကေအာ) အမည်ရှိ ဓာတ်ပစ္စည်းသစ် သတင်းကို ကျွန်တော်တို့ တစ်နေ့တွင် ကြားလိုက်ရ၏။

ဤသတင်းကို ဖရန့် စ-ဖတ်မိခြင်း ဖြစ်၏။

ရုရှနိုင်ငံမှ အောင်မြင်မှုသတင်းဖြစ်၏။ ရုရှသိပ္ပံပညာရှင်များသည် (ကေအာ) အမည်ရှိ ဓာတ်ပစ္စည်းတစ်မျိုးကို သုံး၍ ကင်ဆာဝေဒနာသည်များကို ကုသရာ အောင်မြင်သည်ဟု ဆို၏။ (ကေအာ) ဟူသော ဓာတ်ပစ္စည်းသစ်မှာ အဘယ်နည်း။

ဂျွန်နီကို ထိုဓာတ်ပစ္စည်းသစ်ဖြင့် စမ်းသပ်အကုခံကြည့်လျှင် ကောင်းမည်လား။

အဘယ်သို့ ထိုဓာတ်ပစ္စည်းသစ်ဖြင့် စမ်းသပ်အကုခံကြည့်လျှင် ကောင်းမည်လား။

အဘယ်သို့ ထိုဓာတ်ပစ္စည်းသစ်ကို ရအောင်ကြံဆောင်ရမည်နည်း။

ကျွန်တော်နှင့် ဖရန့် အမေရိကန်ပြည်ထောင်စုအနှံ့ကို ဖုန်းဆက်၍ စုံစမ်းသည့်လုပ်ငန်းကို စကြပြန်၏။ အမေရိကန်အစိုးရ ကျန်းမာရေးဌာနမှ တစ်ဆင့်ရသော သတင်းအရ ပင်စီဗေးနီးယားပြည်နယ်ရှိ ဆရာဝန်တစ်ဦးမှာ ရုရှနိုင်ငံ မော်စကိုမြို့တွင် ယင်း (ကေအာ) ဓာတ်ပစ္စည်းသစ်ကို ရုရှဆရာဝန်များနှင့်တွဲ၍ စူးစမ်းမှုပြုခဲ့ဖူးသည်ဟု ဆို၏။


BURMESE CLASSIC .com

www.burmeseclassic.com



ထိုဆရာဝန်ထံ ကျွန်တော် ဖုန်းဆက်လှမ်းစုံစမ်း၏။

သူ၏ အဆိုအရ (ကေအော) မှာ အမေရိကန်ပြည်ထောင်စုတွင် လုံးဝမရှိ။ မော်စကိုမှ အမေရိကန်ပြည်ထောင်စုသို့ ပို့ပေးရန်မှာလည်း (ကေအော) သည် အထားမခံ။ အမေရိကန်ပြည်ထောင်စုရောက်ချိန်တွင် လတ်ဆတ်သော (ကေအော) ဖြစ်နိုင်တော့မည် မဟုတ်ဟု ဆို၏။ ထို့ကြောင့် ဂျွန်နီ ၁၉၄၆ ခုနှစ်ကုန်သည်အထိ ဒေါက်တာကာဆင်၏ ကုထုံးမှလွဲ၍ အခြားကုထုံးများဖြင့် လုံးဝမကုသနိုင်ခဲ့ပါ။

ဒေါက်တာဂါဆင်၏ ဆေးကုခန်းနှင့် ကျွန်တော့်အိမ်မှာ မဝေးလှ၊ လမ်းလျှောက်သွား၍ပင်ရ၏။ ဂျွန်နီသည် ကျွန်တော်နှင့် ဖရန့်ထံသို့ သူ အိပ်ရာမှ နိုးသည်နှင့် ဖုန်းလှမ်းဆက်၏။ တစ်ခါ အိပ်ကာနီးတွင်လည်း လှမ်းဖုန်းဆက်၏။

သူ့ကို မြင်ရသည်မှာ တစ်ခါတစ်ရံ ဆွေးနေသကဲ့သို့ ရှိ၏။

ကျွန်တော် ဖရန့်တို့နှင့်ခွဲ၍ မနေချင်တော့သည့် အမူအရာများမှလည်း အထင်အရှားပေါ်နေ၏။

သို့သော် သူ တတ်နိုင်သမျှ အမြဲဟန်ဆောင်သည်။

ကျွန်တော်နှင့် ဖရန့် စိတ်ချမ်းသာအောင် လုပ်သည်။

"သား နေကောင်းလာပြီ"

ကျွန်တော်နှင့် ဖရန့်ကို ဂျွန်နီတွေ့တိုင်း ပြောသည့်စကားဖြစ်၏။

ကျွန်တော်သည် ဂျွန်နီကို နေ့စဉ် နေ့လည်တစ်ကြိမ် သွားတွေ့၏။ ညနေတစ်ကြိမ် သွားတွေ့၏။ ဖရန့်မှာ နေ့လယ်ထမင်းစားချိန်မှစ၍ ဂျွန်နီ့ထံ အရောက်သွားပြီး ညဘက် ဂျွန်နီအိပ်မှ ပြန်လာတတ်၏။

ရက်အနည်းငယ်ကြာလျှင် ဖရန့်နှင့် ကျွန်တော် ဂျွန်နီကို အိမ်



BURMESE CLASSIC .com

www.burmeseclassic.com


ပြန်ရွှေ့ရန် စီစဉ်ကြ၏။

ပြဿနာတစ်ခုရှိ၏။

ဂျွန်နီအတွက် အစားအသောက်များကို ဒေါက်တာဂါဆင် ကျွေးသကဲ့သို့ ချက်ပြုတ်နိုင်ရေးဖြစ်၏။ ဤပြဿနာကို ဖရန့်ပင် ဖြေရှင်း၏။ ဂျွန်နီအတွက် အစားအသောက် ချက်ပြုတ်နည်းကို သွား လေ့လာ၏။ အစစအရာရာ သူ အားလုံးပြင်ဆင်၏။

အားလုံး အဆင်သင့် ဖြစ်လေပြီ။

အကြောင်းအမျိုးမျိုးဖြင့် ဂျွန်နီ့ကို လက်တွေ့တွင် မပြောင်း ဖြစ်။

ကျွန်တော် ရေးလက်စစာအုပ်မှ အခန်းတစ်ချို့ကို ဂျွန်နီကို ကျွန်တော် မကြာခဏ ဖတ်ပြ၏။

"ဒီစာအုပ်တော့ အရေးအတွက် သန်းချီရောင်းရဦးမယ်ထင် တယ်"

ဂျွန်နီပေးသော မှတ်ချက်ဖြစ်၏။ ကျွန်တော် တစ်နေ့တွင် သူ့ ကို စိတ်ပြေလက်ပျောက် ကားနှင့်တင်၍ ခေါ်သွားသည်။ မြင်ကွင်း အပြောင်းအလဲရှိပြီး သူ စိတ်ချမ်းသာရေးအတွက် ဖြစ်၏။

တစ်ညတွင် ဂျွန်နီ၏ နှာခေါင်းမှ သွေးများ လျှံထွက်လာ၏။ သူ့အသက်ကို အန္တရာယ်ပြုတော့မည့် ရောဂါလက္ခဏာဖြစ်သည်ကို ကျွန်တော်တို့ ချက်ချင်းသိ၏။ ဒေါက်တာဂါဆင်နှင့် ဒေါက်တာ ထရီဂျာ တို့ နှစ်ဦးစလုံးပင် ညဉ့်နက်သန်းခေါင် ဂျွန်နီ့ဘေး ရောက်လာကြ၏။

ဒေါက်တာဂါဆင်သည် ဂျွန်နီ့ကို ဆေးမတိုက်ဘဲထားသော သူ့စည်းကမ်းကို ပထမဆုံး ချိုးဖောက်လိုက်၏။ ညဘက်ဖွင့်သော ဆေးဆိုင်တစ်ခုတွင် သူလိုက်ချင်သော ဆေးများကို ကျွန်တော့်ကို အမြန် ဝယ်ခိုင်း၏။


BURMESE CLASSIC .com

www.burmeseclassic.com



ဝ္လျံန်နီမှာ အလွန်အားနည်းနေ၏။

နံနက် ၅-နာရီထိုးခန့် ရောက်လာသောအခါ ပို၍ အခြေအနေ ဆိုးလာ၏။

သို့သော် သူ့ကို အာဟာရအမျိုးမျိုး ချက်ပြုတ်ကျွေးနေသော ပစ္စစ်ဆီလီ အခန်းထဲ ဝင်လာသံကြားလျှင် အိပ်ရာပေါ် မှိန်းနေရာမှ သူ လှမ်းပြောလိုက်သေး၏။

"ကျွန်တော်လည်း မစ္စစ်လီကို ဒုက္ခပေးနေတာ ကြာပြီဗျာ"

မစ္စစ်ဆီလီသည် အလွန်အံ့သြသွား၏။

"တို့အတွက် ဘာမှမပူပါနဲ့"

"ဟုတ်ပါတယ်၊ ကျွန်တော် ပူနေလို့လဲ အကျိုးမရှိနိုင်ပါဘူး"

ဖရန့်သည် သူ့အား စိတ်ချမ်းသာစေရေးအတွက် အစွမ်းကုန်ကြိုးစား၏။ အရောင်တောက်သော အဝတ်စများကို မကြာခဏ ယူလာပြီး ဝ္လျံန်နီ့ခေါင်းမှ ပတ်တီးပေါ်တွင် ထပ်ချည်ပေးပြီး ဝ္လျံန်နီကို ရယ်မောအောင် ပြုလုပ်၏။ ဝ္လျံန်နီ့ဘေးတွင် အချိန်ကြာမြင့်စွာ စိတ်ရှည်လက်ရှည်ထိုင်ပြီး ကမ္ဘာ့သိပ္ပံပညာရှင်ကြီးများအကြောင်းနှင့် ယနေ့ သိပ္ပံသတင်းဆန်းများအကြောင်းကို ဖတ်ပြ၏။

ကျွန်တော် ရေးလက်စ စာအုပ်မှ အကြောင်းအရာများမှာလည်း ဝ္လျံန်နီအတွက် အမြဲစိတ်ဝင်စားစရာ ဖြစ်နေ၏။ သူသည် ကျွန်တော့် စာမူကြမ်းများပေါ်တွင် ကျွန်တော်ကဲ့သို့ပင် စိတ်ဝင်စားမှုရှိ၏။ အမြဲမူကြမ်းကိုတောင်းပြီး တစ်လုံးမကျန် ဖတ်၏။ ကျွန်တော်၏ အမှားများကိုတွေ့လျှင်လည်း ထောက်ပြ၏။ ကျွန်တော် နေ့စဉ် စာရေးဖြစ်အောင်လည်း သူ အမြဲ ဖန်တီးပေး၏။

မက်ကောအမည်ရှိ ကျွန်တော့်မိတ်ဆွေတစ်ဦးသည် တစ်နေ့ ဝ္လျံန်နီ့ထံသို့ ရောက်လာ၏။



BURMESE CLASSIC .com

www.burmeseclassic.com


"ဂျွန်နီ နေကောင်းလားဟေ့" ဟုနှုတ်ဆက်ပြီး ဂျွန်နီနှင့် အချိန်ကြာမြင့်စွာ ထိုင်စကားပြော၏။ နောက် ဂျွန်နီနှင့် စိတ်ရှည်စွာ စစ်တုရင်ထိုး၏။ ဂျွန်နီပွဲပြီးအောင် မကစားနိုင်တော့သည်ကိုသိလျှင် ကြောင်ကွက်များ ဖန်တီးပြီး ဂျွန်နီကို အနိုင်ပေးလိုက်၏။

ဂျွန်နီ အလွန်ဝမ်းမြောက်နေ၏။

မက်ကောနှင့် ဂျွန်နီ စစ်တုရင်ကစားနေကြသည့်နေ့ ရောက်မှပင် ဂျွန်နီ မျက်လုံးများ အလွန်အားနည်းနေသည်ကို ကျွန်တော် သတိထားမိ၏။ ဂျွန်နီသည် ရှေ့တည့်တည့်ကိုသာလျှင် ကြည့်၍မြင်၏။ ဘေး၊ ဘယ်ညာကို ကြည့်၍မမြင်။

အခြား ကျွန်တော်တို့မိတ်ဆွေများလည်း ဂျွန်နီ့ထံသို့ မကြာခဏလာ၏။ မိတ်ဆွေများပင် ဂျွန်နီ့ကိုကြည့်ပြီး ကျွန်တော်တို့နည်းတူ စိတ်မကောင်းဖြစ်ကြ၏။ စာရေးဆရာကြီး မစ္စစ်(ကလဲရာလု)မှာမူ ဂျွန်နီကိုလာကြည့်စဉ် ဂျွန်နီအတွက် ဆုတောင်းပွဲလုပ်သွားပေးသေး၏။ သူမသည် အခြားလူနာများကိုပါ ပါဝင်စေပြီး ဂျွန်နီအတွက် အမျိုးမျိုးဆုတောင်းပေး၏။ သူမ၏ အနားယူသောအိမ်ကိုလည်း ကျွန်တော်တို့ သုံးလိုက သုံးရန် ငှားပေး၏။ ဂျွန်နီ့ကိုခေါ်ပြီး ထိုအိမ်တွင် သွားအနားယူကြရန် အကြံပေး၏။

ထိုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဂျွန်နီ ၁၇ နှစ်ပြည့်၏။

ကျွန်တော်နှင့် ဖရန့် ဂျွန်နီ့အတွက် မွေးနေ့အခမ်းအနားတစ်ခုကျင်းပပေး၏။ မစ္စစ်ဆီလီက ဂျွန်နီစား၍ဖြစ်နိုင်သော ကိတ်မုန့်တစ်ခုကို ကြိုးစားဖုတ်ပေး၏။ မိတ်ဆွေအများပင် ဂျွန်နီ့မွေးနေ့ပွဲကို ရောက်အောင်လာ၏။ ဂျွန်နီ စိတ်ချမ်းသာအောင် အစွမ်းကုန် ဆောင်ရွက်ပေးသွားကြ၏။

သို့သော် မည်သို့ပင် ကျွန်တော်နှင့် ဖရန့် ကြိုးစားစေကာမူ ဂျွန်နီ၏ နှလုံးသားအတွင်းမှ ပူဆွေးမှုများမှာ တစ်ခါတစ်ရံ ဖုံးမရပါ။ ပေါက်ကွဲသကဲ့သို့ ဖြစ်တတ်သည်များလည်းရှိသေး၏။ ထိုသို့ဖြစ်ချိန်များတွင် သူ စိတ်တိုနေတတ်၏။

တစ်ခါက သူ့ဝေဒနာများအကြောင်းကို ကျွန်တော် ပြောပြ၏။

www.burmeseclassic.com


ငြီး၏။

နောက် သူ မကျန်းမာစဉ် ကျွန်တော် ကျန်းမာနေသည်ကို မကျေနပ်ဟုဆို၏။ ထို့နောက် ရုတ်တရက် သူ့အမှားကို သူ ပြန်သတိရ သွားပြီး ...

"ဖေဖေ နောက်ကို သား ဒီစကားမျိုး ထပ်ပြောရင် သားကို ရိုက်ပါ"

တစ်ခါတစ်ရံလည်း ဂျွန်နီ့စိတ်သည် အကောင်းဘက်ကို တွေးပြီး အဆိုးအားလုံးကို မေ့တတ်၏။ အကြောင်းအချက်အမျိုးမျိုး ဆွဲပြပြီး သူ့ဦးနှောက်တွင်ဖြစ်ခဲ့ရသော အကျိတ်မှာ အကြီးစားမဟုတ်နိုင်ကြောင်း အငယ်စားသာဖြစ်ရမည်ဟု ပြော၏။ နောက် ဒါရိုက်တာ ပတ်နင် ခွဲထုတ်လိုက်သော အကျိတ်အပိုင်းမှာ လူကို အန္တရာယ်ပြုနိုင်သော အစိတ်အပိုင်းအားလုံး ပါသွားခဲ့ပြီး ယခု ကျန်နေသည်မှာ အရေးပါသော အပိုင်းများမဖြစ်နိုင်ဟု သူ ဆို၏။

မည်သူမှ သူနှင့် အငြင်းမပွား။

သူ စိတ်ချမ်းသာနေလျှင် အားလုံး ကျေနပ်ကြလေပြီ။

ဒေါက်တာ ထရီဂျာကိုလည်း သူ မကြာခဏ ပြောတတ်၏။

"ကျွန်တော့်ခေါင်းမှာ တခြားလူတွေမှာဖြစ်ဖူးတဲ့ ရိုးရိုးအကျိတ် မျိုး မဖြစ်စေချင်ဘူး။ အားလုံးထက်ဆန်းတဲ့ အကျိတ်မျိုးဖြစ်တာ လိုချင် တယ်"

ဂျွန်နီ့သတ္တိမှာ လျော့သွားသည်ကို ကျွန်တော် မတွေ့ခဲ့။

သူရင်ဆိုင်နေရသော ယနေ့ သူ့ဘဝတိုက်ပွဲကို အရှုံးပေးသည့် စကားမျိုး သူဘယ်အခါမှ မပြော။

အမြဲ ကြိုးစားရင်ဆိုင်နေ၏။

သို့သော် သူ တစ်နေ့တခြား ခွန်အား လျော့လာနေသည်။


BURMESE CLASSIC .com

www.burmeseclassic.com


နိုးနေသည့်အချိန်ထက် အိပ်နေရသည့် အချိန်က များနေ၏။ မည်သည့် အရာဝတ္ထုကိုမှ ခိုင်ခိုင်မြဲမြဲ မကိုင်နိုင်တော့။

မတ်မတ်လည်း မရပ်နိုင်တော့။

တစ်ခါက သူ့လက်ထဲကိုင်ထားသော အရာဝတ္ထုတစ်ခု လွတ်ကျသဖြင့် ကြမ်းပြင်မှ ပြန်ကောက်ယူစဉ် သူ ငိုးဖူး၏။

“သား ဘယ်လက်လဲ အရင်လို ပြန်ကောင်းနိုင်ပါတော့မလား မသိဘူး”

ဤစကားမျိုးကို သူ ယခင်က ပြောလေ့မရှိပါ။ အသုံးချ၍ မရတော့သည့် သူ့လက်ချောင်းလေးကိုလည်း သူ အလွန်စိတ်တိုနေဟန် ရှိ၏။

သီဟာရတနာစာပေ
BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၆)

ကင်ဆာဟူသည်မှာ လူ့ခန္ဓာအတွင်း စိုးမိုးနိုင်သော အကျိတ် ဖြစ်ပြီး ထိုအကျိတ်သည် လူ့ခန္ဓာကိုယ်တွင်းရှိ သန်စွမ်းသော ရောဂါကင်းသော အစိတ်အပိုင်းများကို ဖျက်ဆီး၏။ ထိုအကျိတ်၏ ကြီးထွားမှုမှာ အံ့စရာကောင်းအောင် လျင်မြန်၏။ ထိုသို့ ကြီးထွားစဉ် သူ့ပတ်ဝန်းကျင်ရှိ လူ့ခန္ဓာကိုယ်၏ သန်စွမ်းသော အစိတ်အပိုင်းများကို ဖျက်ဆီးမှုမှာလည်း အသီးအရွက်စားသော တောတိရစ္ဆာန်ရိုင်းတစ်ကောင်သည် သူ့ပတ်ဝန်းကျင်မှ အသီးအရွက်များကို အားရပါးရ စားပစ်နေသကဲ့သို့ပင် ဖြစ်၏။

ဒေါက်တာ ဂါဆန်က ဂျွန်နီ၏ ကင်ဆာအကျိတ် ဖျက်ဆီးသွားသော အင်္ဂါအစိတ်အပိုင်းများကို ပြည်လည်ကောင်းမွန်အောင် ကြိုးစားကု၏။

အချို့ အစိတ်အပိုင်းများမှာ ပြန်ကောင်းလာ၏။

သို့သော် ဂျွန်နီ၏ ကင်ဆာ (ဝါ) အကျိတ်မှာ သာမာန်ကင်ဆာမဟုတ်။ အကျိတ်မဟုတ်။ အလွန်အန္တရာယ်များပြီး အလွန်ခုခံရန်ခက်နေသည့် ကင်ဆာအကျိတ် ဖြစ်နေ၏။

ဦးနှောက်တွင် ဖြစ်နေသော အကျိတ်။

လူ့ခန္ဓာကိုယ်တွင် အခြားအပိုင်းများကို ဖျက်ဆီးလျှင် အထိုက်



BURMESE CLASSIC .com

အလျှောက် ခံနိုင်သေး၏။ ဦးနှောက်ကို ဦးတည်ဖျက်ဆီးသောအခါ အဘယ်သို့ ခံနိုင်တော့မည်နည်း။ ဦးနှောက်ကြောင့် မြင်ခြင်း၊ ကြားခြင်း၊ တွေးခေါ်နိုင်ခြင်း၊ ဆန္ဒဖြစ်ခြင်း၊ လှုပ်ရှားခြင်း၊ အသံထွက်ခြင်းများ ဖြစ်နိုင်၏။ ဤအာရုံတစ်ခုပျက်လျှင်ပင် လူ့ဘဝ ပျက်ခြင်းနှင့် မတူပေဘူးလား။

ဦးနှောက်သည် လူ့ခန္ဓာကိုယ်၏ ကျန်အစိတ်အပိုင်းအားလုံး၏ လှုပ်ရှားမှုကို ကြီးစိုးနေ၏။ ဦးနှောက်ကို တိုက်ခိုက်ခြင်း (ဝါ) ဖျက်ဆီးခြင်းသည် လူ၏ ကျန်အင်္ဂါရပ်အားလုံးကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် တူ၏။

ဤအဖြစ်ကို ကျွန်တော်နှင့် ဖရန့် နှစ်ဦးစလုံးသိ၏။ ဂျွန်နီသည် သူ့ဘဝတွင် ရင်ဆိုင်တိုက်ခိုက်ရမည့် မည်သည့်တိုက်ပွဲနှင့်မျှ မတူသော မဟာတိုက်ပွဲကြီးကို တိုက်ခိုက်နေသည်။

အံ့စရာဖြစ်၏။

ထိုရက်အပိုင်းအတွင်း ဂျွန်နီ၏ အခြေအနေမှာ အနည်းငယ် ကောင်းလာနေသလို ရှိနေပြန်၏။

သူ အနည်းငယ် ပိုအားရှိလာသလိုပင် ဖြစ်၏။

နံနက်တိုင်း တစ်ပါးသူ အကူအညီမပါဘဲ အဝတ်အစားလဲနိုင်ပြီး ခရီးတိုလေးများကိုလည်း လမ်းလျှောက်ထွက်နိုင်သေး၏။

သို့သော် ဤတိုးတက်ကောင်းမွန်မှုများမှာ အမြင်အထင်တွင် တိုးတက်ခြင်းသာ ဖြစ်၏။ လက်တွေ့ သူ့ရောဂါတွင် တိုးတက်ခြင်း မဟုတ်။

သူ့ဦးခေါင်းရောင်နေသော အလုံးကြီးမှာ ပိုမိုကြီးထွားလာနေသည်။ ဒေါက်တာမောက်နှင့် ဒေါက်တာ ထရေဂျာတို့ နှစ်ဦးစလုံး ဂျွန်နီကို လာကြည့်ကြ၏။ ဒေါက်တာ ထရေဂျာက ဂျွန်နီ၏ ရောင်

www.burmeseclassic.com



နေသော အလုံးကြီးအတွင်းမှ အရည်အချို့ကို စုပ်ထုတ်လိုက်လျှင် ရောင်ကိုင်းမှု အနည်းငယ်လျှော့သွားပြီး ဂျွန်နီ၏ ဝေဒနာမှာ အနည်းငယ် သက်သာသွားမည်ဟု ယူဆ၏။ ကြိုးစားကြည့်ချင်၏။

ဒေါက်တာမောက်ကမူ ထိုသို့ ပြုလုပ်ရန် စိုးရိမ်နေ၏။

ကြောက်၏။

သူက ဦးခေါင်းအတွင်းဘက်သို့ မမြင်နိုင်သော အလုံးကြီးကို ထိုးဖောက်၍ အရည်ကို စုပ်ယူခြင်းမှာ အန္တရာယ် တွေ့နိုင်သည်ဟု ယူဆ၏။ သို့သော် ဆရာဝန်နှစ်ဦး အချိန်ကြာမြင့်စွာ ဆွေးနွေးပြီး နောက် ဒေါက်တာမောက်က ဒေါက်တာ ထရေဂျာ၏ ဆန္ဒအတိုင်း ကြိုးစားကြည့်ကြရန် သဘောတူလိုက်၏။

ထိုအချိန်၌ ဒေါက်တာ ဂါဆန် ရောက်လာပြန်၏။ ဒေါက်တာ ဂါဆန်၏ဆန္ဒမှာလည်း ဒေါက်တာ မောက်၏ ဆန္ဒအတိုင်းပင် ဖြစ်၏။ ဂျွန်နီမှာ ကိုယ်ခံမကောင်းသောအချိန်ဖြစ်၍ အလုံးကြီးကို ထိုးဖောက်၍ အရည်စုပ်ယူမှုကို မပြုလုပ်စေချင်။ သို့သော် ဦးနှောက် ပါရဂူ ဒေါက်တာ ထရေဂျာ၏ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် နောက်ဆုံး သဘောတူခဲ့ရပြန်၏။

ဒေါက်တာ ထရေဂျာက ဂျွန်နီ၏ ဦးခေါင်းမှ ပြူးထွက်နေသော အလုံးကြီးအတွင်းသို့ အရည်စုပ်ထုတ်မည့် အပ်ကို ထိုးစိုက်လိုက်၏။

ရုတ်တရက် စိုက်မရ။

အလုံးကြီးမှာ ယခင်ကထက် ပို၍ မာနေ၏။ အကျိန်မာနေခြင်းမှာ မကောင်းသော လက္ခဏာပင် ဖြစ်၏။

မည်သူမျှ စိတ်မကောင်းကြ။

အကျိတ် မာလွန်းနေသဖြင့် အတွင်းမှ အရည်အနည်းငယ်သာ စုပ်ယူ၍ရ၏။



BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော်နှင့် ဖရန့် နှစ်ဦးလုံး အလွန်စိတ်မကောင်းပါ။ သို့သော် ကျွန်တော်တို့၏ ဝမ်းနည်းကြေကွဲသော မျက်နှာကို ဒေါက်တာထရေဂျာ မမြင်နိုင်အောင် လွှဲနေခဲ့၏။

နောက်နေ့များတွင် ဒေါက်တာ မောက်တစ်ဦးတည်းသာ ပေါ်လာ၏။ ဒေါက်တာမောက်က ဂျွန်နီ၏ ကင်ဆာသည် ဂျွန်နီ၏ ဦးနှောက်မည်သည့်အပိုင်းဆီသို့ ဦးတည်ဖျက်ဆီးခြင်းပြုနေသည်ကို စစ်ဆေး၏။

သူ၏ စစ်ဆေးပုံများမှာ စိတ်ဝင်စားစရာ ဖြစ်၏။ ဂျွန်နီကလည်း အလွန်တရာ စိတ်ဝင်စား၏။

ကြည့်ပါ။

ဂျွန်နီကို မျက်စိမှိတ်ခိုင်း၍ သူ၏ လက်ဖဝါးအတွင်းသို့ သေးငယ်သော ပိုက်ဆံပြားတစ်ပြားကို ထည့်လိုက်၏။

“ကဲ- ပြောစမ်း ဂျွန်နီ၊ မင်းလက်ထဲက ပစ္စည်းဟာ ဘာလဲ”

ဂျွန်နီက မပြောနိုင်။

“ကျွန်တော် မှန်းဆကြည့်လို့ မရဘူးခင်ဗျာ”

“ကြိုးစား မှန်းဆကြည့်စမ်းပါ”

ဂျွန်နီက ဆက်ကြိုးစား၏။

မရ။

ထို့နောက် ဂျွန်နီ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်း၏ လှုပ်ရှားမှုများကို သူ စစ်ဆေး၏။ လေ့လာ၏။

“ဂျွန်နီ မင်းနှာခေါင်းကို မင်း လက်နဲ့ စမ်းကြည့်စမ်း”

ဂျွန်နီက စမ်းကြည့်လိုက်၏။

“အေးလား”

“မအေးဘူး ခင်ဗျာ”

ထို့နောက် ဂျွန်နီကို မေးခွန်းပေါင်းများစွာ မေးပြန်၏။


BURMESE CLASSIC .com

www.burmeseclassic.com


ဒေါက်တာမောက်၏ ရင်တွင်းတွင် မည်သည့်အတွေးများ ရှိနေသည်ကို ကျွန်တော်တို့ မှန်းဆမရပါ။

ထိုအချိန်၌ ဂျွန်နီ၏ ရင်ထဲတွင် ဆန္ဒတစ်ခု ပြင်းပြနေ၏။

သူ့ခေါင်းမှ ပတ်တီးကြီးကို နေ့တိုင်းခွာချင်သည်။ အသစ်လဲချင်သည်။ သူ့ခေါင်းကို သန့်ရှင်းအောင် လျှော်ပစ်ချင်သည်။

ဒေါက်တာ ဂါဆန်က သူ့ဆန္ဒကို လိုက်လျော၏။ ဂျွန်နီပြုစေချင်သည့်အတိုင်း ပြုပေး၏။ ထိုအချိန်၌ အပြောင်ရိတ်ထားသော ဂျွန်နီ၏ ဦးခေါင်းတွင် ဆံပင်သစ်များမှာလည်း ပြန်ထွက်စပြုလျက် ရှိလေပြီ။

ဂျွန်နီ၏ ဦးနှောက်မှ အကျိတ်အခြေအနေမှာ မကောင်းပါ။ တစ်နေ့တခြား ပိုဆိုးနေ၏။ သို့သော် အဆိုးထဲမှ အကောင်းကို တွေးယူနိုင်သော အချက်အချို့ရှိ၏။ ဂျွန်နီ၏ အကျိတ်သည် ယခု ဖြစ်နေသောနေရာ၌သာ အဖြစ်ဘဲ ဦးနှောက်၏ အခြားတစ်နေရာရာ၌သာ ဖြစ်လျှင် ယခုထက်ပိုသော ဖြစ်ရပ်ဆိုးများကို ကြုံတွေ့ရမည် ဖြစ်၏။

စကားပြော၍ မရဘဲလည်း ဖြစ်သွားနိုင်သည်။

လမ်းလျှောက်၍ မရဘဲလည်း ဖြစ်သွားနိုင်သည်။

ဂျွန်နီသည် ညာသန်ဖြစ်၏။

ယခု သူ့ဦးခေါင်းမှ အကျိတ်မှာ ဦးနှောက်၏ ညာဘက်အခြမ်းတွင် ဖြစ်နေသည်။ အကျိတ်သည် ဦးနှောက်၏ ညာဘက်အခြမ်းတွင် ဖြစ်လျှင် ယခုထက်ပိုသော ဖြစ်ရပ်ဆိုးများကို ကြုံတွေ့ရမည် ဖြစ်၏။

ဂျွန်နီ၏ ဘယ်လက်များမှာ တစ်နေ့တခြား တဖြည်းဖြည်းချင်း ပို၍အားနည်းလာနေသည်။ လှုပ်ရှားနိုင်သည့် စွမ်းအားမှာလည်း တဖြည်းဖြည်းကျလာနေသည်။ အကယ်၍ ညာဘက်လက်၏ စွမ်းအားသာ ကျဆင်းလာနေလျှင် ဂျွန်နီသည် ပို၍ စိတ်ဒုက္ခရောက်ရာလေ

www.burmeseclassic.com


မလား။

ဇွန်နီသည် ကျော်လွှားနိုင်သည့်အဖြစ်များကိုလည်း သူ့သဘော သူ့ဆန္ဒအလျောက်ပင် လက်ခံ၏။ ဤကဲ့သို့ လက်ခံတတ်သော လက်ခံနိုင်သော စွမ်းအားရှိလိမ့်မည်ဟုလည်း ကျွန်တော်တို့ မမျှော်လင့်ခဲ့ပါ။

သူသည် ဒီရာဖီးရှိ သူ့ကျောင်းသို့ ဘယ်အခါမှ ပြန်သွားနိုင်တော့မည်မဟုတ်။ ဤသို့ မပြန်နိုင်တော့သည့်အကြောင်းကို ပြောပြရန် ကျွန်တော်နှင့် ဖရန့် နှစ်ဦးလုံး ဝန်လေးနေသည်။ မည်သူမျှ မပြောချင်။

"အဖေ ကျွန်တော် ကျောင်းမှာ ခုလို နေမကောင်းလို့ လွတ်ကုန်တဲ့ ကျောင်းသင်ခန်းစာတွေကို ပြန်သင်ပေးဖို့ ဆရာနှစ်ယောက် ရှာပေးပါလား"

ကျွန်တော်နှင့် ဖရန့် မပြောချင်သောစကား ဇွန်နီသည် အလိုလို သိနေသကဲ့သို့ ရှိ၏။ ဒီးရားဖီးရှိ သူ့ကျောင်းသို့ သူ မပြန်နိုင်တော့သည်အဖြစ်ကို သူ့ဟာသူ လက်ခံထားပြီးဖြစ်သကဲ့သို့ ရှိချေပြီ။ ထိုကျောင်းအစား ယခု ဆရာနှစ်ယောက်ဖြင့် အစားထိုးရန် ဆုံးဖြတ်ထားလေပြီ။

ကျွန်တော် ဆရာနှစ်ယောက်ကို ရှာပေးရန် သဘောတူလိုက်၏။

တကယ်တော့ ယခုအချိန်၌ ဇွန်နီသည် တည့်တည့်ပင် လမ်းလျှောက်မရ။ သူ့ဘယ်ဘက်လက်နှင့် လက်ချောင်းလေးများ လှုပ်နိုင်ရန်ပင် အလွန်ကြိုးစား လှုပ်ရှားနေရ၏။ သူ့မျက်လုံးနှစ်ဖက်မှာလည်း ယခင် မြင်နိုင်စွမ်းအားများ၏ တစ်ဝက်သာရှိတော့၏။ သူ့ဦးနှောက်၏ အစိတ်အပိုင်းအချို့မှာ ယခု ပျက်စီးကုန်လေပြီ။ သို့သော် သူ


BURMESE CLASSIC .com

www.burmeseclassic.com


ဆက်၍ အလုပ်လုပ်ချင်သည့် ဆန္ဒရှိနေသေး၏။

အံ့စရာ။

ကျောင်းစာကိုပင် သင်ချင်နေသေး၏။

ဖရန့်က ဂျွန်နီအတွက် ဆရာနှစ်ယောက်ကို ရှာငှားပေးလိုက်၏။ ဂျွန်နီက နေ့စဉ် သူ သိချင်၊ တက်ချင်သည့် သင်ခန်းစာများကို သင်ရန် အစီအစဉ်များ ရေးဆွဲ၏။ သူ ရေးဆွဲစိတ်ကူးနေပုံမှာ စစ်မြေပြင်၌ စစ်သူကြီးတစ်ဦး သူ တိုက်ခိုက်ရမည့် တိုက်ပွဲများအတွက် အစီအစဉ် ပြုလုပ်နေသကဲ့သို့ပင် ဖြစ်၏။

ဂျွန်နီသည် သူ့ဝေဒနာများကို လုံးဝမေ့ထားလိုက်သကဲ့သို့ ရှိ၏။

ကြည့်ပါ။

အောက်ဖော်ပြပါစာမှာ သူ့မိခင် ဖရန့်အား သူ၏ ဒီရားဖီးကျောင်းမှ ဆရာကြီး မစ္စတာဘော်ဒင်ထံသို့ သူ့ကို စာရေးခိုင်းသည့် စာဖြစ်၏။

၄-၁၁-၁၉၄၆

**ဆရာကြီး မစ္စတာ ဘော်ဒင်ခင်ဗျား-**

**ကျွန်တော့် ကျောင်းစာများအတွက် ကျွန်တော် အလွန်စိတ်ပူနေပါသည်။ မနှစ်က စာမေးပွဲတွင် ရူပဗေဒဘာသာ၌ မေးခွန်း ၃၀ အနက် ကျွန်တော် ၅ ခုသာ ဖြေဆိုနိုင်ခဲ့ပါသည်။ ဓာတုဗေဒ ဘာသာ၌လည်း ကျွန်တော် အလွန်နောက်ကျ ကျန်ရစ်နေပါပြီ။ ပြင်သစ်စာများကိုလည်း ကျွန်တော် ဘာမှ မမှတ်မိတော့ပါ။ ဆရာကြီးခင်ဗျား … မကျန်းမမာဖြစ်နေချိန်၌ စာသင်ရသည်မှာ အလွန် မလွယ်လှပါ။**

**ကျွန်တော့်ကို ကူသပေးခဲ့ကြသည့် ဆရာဝန်များမှာမူ ၂၃ ယောက်တိတိ ရှိသွားပြီ။ အားလုံးကပင် ကျွန်တော့် ဦးခေါင်းအတွင်း**


BURMESE CLASSIC .com

www.burmeseclassic.com


၌ အကျိတ်ပေါ်နေခဲ့သည်မှာ ခြောက်လကျော်ရှိသွားပြီဟု ပြောကြပါသည်။

အဖေက ကျွန်တော့်ရောဂါအကြောင်းကို လွန်ခဲ့သည့် ဧပြီလအတွင်းကမှ သိပါသည်။

ကျွန်တော် စိတ်မကောင်းပါ။ ကျွန်တော်ကျောင်း၌ လွတ်ကုန်သည့် သင်ခန်းစာများကိုလည်း မည်သို့ ပြန်လိုက်ရမည် မသိတော့ပါ။ ကျွန်တော် ယခု နေထိုင်နေရသည့် နေရာတွင်လည်း မနေချင်ပါ။ သို့သော် ဤနေရာတွင်ပင် အမြဲနေရတော့မည်ကဲ့သို့ ဖြစ်နေပါသည်။

ယနေ့ ကျွန်တော့် အသက် ၁၇ နှစ်ပြည့်ပါသည်။ လာမည့်နှစ်တွင် တက္ကသိုလ်ကြီးသို့ ဆက်သွားပါမည်။ ဟားဗတ်တက္ကသိုလ်ကြီးသို့ သွားချင်ပါသည်။ တက္ကသိုလ်သို့ မဝင်မီ ဝင်ခွင့်စာမေးပွဲကိုလည်း ဖြေရဦးမည်ကိုလည်း သိပါသည်။ လက်ရှိ အခြေအနေများအရ ကျွန်တော့် ရည်မှန်းချက်များအတွက် လုံးဝမျှော်လင့်ချက် မရှိပါ။

ဆရာကြီး ဘော်ဒင်ခင်ဗျား-

ရူပဗေဒသင့်သည့် မစ္စတာ ဟောနီကိုလည်းကောင်း၊ ဓာတုဗေဒသင့်သည့် မစ္စစ် ဘော်ဒင်ကိုလည်းကောင်း၊ ကျွန်တော် လွန်ခဲ့သည့်နှစ် စာမေးပွဲတွင် အခြားကျောင်းသားများ ဖြေနိုင်သကဲ့သို့ ဘာကြောင့် မဖြေနိုင်သည်ကို ရှင်းပြပေးပါ။

ကျွန်တော်၏ အင်္ဂလိပ်စာနှင့် ပြင်သစ်စာမှတ်စုများလည်း ယခု ပျောက်ကုန်ပါပြီ။

ကျွန်တော် စိတ်မကောင်းပါ။

ကျွန်တော်၏ ပြဿနာများကို ယခုကဲ့သို့ ဆရာ့အား ပြောပြရသည့်အတွက်လည်း ပို၍ စိတ်မကောင်းပါ။

လေးစားလျက်
ဝွန်ဂါနာ


BURMESE CLASSIC .com

www.burmeseclassic.com



ဆရာကြီး ဘော်ဒင်မှာ အလွန် မေတ္တာတရား ကြီးမားသူဖြစ်၏။

ဂျွန်နီ၏စာကို ရပြီးနောက် ချက်ချင်းစာပြန်လာ၏။ နောက် မကြာမီ ဂျွန်နီ၏ ရူပဗေဒဆရာဖြစ်သော မစ္စတာဟောနီကို ဂျွန်နီရှိနေသော နယူးယောက်မြို့သို့ပင် လွှတ်ပြီး လူမမာမေးလာစေ၏။

ရူပဗေဒဆရာ မစ္စတာ ဟောနီမှာလည်း အလွန်ကြင်နာစိတ်ရှိသူဖြစ်၏။ သူလာမည်ဟု သတင်းကြားရစဉ်က မိနစ်အနည်းငယ်ခန့်သာ ဂျွန်နီနှင့် တစ်ကြိမ်လာတွေ့ပြီး ပြန်သွားလိမ့်မည်ဟု ကျွန်တော် ထင်မှတ်ခဲ့၏။

ကျွန်တော် ထင်မှတ်မှုမှာ မမှန်။

ဂျွန်နီထံသို့ အကြိမ်ပေါင်းများစွာ အလည်လာပြီး အချိန်ကြာမြင့်စွာ ဂျွန်နီ့ဘေးတွင် အတူနေသွား၏။

ဂျွန်နီ၏ပြဿနာများကို စိတ်ရှည်စွာ နားထောင်၏။ အကြံကောင်း၊ ဉာဏ်ကောင်းများကို ပေး၏။ ဆွေးနွေး၏။

မစ္စတာဟောနီ ပြန်သွားပြီးနောက် ဂျွန်နီမှာ ယခင်ကထက် ပို၍ ရွှင်လန်းလာသလို ရှိ၏။

စိတ်သစ်လူသစ် ဖြစ်လာသလို ရှိ၏။

မကြာမီ သူ၏ သင်္ချာဆရာထံသို့ စာတစ်စောင် ရေးလိုက်ပြန်၏။

**ဆရာ'ဗယ်'ခင်ဗျား ...**

**ကျွန်တော် မနှစ်က သင်္ချာမေးခွန်းကို ပြန်ဖြေချင်ပါသည်။ ကျွန်တော် လွန်ခဲ့သည့် နှစ်လလုံးလုံး မနှစ်က သင်္ချာသင်ရိုးများကို ဆရာ အယ်ဗယ်စီဗ အကူအညီဖြင့် ပြန်လေ့လာခဲ့ပါသည်။ ယခု အားလုံး တက်နေပါပြီ။ သို့သော် ယခု စားမေးပွဲမဝင်ရလျှင် ယခင် တစ်ကြိမ်ကကဲ့သို့ပင် ဤသင်္ချာတွက်နည်းများကို ကျွန်တော် ပြန်မေ့**

www.burmeseclassic.com


သွားပါဦးမည်။

ဆရာ့သင်္ချာမေးခွန်းများကို ကျွန်တော့်အဖေထံသို့ ပို့ပေးပါ။ ကျွန်တော့် အဖေက ဆရာ့ကိုယ်စား ဤမေးခွန်းများကို ကျွန်တော့်ကို ပြန်မေးရန် စီစဉ်ထားပါသည်။ သို့သော် ဖြေဆိုရမည့် အချိန်အတိုင်း အတာကိုမူ ကျွန်တော့် ကျန်းမာရေးအခြေအနေပေါ် မူတည်ပြီး သတ်မှတ်ရပါမည်။

အဖြေလွှာများ အဆင်သင့်ရှိသည်နှင့် ဆရာထံသို့ ပေးပို့ပါမည်။ အကယ်၍ ကျွန်တော် မအောင်ခဲ့လျှင်လည်း နောက်တစ်ကြိမ် ကြိုးစားခွင့် ပြုပါဦးခင်ဗျား။ ကျွန်တော် လာမည့်နှစ်တွင် ကျောင်းပြန် တက်ချင်ပါသည်။ ဆရာကြီး ဘော်ဒင်အားလည်း ကျွန်တော် အမြဲ သတိရကြောင်း ပြောပေးပါခင်ဗျား။

လေးစားလျက်
ဂျွန်ဂါနာ

မကြာမီ ကျောင်းအုပ်ဆရာကြီး ဘော်ဒင်ထံသို့ ဂျွန်နီ ဒုတိယ မြောက် စာရေးလိုက်ပြန်၏။

၂၀-၁၁-၁၉၄၆

ဆရာကြီး ဘော်ဒင်ခင်ဗျား-

ဆရာကြီး၏ ပြန်ကြားစာကို ကောင်းစွာ ရရှိပါသည်။ အလွန် ကျေးဇူးတင်ပါသည်။ ဆရာကြီးစာကို ဖတ်ရပြီးနောက် ကျွန်တော့်တွင် ကျောင်းသင်ခန်းစာများနှင့် ပတ်သက်၍ သောကစိတ်များ မရှိတော့ပါ။

ဆရာဟေနီလည်း ကျွန်တော့်ထံ အလည်လာပါသည်။ ဆရာကို မြင်တွေ့ခွင့်ရ၊ စကားပြောခွင့်ရသည့်အတွက် ကျွန်တော် အထူး


BURMESE CLASSIC .com

www.burmeseclassic.com



ဝမ်းသာမိပါသည်။

ကျွန်တော် အစာစားရာ၌ စောစောကကဲ့သို့ ပြဿနာ မတွေ့ရတော့ပါ။ ပို၍ စားနိုင်လာပါသည်။ မကြာမီ ပို၍ ကျန်းမာလာမည့်ဟု ထင်ပါသည်။

အင်္ဂလိပ်ဘာသာနှင့် သမိုင်းဘာသာများကိုလည်း ကျွန်တော် ကျောင်း၌ သင်ကြားနေမည့် သင်ရိုးများအတိုင်း လေ့လာနေပါသည်။

ကျွန်တော် မနှစ်က မဖြေနိုင်ခဲ့သော ဘာသာရပ်အားလုံးကိုလည်း ပြန်ဖြေရန် ပြင်ဆင်နေပါသည်။ သင်္ချာဘာသာမှစ၍ ဖြေပါမည်။

ဆရာကြီး၏ဇနီး ဓာတုဗေဒဆရာမ မစ္စစ်ဘော်ဒင်အားလည်း သတိရကြောင်း ပြောပေးပါခင်ဗျာ။

လေးစားလျက်
ဂျွန်ဂါနာ

ဂျွန်နီ စာမေးပွဲ ဖြေဆိုမည့်နေ့သို့ ရောက်ခဲ့လေပြီ။

ဤနေ့မှာ ဂျွန်နီ၏ဘဝတွင် အလွန်အရေးကြီးသော နေ့တစ်နေ့ပင်ဖြစ်၏။

သူ ဘယ်သို့ ဖြေမည်နည်း။

သူ အားတက်စရာ ဖြစ်လာမည်လေ။

အားလျှော့စရာ ဖြစ်လာမည်လော။

ဆရာတစ်ဦးကမူ ဂျွန်နီသည် ခေတ္တအချိန်စောင့်သင့်သည်ဟု ပြော၏။

ဂျွန်နီက လက်မခံ။

ဖရန့်ကို ဂျွန်နီက ပြော၏။



BURMESE CLASSIC .com

www.burmeseclassic.com


"အမေရယ်၊ အဲဒီဆရာ့ကို ပြောလိုက်စမ်းပါ။ ကျွန်တော် အခုပဲ ဖြေချင်ပြီလို့၊ ဓာတုဗေဒရော၊ ရူပဗေဒရော နှစ်ခုလုံးကိုပါ ဖြေချင်တယ်။ ပြောပေးပါနော် အမေ၊ ပြောပေးပါ"

ဖရန့်ကို ထိုသို့သူအကြိမ်ကြိမ်ပြော၏။ ထိုသို့ ပြောနေစဉ် သူ့မျက်လုံးများမှာ အဝေးသို့ငေးကြည့်နေပြီး ...

"အမေရယ် ... ကျွန်တော့်ကို နားလည်ပေးပါ။ အမေ ကျွန်တော့်ကို နားမလည်ပါဘူး။ ကျွန်တော့်မှာ သိပ်အချိန်မရှိတော့ဘူး အမေရဲ့"

နောက်ဆုံး ... စာမေးပွဲဖြေရန် အားလုံး သဘောတူလိုက်ရ၏။

ဂျွန်နီ ကောင်းစွာ ဖြေဆိုနိုင်၏။

စာမေးပွဲဖြေပြီး နောက်တစ်နေ့တွင် ဖရန့်ကို သူပြော၏။

"အမေရယ် ဘဝမှာ တစ်ခါတစ်လေတော့ ကိုယ်ဖြစ်လာမယ် ထင်တာကို စွန့်လုပ်ကြည့်ရတာပဲ" တဲ့။

နောက် ဂျွန်နီ ရုတ်တရက် ရောဂါ ဖောက်လာပြန်၏။

သူ့ဦးခေါင်းမှာ အပြင်သို့ ရောင်ထွက်နေသော အဖုကြီးနှစ်ခုမှာ ယခု နီးပြီး ပန်းသီးကြီးနှစ်လုံးကဲ့သို့ ဖြစ်နေ၏။

ဂျွန်နီ ပိုအားနည်းလာ၏။

ကိုယ်အပူချိန်လည်း တက်လာ၏။

ဒေါက်တာပတ်နင် ခရီးသွားရာမှ ပြန်ရောက်လာပြီး ဂျွန်နီကို လာကြည့်၏။ ဂျွန်နီ အသက်ရှင်နေသေးသည့် အဖြစ်ကို ကြည့်ပြီး အလွန်အံ့ဩနေ၏။ သူ့မျက်စိကိုပင် သူမယုံတော့ဟု ပြော၏။

တစ်နေ့ညတွင် ဒေါက်တာပတ်နင်၊ ဒေါက်တာဂါဆင်နှင့် ဒေါက်တာ ထရေဂျာတို့ အခန်းတံခါးကို အလုံပိတ်ပြီး ဆွေးနွေးကြ၏။

www.burmeseclassic.com


ထိုအချိန်၌ ဂျွန်နီ အိပ်နေပြီး အခန်းအပြင်ဘက်တွင် ကျွန်တော်နှင့် ဖရန့်မှာ ဂနာမငြိမ်ပဲ စောင့်နေကြ၏။

ဒေါက်တာ ဂါဆင်မှပဲ လွဲပြီး အားလုံးက ရောဂါမပြန့်ပွားရန် အတွက် ခွဲစိတ်ရန် သဘောတူကြသည်။ အဖုကြီးမှ ဖြူဝါရောင် အရည် များ နေ့တိုင်း ထွက်ကျနေသည်။ အဖုမှာ ပိုကြီးလာသော်လည်း ပျော့လာ ပြီ ဖြစ်သဖြင့် အရည်များ ထုတ်ပစ်သင့်နေလေပြီ။

ဒေါက်တာ ဂျာဆန်ကမူ ခွဲစိတ်ရန် သဘောမတူပေ။ ဂျွန်နီ စားနေသော အထူးအာဟာရကြောင့် ကင်ဆာရောဂါမှာ ပျောက်စပြုနေ ပြီဟု သူက ပြင်းပြင်းထန်ထန် ယုံကြည်နေသည်။ ဖြူဝါရည်မှာ ကင်ဆာ အဖု ပျော်ပြီးထွက်လာသော အရည်ဟုပြော၏။ ခွဲစိတ်ရန်အတွက် အခွဲစိတ်မီ ပေးရသော မေ့ဆေးမှာ ဂျွန်နီအသက်အန္တရာယ် ဖြစ်နိုင်၍ သူက ခွဲစိတ်ရန် သဘောမတူနိုင်ကြောင်းပြော၏။ ဒေါက်တာဂျာဆန် သည် လူတိုင်းနည်းတူ ဂျွန်နီကို အသက်ရှင်စေလိုသည်။ သူ့နည်း သူ့ဟန်ဖြင့်လည်း ဂျွန်နီ့အသက်ကို ကယ်ဆယ်လိုက်သည်။

ဆရာဝန်များ အချင်းချင်း အငြင်းအခုံ ဖြစ်ရသည်။ ကျွန်တော့် အဖို့ ထိုနှစ် ဒီဇင်ဘာလလောက် ခက်ခဲသည့် အချိန်မျိုး မတွေ့ဘူးပါ။

ဖရန့်နှင့် ကျွန်တော်မှာ ဆုံးဖြတ်ရန် တာဝန်ရှိသည်။

ဆရာဝန်များအဖို့ ရှင်းပြရုံ၊ အကြံပေးရုံသာ တတ်နိုင်သည်။ နောက်ဆုံး ကျွန်တော်တို့၏ ဆန္ဒသည်သာ အဆုံးအဖြတ် ဖြစ်ပေ လိမ့်မည်။

ဂျွန်နီကို ထိုးဆေးပေးမည့်အစား အခြားဆေးအသုံးပြုရန် ဆွေးနွေးကြ၏။ ဒေါက်တာဂါဆင်က သဘောတူသကဲ့သို့ ဒေါက်တာ မောက်ကလည်း သဘောတူသည်။ ဂျွန်နီ ဆေးရုံတက်နေစဉ်အတွင်း ဂျွန်နီ စားနေသော အထူးအာဟာရကို ဆက်စားခွင့်ပေးသည်အထိလည်း


BURMESE CLASSIC .com

www.burmeseclassic.com


လူတိုင်းက သဘောတူကြသည်။

ဖရန့်အဖို့ အလွန်ကြီးမားသော တာဝန်တစ်ရပ်ကို ပြုလုပ်ရပြန်သည်။ အဘယ်ကြောင့်ဆိုသော် အစားအစာကို လေးလံစွာ သယ်ဆောင်ရသောကြောင့် ဖြစ်သည်။

ဒေါက်တာပတ်နင် လာကြည့်ပြီးနောက် ဂျွန်နီပြောစကားအရ ဂျွန်နီ ဘာတွေးနေသည်ကို သိရပေသည်။

"ခွဲမှာသာ ခွဲပါဗျာ၊ ဒီအဖုကြီးက ကျွန်တော့်အာရုံကြောတွေကို ဖျက်ဆီးနေတာ၊ နောက်ထပ် နှစ်ခါတော့ ခွဲရဦးမှာပါပဲ"

သူ့စကားများ မှန်ပါသည်။

ကျွန်တော် သူ့ကို ဆေးရုံသို့ ကားဖြင့်ပို့ရပြန်သည်။ တစ်ရက်နှစ်ရက်မျှသာ ကြာမည်ဟု ထင်ခဲ့ကြသည်။ သို့သော် ဂျွန်နီမှာ ၅ ပတ်မျှ ဆေးရုံတွင် နေခဲ့ရသည်။

□ □ □

ဂျွန်နီကို ခွဲစိတ်ကုသမှုပြုလုပ်ရန် မွန်းလွဲပိုင်းအချိန်ကို သတ်မှတ်ထားခဲ့၏။ သို့သော် ထိုသတ်မှတ်ချိန်သို့ ရောက်အောင်ပင် မစောင့်နိုင်ခဲ့။

မနက်ပိုင်းတွင် ဂျွန်နီခေါင်းမှ အဖုကြီး အလိုအလျောက် ပေါက်သွား၏။

အဖြူရောင် ပျစ်ချွဲချွဲအရည်များ ထွက်လာ၏။

ဒေါက်တာ မောက်က အရေးပေါ် ခွဲစိတ်မှုကို သူ့ရုံးခန်း၌ပင် ပြုလုပ်လိုက်ရ၏။

ထိုမနက် ၁၁ နာရီတွင် ဒေါက်တာမောက် ကျွန်တော့်ထံ


BURMESE CLASSIC .com

www.burmeseclassic.com


ဖုန်းဆက်လာသည်။ သူ့အသံမှာ ဝမ်းမြောက်ကျေနပ်မှုကိုမပြ။ ဌျန်နီ့ကင်ဆာအဖုကို ခွဲစိတ်ပြီးကြောင်းနှင့် အကျိတ်အတွင်းမှ အရည်တစ်ပန်းကန်စာမျှ ထုတ်ယူနိုင်ခဲ့ကြောင်းသာ ပြော၏။ ရောဂါသက်သာသွားပြီဟု မပြော။

သို့သော် လက်တွေ့တွင် ဌျန်နီမှာ ခွဲစိတ်ကုသခံရပြီးနောက် သက်သာသလို ရှိ၏။ အားလည်း ရှိလာသလိုပင်။

ဌျန်နီ့အတွက် မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ခဲ့ပြန်ပြီ။

သူ ပြန်ကစား၏။

မိတ်ဆွေများနှင့် ပြန်စကားပြော၏။

ပြန်၍ ပြုံးခြင်း၊ ရယ်ခြင်းကို ပြုကြပြန်၏။

နောက်ဆုံး သူ့ကျောင်းမှ သူဖြေဆိုချင်သော ဘာသာရပ်တစ်ခု၏ စာမေးပွဲ မေးခွန်းများကိုပင် ဖြေဆိုပေးခဲ့နိုင်ပြန်၏။

ကျွန်တော်တို့အားလုံး ဝမ်းသာရပြန်၏။

သို့သော် ပြဿနာတစ်ခုမှာ သူ့ခေါင်းမှ ခွဲစိတ်ထားသည့်အနာမှ ပတ်တီးကို မကြာခဏလဲ ပေးနေရခြင်းဖြစ်၏။ တစ်နေ့တစ်ရက်တွင် အကြိမ်ကြိမ် လဲရ၏။ လဲသည့်အခါတိုင်းလည်း အလွန် သတိထားလဲရ၏။ အချိန်ယူရ၏။ သူနာပြုဆရာမတစ်ဦးမှာ ဤပတ်တီးလဲပေးနေရသော အလုပ်နှင့်ပင် တစ်နေ့တစ်နေ့ အချိန်ကုန်နေရ၏။

သို့သော် ဝမ်းမြောက်စရာ မြင်ကွင်းတစ်ရပ်မှာ အနာမှာ တဖြည်းဖြည်း ကျက်လိုက်လာ၏။ ဖုနေသည့် မြင်နေကျ အကျိတ်လုံးကြီးလည်း ပျောက်သွားချေပြီ။

ဒေါက်တာမောက်သည် ဌျန်နီ့ဦးနှောကမှ ကင်ဆာအဖုကြီးလိုတစ်စမကျန် လုံးဝအောင်မြင်စွာ ထုတ်လုပ်နိုင်လေပြီလား။

အကယ်၍သာ အောင်မြင်စွာ ထုတ်ပစ်နိုင်ခဲ့ပြီဟုဆိုလျှင်


BURMESE CLASSIC .com

www.burmeseclassic.com


ဂျွန်နီ့ဦးခေါင်းတွင် ယခု မြင်နေရသည့် အနာကျက်သွားသည့် အချိန်၌ အမာရွတ်လေးတစ်ခုသာ ကျန်နေတော့မည်။

မှန်သည်။

ဆရာဝန်တစ်ဦးပြီးတစ်ဦး ဂျွန်နီထံသို့လာပြီး သူ့ခေါင်းမှ ပတ်တီးကို ဖြုတ်၍ စစ်ဆေးကြ၏။ အားလုံး အံ့သြကြ၏။ ဂျွန်နီကို ဤမျှ အသက်ရှည်စွာ နေနိုင်လိမ့်မည်ဟု သူတို့တစ်ဦးတစ်ယောက်မျှ မထင်ခဲ့။ သူတို့ ထိုသို့မထင်ခဲ့သော ဂျွန်နီသည် သူတို့အရှေ့အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်ပြီး သူ့ကျောင်းတွင် သင်ကြားသော ဓာတုဗေဒဘာသာရပ်များအကြောင်းကိုပင် စိတ်ဝင်စားစွာ ပြောပြနေလိုက်သေး၏။ အံ့သြစရာ မဟုတ်ပေလား။

ရက်အနည်းငယ်ကြာလျှင် ဂျွန်နီ့ကင်ဆာအကျိတ်မှ ထုတ်ယူထားသော အရည်များကို စစ်ဆေးထားသည့် ဓာတ်ခွဲခန်းမှတ်တမ်းလည်း ရောက်ရှိလာ၏။

ထိုအရည်အတွင်း၌ ဂျွန်နီ့ကို အန္တရာယ်ပြုနိုင်သော ဓာတ်ပစ္စည်းများ မရှိတော့။ အကျိတ်သည်လည်း ပိုမိုကြီးထွားလာခြင်း မရှိတော့ဟု တိကျစွာ ဖော်ပြထား၏။ ကျွန်တော်တို့အားလုံး ဝမ်းသာရ၏။ ဤဓာတ်ခွဲခန်း မှတ်တမ်းသည် ဒေါက်တာဂါဆင် ယုံကြည်သည့် ကင်ဆာအကျိတ် သေသွားပြီ၊ ပျောက်သွားပြီဟူသော ယုံကြည်ချက်မှန်ကန်သည်ကို ထောက်ခံသကဲ့သို့ ရှိချေပြီ မဟုတ်လား။

အားလုံးဝမ်းသာကြ၏။

ကျွန်တော်တို့ မှတ်မိသေး၏။ ဒေါက်တာမောက် လွန်ခဲ့သည့် နှစ်လအချိန် ဂျွန်နီ့ခေါင်း ကင်ဆာအဖုအတွင်းမှ အရည်များ ထုတ်စဉ်က အကျိတ်မှာ ပျော့မနေ။ ကျောက်ခဲကဲ့သို့ မာနေ၏။

ယခု ပျော့လျက်ရှိချေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com



နောက်ဆုံး ပတ်တီးသစ်ကိုလဲပြီးနောက် ဖရန့်နှင့် ကျွန်တော် ဂျွန်နီကို ကားပေါ်တင်ပြီး အိမ်ပြန်ခေါ်ခဲ့ကြ၏။

ဂျွန်နီ အိမ်ပြန်မလာနိုင်ခဲ့သည်မှာ ကြာချေပြီ။

ကျွန်တော် ထိုကြာသောအချိန်ကို ပြန်တွက်ကြည့်၏။ သူ့ကို ဆေးရုံပို့ခဲ့သောနေ့မှာ လွန်ခဲ့သည့် ဩဂုတ်လအတွင်း၌ပင် ဖြစ်၏။

ယခု ဖေဖော်ဝါရီလ၊ ၆ ရက်။

အိမ်ပြန်ရောက်လျှင် ဂျွန်နီ အလွန်ပျော်၏။ အိမ်တွင်း၌ ပတ်ပြေးပြီး ခုန်နေ၏။ နေရာတကျမရှိသော သူ့ပစ္စည်းများကို ပြန်သိမ်းပြီး နေရာတကျ ပြန်ထား၏။

နောက်တစ်ရက်တွင် ဒေါက်တာမောက် ရောက်လာ၏။ ဂျွန်နီ့ အနာကို စနစ်တကျ စစ်ဆေး၏။

"ကျုပ် ခွဲတုန်းက ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ဘူးဗျာ၊ ကံပေါ့ဗျာ၊ နောက်ဆုံးတော့ ကလေးကုသိုလ်ကံကြောင့်လို့ပဲ ဆိုရမှာပဲ"

ကျွန်တော်တို့ မမျှော်လင့်ရဲခဲ့သော မျှော်လင့်ချက် ယခု ကျွန်တော်တို့ ပိုင်ဆိုင်ခဲ့ရပြီ။

ကျွန်တော်နှင့် ဖရန့်မှာ ဂျွန်နီ အနာဂတ်အတွက် အမျိုးမျိုး တွေးပြီး ရင်ခုန်သံများ မြန်နေခဲ့ကြ၏။

ဩော် - လူ့ဘဝမှာ အံ့စရာများပါတကား။



BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၇)

ကျွန်တော် တွေးကြည့်နေသည်။

ဂျွန်နီအခြေအနေမှာ ကောင်းလာနေသည်မှာ မှန်၏။ သို့သော် ဘာကြောင့် ကောင်းလာနေသည်ကို မည်သူမျှ မသိကြ။

တွေးဆချက် အမျိုးမျိုးရှိ၏။

သို့သော် မည်သည့်တွေးဆချက် မှန်မည်ကိုလည်း မည်သူမျှ အတိအကျ မပြောနိုင်။

ဓာတ်မှန်ရောင်ခြည်ပေး၍လည်း ဂျွန်နီ အကုသခံခဲ့ရဖူး၏။ ဤရောင်ခြည်စွမ်းအားကြောင့်လည်း သူ သက်သာခြင်း ဖြစ်နိုင်၏။

(အိတ်အင်တူး) ဟူသော ဓာတုပစ္စည်းဖြင့်လည်း သူ အကုသ ခံခဲ့ရဖူး၏။ ဤဓာတုပစ္စည်းကြောင့်လည်း သူ သက်သာလာခြင်း ဖြစ်နိုင်၏။

ဂျွန်နီမှာ အလွန်နုပျိုသည့်အရွယ်။ အလွန် ကျန်းမာသည့် အရွယ်။ အရွယ်ကြောင့်လည်း ကင်ဆာရောဂါ သူ့ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်ခြင်းကို ကြံ့ကြံ့ခံပြီး တွန်းလှန်နိုင်ခဲ့ခြင်းလည်းဖြစ်နိုင်၏။

www.burmeseclassic.com



သို့မဟုတ် ဒေါက်တာဂါဆန်၏ ပြောင်မြောက်သော ကုသပေးခြင်းများကြောင့်လည်း ကောင်းလာခြင်း ဖြစ်နိုင်၏။

သို့မဟုတ် အထက်ဖော်ပြပါ ကုသမှုအားလုံးပေါင်းပြီး ဤပေါင်းလိုက်သော စွမ်းအားများကြောင့်လည်း သူ သက်သာလာခြင်း ဖြစ်နိုင်၏။

ခက်သည်။

အဓိက သက်သာစေခဲ့သည့် အကြောင်းခံကို မည်သူမျှ အတိအကျမသိ။

ကျွန်တော်နှင့် ဖရန့်လည်း မသိ။

ဆရာဝန်ကြီးများလည်း မသိ။

မည်သူမျှ မသိ။

အားလုံး မသိ။

အလွန်ခက်လှသည်။

ယခု ကောင်းလာခဲ့စေသည့်အကြောင်းများကို မသိကြသလို နောက်တစ်နေ့တွင် အခြေအနေ ပြန်ဆိုးစေနိုင်သည့် အကြောင်းရပ်များကိုလည်း မည်သူမျှ မသိကြပါ။

တစ်ခု သို့မဟုတ် တစ်ခုသော အကြောင်းရပ်တစ်ခုခုကြောင့် ဂျွန်နီ အခြေအနေမှာ ရုတ်တရက် ပြန်ဆိုးလာနိုင်သည်။ ဘာမှ မသေချာ။ သေချာသည့် ပြောနိုင်သော တစ်ခုတည်းသော အကြောင်းရပ်မှာ အချိန်မရွေး အကောင်းနှင့် အဆိုး တစ်ခုခုပြောင်းနိုင်သည် ဟူသော မမြဲခြင်း သဘောတစ်ရပ်သာလျှင်ဖြစ်၏။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှစပြီး ဂျွန်နီအခြေအနေမှာ သိသိသာသာ ကောင်းလာ၏။ ထိုလမတိုင်မီ သုံးလခန့်ကမူ ဂျွန်နီသည် လမ်းပင်ကောင်းစွာ မလျှောက်နိုင်ရှာတော့။



BURMESE CLASSIC .com

www.burmeseclassic.com


ယခု သူ လမ်းကောင်းစွာ လျှောက်နိုင်ပြီ။

မပြေးနိုင်၊ မကစားနိုင်သေးသော်လည်း သူ မိုင်ဝက်ခရီးကိုမူ ရောက်အောင်လျှောက်နိုင်သည့် အခြေအနေမျိုးတွင် ရှိနေလေပြီ။

ခက်သည်မှာ သူ မတ်မတ်မလျှောက်နိုင်။ သူ့ဘယ်ခြေ ထောက်မှာ တုန်နေသည်။ ဆာနေသည်။ တစ်ခါတစ်ရံ လူတစ်ဦး တစ်ယောက်၏ တွဲပေးခြင်း အကူအညီကို အနည်းငယ် ယူရ၏။

သူ ဘယ်ဘက်မှာလည်း နဂိုအခြေအနေသို့ ပြန်မကောင်းလာ။ ပိုမဆိုးသော်လည်း အကောင်းကြီးလည်း မဟုတ်။

ဖေဖော်ဝါရီလကုန်လျှင် ဂျွန်နီ ကင်ဆာအကျိတ်မှာ ပြန်ပေါ် ခဲ့ပြန်၏။

ပေါ်စက အကျိတ်၏အရွယ်မှာ အလွန်သေး၏။ ရုတ်တရက် ကြည့်၍ပင်မမြင်။ အသေအချာ ဂရုစိုက်ကြည့်မှပင် မြင်နိုင်၏။

ရောဂါပြန်စခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ်ပင်ဖြစ်၏။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဒေါက်တာ ဂါဆင်က နယူး ယောက်မြို့မှ ဆရာဝန်ကြီး အယောက်နှစ်ဆယ်ကိုဖိတ်ပြီး တိုးတက် ကောင်းမွန်လာနေသော ဂျွန်နီကို ပြ၏။

ဂါဆင်မှာ သူ အောင်မြင်စွာ ကုသပေးနိုင်ခဲ့သော ဂျွန်နီကို အလွန်ဂုဏ်ယူပြီး ကြွားချင်နေပုံရ၏။ ကျွန်တော်နှင့် ဖရန့်မှာ ဤသို့ ဆရာဝန်ကြီးများ အုပ်စုလိုက် ဂျွန်နီ့ကို လာရောက်ကြည့်ရှု စစ်ဆေး ကြခြင်းကို မပြုလုပ်စေလိုပါ။ သို့သော် ဒေါက်တာ ဂါဆင်မှာ ဂျွန်နီ ၏ အသက်သခင် ကျေးဇူးရှင် ဖြစ်နေသဖြင့် သူ့ဆန္ဒကို မငြင်းရက်။

ဆရာဝန်ကြီးများ လာကြည့်ကြ၏။ မေးခွန်းအမျိုးမျိုးမေးကြ၏။ နောက် ဝမ်းမြောက်စွာဖြင့် ဒေါက်တာဂါဆင်၏ အောင်မြင်မှုကို ချီးကျူးကြပြီး ပြန်သွားကြ၏။


BURMESE CLASSIC .com

www.burmeseclassic.com


သို့သော် နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်ပင် ဂျွန်နီရောဂါ ရုတ်တရက် ပြန်ဖောက်လာ၏။

တစ်နေ့မနက် နံနက်စာ စားနေစဉ် သူ့ခန္ဓာကိုယ်မှာ ရုတ်တရက် တုန်လာ၏။ နောက် မှတ်နိုင်စွမ်းအား ရုတ်တရက် ကျသွား၏။ အတိတ်ကိုလည်း လုံးဝမေ့သွား၏။

ထိုမနက် ဖရန့်ကို ဂျွန်နီမေးသည့် မေးခွန်းများကို ကြည့်ပါ။

"အမေ ခုအချိန်က မနက် ရှစ်နာရီလား၊ ည ရှစ်နာရီလား"

"အမေ ခု ကျွန်တော် ဘယ်ရောက်နေတာလဲ"

"အမေ မနေ့က ဘာဖြစ်ခဲ့လဲဟင်"

"သား ဘာတစ်ခုမှ မမှတ်မိတော့ဘူး"

ဖရန့်က ဂျွန်နီကို မေးလိုက်၏။

"သားကို မနေ့က ဆရာဝန်ကြီးတွေက နယူးယောက်မြို့က လာကြည့်ကြတာကိုရော မှတ်မိလား"

"ဘာမှ မမှတ်မိဘူး မေမေ"

ကျွန်တော်တို့ ဂျွန်နီ့အတွက် စိတ်ပူကြရပြန်၏။

ဒေါက်တာ ပတ်နင်းထံသို့ ကျွန်တော် ဖုန်းဆက်လိုက်၏။ အကြောင်းစုံ ပြောပြလိုက်၏။

"စိတ်မပူပါနဲ့ဗျာ၊ ဒါ ဦးခေါင်းကို ခွဲစိတ်ကုသခံထားတဲ့ လူနာတွေမှာ ဖြစ်တတ်တဲ့သဘောပဲ၊ သူ့ရဲ့ ကင်ဆာအကျိတ်က လုံးဝ အကင်းသေသွားလဲ ဒါမျိုးကတော့ ကြုံရတတ်တာပဲ၊ ဒါမျိုး ဖြစ်လာတာနဲ့ သူ့ကင်ဆာက ပြန်ထလာပြီလို့ မပြောနိုင်ပါဘူး"

ကျွန်တော် ဒေါက်တာမောက်ထံသို့ ဖုန်းဆက်အကြောင်းကြားလိုက်ပြန်၏။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် လာခဲ့မည်ဟု ကတိပေး၏။


BURMESE CLASSIC .com

www.burmeseclassic.com


သူချိန်းထားသော ရက်တွင်ပင် ဒေါက်တာမောက် ရောက်လာ၏။

ဂျွန်နီ့ကို အသေအချာ စစ်ဆေး၏။

ဂျွန်နီ့ဦးခေါင်းတွင် အစက်အပြောက်သစ်ကလေးတစ်ခုပေါ်လာသည်မှလွဲ၍ ဘာမှထူးခြားချက်မရှိ။ အားလုံးအခြေအနေမှာ နဂိုအတိုင်းပင် ကောင်းနေ၏။

ဒေါက်တာမောက်မှာ ဂျွန်နီ၏အနီးတွင် တစ်နာရီလုံးလုံး အတူနေသွား၏။ ထိုင်စကားပြောသွား၏။

သို့သော် ထိုညနေဘက်တွင် ဒေါက်တာမောက်အကြောင်း ပြန်ပြောသောအခါ၌ ဂျွန်နီတစ်လုံးမှ မမှတ်မိတော့။ သူ၏ မှတ်နိုင်စွမ်းအား ကျခြင်းက မြန်လွန်းလှဘိသည်။

နှစ်ရက် ကြာသွားခဲ့ပြန်ပြီ။

ဂျွန်နီသည် သူ့မျက်နှာကို မှန်တွင် ကြည့်လေ့မရှိပါ။

သို့သော် သူ့ဦးခေါင်းမှ အကျိတ်ငယ်လေးကို သူ့လက်များဖြင့် စမ်းကြည့်ပြီး တစ်နေ့တခြား ပြန်ကြီးလာနေသည်ကို အလိုအလျောက်သူ သိ၏။

“အဖေ ဒီအကျိတ်လေး ကြီးလာလို့ ခွဲထုတ်ပစ်လိုက်ရင် ဒါနောက်ဆုံးဖြစ်တဲ့ အကျိတ်မဖြစ်နိုင်ဘူးလား”

ကျွန်တော် မည်သို့အဖြေပေးသင့်ကို ဆုံးဖြတ်ရခက်၏။

တွေး၍ စိတ်မကောင်းဖြစ်နေခဲ့၏။

ဂျွန်နီ့၏ မေ့တတ်သော ရောဂါသစ်၏ ကုထုံးကိုမူ ဖရန့် ရှာတွေ့ခဲ့၏။ ဂျွန်နီသည် သူ့ကို ကုသပေးနေသော ဆရာဝန်များ၏ စကားကို အလွန်ယုံကြည်တတ်သူဖြစ်၏။ ထို့ကြောင့် သူ့ဆရာဝန်များက သူ၏ မေ့တတ်လာသည့် အားနည်းချက်များကို စိုးရိမ်နေကြသည့် အဖြစ်ကို လုံးဝမသိစေခဲ့ပါ။


BURMESE CLASSIC .com

www.burmeseclassic.com


အကယ်၍သိလျှင် သူ၏ မေ့တတ်သည့် အားနည်းချက်မှာ ပိုကြီးထွားလာပြီး လုံးဝ သတိမရှိတော့သည့် ကလေး အဖြစ် ရောက်သွားမည်ကို ကျွန်တော်တို့အားလုံး အလွန်စိုးရိမ်၏။

သူ မနက်တိုင်း မေးတတ်သည့် မေးခွန်းများမှာ-

"အဖေ ကျွန်တော် ဘယ်ရောက်နေတာလဲ"

"ဒီနေ့ ဘာနေ့လဲ"

"ဒီနှစ် ဘယ်နှစ်ခုနှစ်လဲ"

နောက် သူ့ကျောင်းရှိသော ဒီရာဖီးမြို့အကြောင်း၊ ထို မြို့မှ ဖြစ်ရပ်ဟောင်းများအကြောင်းကို ပြန်မေးတော့မည် ဖြစ်၏။

ဖရန့်က ဤပြဿနာကို ဤသို့ ရှင်းသည်။

နေ့စဉ် မနက်တိုင်း ထိုမေးခွန်းများကို ဂျွန်နီ စမေး သည်နှင့်-

"ဒီမှာသား…သားနည်မည်က ဂျွန်ဂါနာ၊ သားက ဒီမှာ နေတယ် ဆိုတာ သားသိတယ်၊ သား သိတာတွေကို အဆန်းလုပ်ပြီး ဘာမှပြန် မမေးမနေနဲ့၊ ဒီနေ့က မတ်လ ၃ ရက်၊ ဒီနှစ်က ၁၉၄၇ ခုနှစ်"

ထိုသို့ပြောပြီး ဂျွန်နီ မနေ့က ကြုံတွေ့ခဲ့သော ဖြစ်ရပ်များ အကြောင်းကို မသိမသာ ပြန်ပြော၏။ ဂျွန်နီ၏ စာအုပ် အဟောင်းများမှ သူ့လက်ရေးနှင့် ရေးထားသော စာများကိုပြပြီး သူ့မှတ်ဉာဏ်ကို မသိမသာ တဖြည်းဖြည်းချင်း အားသန်လာအောင် ပြန်လေ့ကျင့်ပေး၏။

တိုးတက်မှု ရခဲ့၏။

ဂျွန်နီ၏ မှတ်ဉာဏ်မှာ သိသိသာသာ ပြန်ကောင်းလာခဲ့၏။

နောက်ရက်များတွင် ဂျွန်နီသည် သူ့ကျောင်းနှင့် သူ့ကျောင်း သင်ခန်းစာများအကြောင်းကို မဆုံးတမ်း ပြောနေ၏။ သူသည် ဟားဗတ် တက္ကသိုလ်သို့ တက်ချင်သည်။ ဟားဗတ်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲများ အကြောင်းကို သိချင်သည်။ သူ ဘာကြောင့် ဒေါက်တာ ဂါဆင်နှင့်

www.burmeseclassic.com


ဆက်၍ အကုသခံနေရသနည်း။

ဒေါက်တာဂါဆင်နှင့် အကုသခံနေသမျှ အဘယ်သို့ သူ ကျောင်းရှိရာ (ဒီရားဖီး) သို့ပြန်မည်နည်း။

သူ ကျောင်းသို့ ပြန်သွားချင်လှပြီဟု ပြောနေ၏။

ဆရာဝန်ဂါဆင် သတ်မှတ်ပေးထားသည့် အစားအစာများကိုသာ နေ့စဉ် ကျွေးမွေးနေရသည်မှာလည်း အချိန်ကြာမြင့်လာသော အခါ၌ ပြဿနာတစ်ခုအသွင် ပြောင်းလာခဲ့၏။

ဂျွန်နီ မစားချင်တော့။

ဘယ်နေ့မှစ၍ ဤအစာများကို မစားဘဲ နေရမည်နည်းဟု မကြာခဏ မေး၏။

ကျွန်တော်နှင့် ဖရန့်က ဂျွန်နီ စိတ်မကောင်းအောင် လာမည့် ဇွန်လမှစ၍ ဤအစားအသောက်များကို မစားရတော့ဟု ပြောလိုက်၏။ အမှန်တော့ ဒေါက်တာဂါဆင်၏ စကားများအရ ဂျွန်နီသည် ဤအစားအသောက်မျိုး တစ်ခုတည်းကိုပင် နောက်တစ်နှစ်ကြာသည်အထိလည်း ဆက်စားချင်စားရမည်။ တစ်သက်လုံးလည်း စားချင် ဆက်စားရမည်။

ဘာမှ မသေချာ။

ဂျွန်နီ၏ ကျန်းမာရေး အခြေအနေ အပြောင်းအလဲများမှာလည်း အချိန်ကြာမြင့်လာသောအခါ၌ အပြောင်းအလဲများလွန်းသဖြင့် မည်သူမျှ မခန့်မှန်းနိုင်ကြတော့။

မတ်လအတွင်း ဂျွန်နီ၏ ခေါင်းမှ ကင်ဆာအကျိတ်မှာ တဖြည်းဖြည်း ကြီးထွားလာ၏။ သို့သော် ကြီးထွားနှုန်းမှာ ပြောပလောက်အောင် မမြန်လှ။ မသိမသာ ကြီးလာနေသည်ဟု ဆိုနိုင်၏။ ခက်သည်မှာ အကျိတ် ကြီးထွားနှုန်း နှေးသော်လည်း ဂျွန်နီ၏ အထွေထွေ ကျန်းမာရေး


BURMESE CLASSIC .com

www.burmeseclassic.com


အခြေအနေမှာ တဖြည်းဖြည်း ကျဆင်းနေ၏။ သူ၏ ခြေနှင့် လက်များမှာ အားနည်းလာနေသည်။ ပါးစပ်မှာလည်း ပုံမှန် မဟုတ်တော့။ တစ်ဘက်က တွဲကျနေသည်။ ဘယ်လက်ဖြင့် အရာဝတ္ထုများကို ဆုပ်ကိုင်သောအခါ၌လည်း မမြဲ၊ မခိုင်လှ၊ မကြာခဏ ကိုင်ထားသော ပစ္စည်းများ လွတ်ကျတတ်၏။ ဘေးမှ လူများ သတိထားနေကြရသည်။

ကျွန်တော်နှင့် ဖရန့်မှာ ဂျွန်နီနှင့် ပတ်သက်၍ အမျိုးမျိုး တွေးကြည့်နေကြ၏။ ယခု သူ၏ အဓိက အားနည်းနေသည်မှာ ဘယ်လက်နှင့် ဘယ်ခြေထောက်တွင် ဖြစ်၏။ အကယ်၍သာ ဤအားနည်းချက်များ ညာလက်နှင့် ညာခြေသို့ ကူးလာလျှင်ဖြင့် ...။ ကျွန်တော်နှင့် ဖရန့်က ဤပြဿနာကို ဆရာဝန်များနှင့် ဆွေးနွေး၏။

ဆရာဝန်များက ဤအားနည်းချက်မျိုးမှာ လူ့ခန္ဓာကိုယ်၏ တစ်ခြမ်းတွင်သာ ဖြစ်လေ့ရှိသည်။ ကျန်တစ်ဘက်သို့ မကူးစက်သွားနိုင်ဟု အားပေးစကားပြော၏။

ဂျွန်နီ တစ်ကိုယ်လုံးတွင် အားတက်စရာဟူ၍ သူ့မျက်လုံးများသာ ရှိ၏။ သူ့မျက်လုံးများမှာ အင်အားအပြည့်ဖြင့် အမြဲတောက်ပနေသည်။

"ဖရန့်ရယ်၊ ကလေး မျက်လုံးတစ်ခု အကောင်းကျန်သေးတော့ တော်သေးတာပေါ့ကွာ"

"ဟုတ်တယ်၊ ကျွန်မလည်း ဒီအတွက်ပဲ ဘုရားကို ကျေးဇူးတင်နေတယ်၊ ဒါပေမယ့် ဆရာဝန်များရဲ့ ထင်မြင်ချက်များကို မေးကြည့်ကြဦးစို့"

မျက်စိအထူးကု ဆရာဝန်ကိုပင့်ပြီး ဂျွန်နီ မျက်လုံးများကို ပြ၏။

"မပူပါနဲ့၊ သူ့ကင်ဆာအကျိတ်က သူ့မျက်လုံးကိုတော့ ဒုက္ခမပေးတော့ပါဘူး၊ ကျွန်တော် တာဝန်ယူတယ်၊ သူ့မျက်လုံးတွေက အမြဲ


BURMESE CLASSIC .com

www.burmeseclassic.com


ဒီလိုပဲ ကောင်းနေစေရမယ်''

မတ်လကုန်ခဲ့ပြီ။

ဧပြီလသို့ ကူးခဲ့ပြီ။

ဂျွန်နီ ရောဂါအခြေအနေမှာလည်း ဘာမှ ပြောပလောက်သည့် ပြောင်းလဲချက်များ မပေါ်ခဲ့သေး။

ဂျွန်နီ ယခုအချိန်ထိ စိတ်ဝင်စားနေသည်မှာ သူ၏ ကျောင်းစာများ ဖြစ်၏။ သူ ဟားဗတ်တက္ကသိုလ် တက်မည်။ ထိုတက္ကသိုလ်စာမေးပွဲမဖြေမီ ဒီရာဖီးရှိ သူ့ကျောင်းမှ ကျောင်းသင်ခန်းစာများကို ပြီးအောင်လုပ်မည်။ စာမေးပွဲများကို အောင်-အောင်ဖြေမည်။ သူ အားမလျှော့။ သူ့ ပညာရေးကို သူ့ရောဂါကြောင့် အဆုံးအရှုံး မခံနိုင်။

မတ်လ ၁၈ ရက်နေ့တွင်ဖြစ်၏။ ဂျွန်နီသည် ဒီရားဖီးကျောင်း၌ သူ သင်ကြားရမည့် သမိုင်းဘာသာနှင့် ပတ်သက်၍ သင်ခန်းစာအားလုံးကို လေ့ကျင့်ကျက်မှတ်ပြီးကြောင်း ဖရန့်ကို ပြောပြ၏။ တကယ်တော့ ဂျွန်နီ သူ၏ ဒီရာဖီးကျောင်းနှင့် ဝေးနေခဲ့သည်မှာ ဆယ့်တစ်လ ရှိခဲ့ချေပြီ။ ဂျွန်နီသည် သံယောဇဉ်မကုန်သေး။ ကျောင်းစာများကို အားမလျှော့သေး။

နောက်ရက် အနည်းငယ်ကြာလျှင် သူ့ကျောင်းဆရာ မစ္စတာ ဗိုဒင်ထံမှ သူ့ထံ စာတစ်စောင် ရောက်လာ၏။ ထိုစာကြောင့် ဂျွန်နီ အလွန် ဝမ်းသာ၏။ မစ္စတာ ဗိုဒင်စာတွင် ဂျွန်နီသည် အင်္ဂလိပ်ဘာသာစာမေးပွဲ အဖြေလွှာများကို ကောင်းစွာဖြေဆိုနိုင်ကြောင်းများ ဖော်ပြထား၏။

သာမန်ကလေးများ၏ ဦးနှောက်စွမ်းအား တစ်ဝက်မျှသာ ကျန်ရှိတော့သော ဂျွန်နီသည် အဘယ်သို့ သူ၏ ကျောင်းသင်ခန်းစာများကို ကိုင်တွယ်လျက် ရှိပါသနည်း။

တဖြည်းဖြည်းနှင့် ဟားဗတ်တက္ကသိုလ်သို့ မိဘများအနေနှင့်



BURMESE CLASSIC .com

www.burmeseclassic.com


ဝင်ခွင့်တောင်းသည့်စာ မရေးမဖြစ်သော အချိန်သို့ ရောက်ခဲ့ပြန်ပြီ။ ပြဿနာမှာ ဤလျှောက်လွှာတွင် ပါရှိရသည့် ကျောင်းသားကိုယ်တိုင် ဖြည့်စွက်ရမည့်မေးခွန်းအချို့၏ အဖြေများဖြစ်၏။

"သင် ဘာကြောင့် တက္ကသိုလ်သို့ ဆက်သွားချင်သနည်း"

"သင် ဘာကြောင့် ဟားဗတ်တက္ကသိုလ်သို့ ရွေးချယ်ရသနည်း"

ဂျွန်နီသည် သူ၏ သေးသွယ်၍ သေသပ်သော လက်ရေးလေးများဖြင့် သူ့ဆန္ဒများကို လျှောက်လွှာပေါ်၌ ဖြည့်စွက်ပေး၏။

"ကျွန်တော်သည် ဓာတုဗေဒဘာသာကို အလွန် ဝါသနာပါသည်။ တက္ကသိုလ်မှ ဓာတုဗေဒပညာများကို သင်ချင်သည်။ ကျွန်တော်ကြားသိသရွေ့ ဟားဗတ်တက္ကသိုလ်မှာ ဓာတုဗေဒပညာရပ်များကို သင်ကြားရန်အတွက် အကောင်းဆုံးတက္ကသိုလ်ဖြစ်၍ ဝင်ခွင့်ရချင်ပါသည်"

ဟားဗတ်တက္ကသိုလ် စာမေးပွဲဖြေရန် အချိန်သို့ ရောက်ခဲ့ပြန်ပြီ။

ကျွန်တော်နှင့် ဖရန့်မှာ ဂျွန်နီကို ယင်းစာမေးပွဲအား ဖြေခွင့်ပေးသင့်၊ မပေးသင့်ကို မဆုံးဖြတ်နိုင်ကြ။ အချိန်အတန်ကြာ စဉ်းစားပြီး နောက်ဆုံးဖြေခွင့်ပေးရန် ဆုံးဖြတ်လိုက်ကြ၏။

ဧပြီလ ၁၂ ရက်နေ့။

ထိုနေ့မနက်တွင် ကျွန်တော်နှင့် ဖရန့် ဂျွန်နီကို ကားပေါ်တင်ပြီး တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဖြေဆိုရမည့် နယူးယောက်မြို့ ခေါ်သွားခဲ့၏။

တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုရသည်မှာ ဂျွန်နီ့အတွက် လုံးဝ မလွယ်ပါ။ ရှေးဦးစွာ ကျောင်းအပြင်တွင် အခြားကျန်းမာ သန်စွမ်းသော လူငယ်များနှင့်အတူ အချိန်ကြာမြင့်စွာ မတ်တပ်ရပ် စောင့်နေရ၏။


BURMESE CLASSIC .com

www.burmeseclassic.com


စာမေးပွဲ ဖြေဆိုရမည့် အခန်းများ ဖွင့်လိုက်ပြီး သူ့ထက်ငါ ကျောင်းသို့ အချိန်မီရောက်အောင် ပြေးသွားကြရ၏။

ဂျွန်နီ့အခြေအနေကိုလည်း ကြည့်ပါဦး။

လူပုံမှာ ချည့်နဲ့နဲ့။

ခေါင်းတွင် ပတ်တီးကြီးနှင့်။

အချို့ကျောင်းသားများမှာ သူ့ပုံကိုကြည့်ပြီး ရယ်ကြသည်။

ဂျွန်နီ မမှု။

သူ စာမေးပွဲဖြေဆိုရမည့်အခန်းသို့ တစ်လှမ်းချင်းရောက်အောင် သွား၏။ ဖရန့်က ဂျွန်နီအပါးမှ မခွာ။

စာမေးပွဲဖြေဆိုရမည့်အချိန်မှာ ၆ နာရီခွဲတိတိ ကြာ၏။ ထိုနေ့က ကျွန်တော်တို့ အိမ်ပြန်ရောက်သောအချိန်မှာ နောက်ကျလှလေပြီ။ အမှောင်ပျိုးနေပြီဖြစ်၏။

ဂျွန်နီ အဘယ်သို့ ခံစားနေရသည်မသိပါ။ ကျွန်တော်နှင့် ဖရန့်မှာ ပင်ပန်းလှလေပြီ။

ဂျွန်နီသည် အိမ်ပြန်ရောက်သည်နှင့် ဧည့်ခန်းမှ ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်လိုက်၏။ သို့သော် ကြာရှည်နားမနေ။ မိနစ်အနည်းငယ်မျှသာနားပြီး သူ ခင်မင်သော ယနေ့ သူနှင့်ဟားဗတ်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဖြေဆိုကြသည့် သူ့သူငယ်ချင်းများထံ ဖုန်းဆက်ပြီး အလုပ်များနေ၏။

ကျွန်တော်သည် ဂျွန်နီ့ရောဂါ ကုသပေးခြင်းအလုပ်များနှင့် အလုပ်များနေစဉ်၌ပင် အခြားလုပ်ငန်းများကိုလည်း လစ်ဟင်းမှုမရှိအောင် မပြတ်လုပ်နေရ၏။

မကြာခဏ ရောက်လာသော ဧည့်သည်များကို ဝတ္တရားကျေအောင် ဧည့်ခံရ၏။ ကျွန်တော်၏ ရေးလက်စ 'အမေရိကန်ပြည်


BURMESE CLASSIC .com

www.burmeseclassic.com



ထောင်စုအတွင်းဝယ်’ ဟူသော စာအုပ်ကို အပြီးသတ် အချောကိုင် ရေးရ၏။

မတ်လအတွင်း၌ ဤစာအုပ်များ ပြီးသွား၏။ ဤစာအုပ်၏ စာမူကြမ်းကို ဖတ်ပြီး ဝျှန်နီ အလွန်ကျေနပ်နေ၏။

“ဖေဖေ နောက်တစ်အုပ်ရေးရင် ဘာစာအုပ်ရေးမယ်လို့ စိတ်ကူးလဲ”

“ဝါရှင်တန်မြို့တော်အတွင်းဝယ်ဆိုတဲ့အကြောင်း ရေးမလို့”

“ရေးမယ့်အကြောင်းအရာတွေရော တော်တော် စုပြီးပြီလား”

“ပြီးပြီ၊ ဒါပေမယ့် ခုရေးပြီးတဲ့ ‘အမေရိကန်ပြည်ထောင်စု အတွင်းဝယ်’ ဆိုတဲ့ စာအုပ်လောက်တော့ ရှည်မှာ မဟုတ်ဘူး။ ဒီစာအုပ် ထက် အများကြီး တိုလိမ့်မယ် ထင်တာပဲ”

“တိုမှာ မဟုတ်ဘူး။ ဖေဖေ ရေးရင်း ရေးရင်းနဲ့ ခုစာအုပ်လောက် ပဲ ရှည်တဲ့ စာအုပ်ကြီး ဖြစ်လာဦးမှာပါ”

ကျွန်တော် ပြုံးလိုက်၏။

ဝျှန်နီ ပြုံးလိုက်၏။

ဝျှန်နီသည် သူအမြဲစားနေရသော ကင်ဆာရောဂါ သက်သာ စေမည့် အထူးအာဟာရများကိုလည်း စားနေရသည်မှာ ကြာပြီဖြစ် သဖြင့် တဖြည်းဖြည်း ငြီးငွေ့လာနေပြီ ဖြစ်ဟန်ရှိ၏။

တစ်နေ့တွင် သူ စားနေသည့် ဟင်းပန်းကန်အားလုံးကို မပြီး အိမ်ပြင်သို့ လွှတ်ပစ်လိုက်၏။ ပန်းကန်များ လမ်းပေါ်ကျသွားပြီး အကုန် ကွဲကုန်၏။

ဤအတောအတွင်း ဖရန့်နှင့် ကျွန်တော်မှာလည်း ငြိမ်မနေကြ ပါ။ နယူးယောက်မြို့တော်ကြီးအတွင်းရှိ အကျော်အမော်ဆရာဝန်ကြီး အားလုံးနှင့် လိုက်တွေ့၏။ ဝျှန်နီ့ရောဂါနှင့် ပတ်သက်၍ သူတို့



BURMESE CLASSIC .com

www.burmeseclassic.com


သဘာထားကို မေး၏။

ဂျွန်နီ၏ ဦးခေါင်းမှ အဖုအကျိတ်မှာလည်း တစ်နေ့တခြား ကြီးထွားလာလျက် ရှိလေပြီ။ ဤသို့ ကြီးထွားနေခြင်းမှာ ဂျွန်နီ၏ ကင်ဆာရောဂါ ပြန်လည်အသက်ဝင်နေခြင်း ဖြစ်သည်ကို သက်သေပြနေခြင်းပင် မဟုတ်လား။

မတူသော ထင်မြင်ချက်များကို ရရှိရန်အတွက် ယခင်က ဂျွန်နီ့ရောဂါကို မကုသဖူးသော ဦးနှောက်အထူးကု ဆရာဝန်သစ်များကိုရှာ၍ သူတို့၏ ထင်မြင်ချက်များကို မေး၏။ သို့သော် ထူးခြားသော ထင်မြင်ယူဆချက် မည်သူ့ထံမှ မရ။

တဖြည်းဖြည်းနှင့် နောက်တစ်ကြိမ် ခွဲစိတ်ကုသရဦးမည့် အခြေသို့ ရောက်ခဲ့ပြန်ပြီ။

ခွဲစိတ်ကြမည့် ဆရာဝန်ကြီးများမှာ ဒေါက်တာ မောက်နှင့် ဒေါက်တာ မိလာတို့ ဖြစ်၏။ ကျွန်တော်နှင့် ဖရန့် ဂျွန်နီ့ကို နှစ်ရက်ခန့် ဆေးစစ်ခံရန်ဟုပြောပြီး ဆေးရုံသို့ခေါ်ခဲ့၏။

ခွဲစိတ်ကုသမှုမှာ နှစ်နာရီခန့် ကြာ၏။

ကျွန်တော်နှင့် ဖရန့်က အခန်းအပြင်မှ စောင့်နေကြ၏။ ဒေါက်တာ မောက်နှင့် ဒေါက်တာ မီလာတို့မှတပါး အခြား ဆရာဝန်၊ ဆရာမများသည် ဂျွန်နီ့ကို ခွဲစိတ်ကုသပေးနေသော အခန်းအတွင်းသို့ ဝင်လိုက်ကြ၊ ထွက်လိုက်ကြနှင့် ဥဒဟို သွားနေကြ၏။

နှစ်နာရီခန့်ကြာလျှင် ဒေါက်တာမောက်နှင့် ဒေါက်တာ မီလာတို့ ခွဲစိပ်ခန်းမှ ထွက်လာ၏။ ဖရန့်နှင့် ကျွန်တော်တို့ ဘာမှ မပြောဘဲ ကျွန်တော်တို့ဘေးမှ ဖြတ်လျှောက်သွား၏။

စိတ်ပျက်စရာပင်။

ဆရာဝန်နှစ်ဦး ကျွန်တော်တို့ကို ဘာမှမပြောဘဲ ထွက်ခွာ


BURMESE CLASSIC .com

www.burmeseclassic.com


သွားခြင်းကြောင့် ဤခွဲစိတ်ကုသမှုနှင့်ပတ်သက်၍ ကျွန်တော်တို့အတွက် ဘာသတင်းကောင်းမှ မရှိသည်မှာ ထင်ရှားနေလေပြီ။

ကျွန်တော်နှင့် ဖရန့် ဂျွန်နီ၏ အခန်းတွင်းသို့ လျှောက်ဝင်သွားကြ၏။

ဂျွန်နီသည် သတိရလျက် ရှိ၏။

သူသည် သူ့လက်ကို သူ့ခေါင်းထဲမှ ခွဲစိတ်ထားသော နေရာပေါ်သို့ ညင်သာစွာ တင်လိုက်ပြီး-

"ကျွန်တော် စဉ်းစားကြည့်နေတယ် အဖေ၊ အကျိတ်အခြေအနေ ဘယ်လိုများနေသလဲလို့၊ ကျွန်တော် သိပါတယ်၊ အခြေအနေ မကောင်းပါဘူး၊ မျှော်လင့်စရာ ဘာမှမရှိတော့ပါဘူး"

ခေါင်းပေါ်တင်ထားသော သူ့လက်ကို ညင်သာစွာ ပြန်ချလိုက်၏။

မျက်လုံးများကို မှိတ်လိုက်၏။

သူ့မျက်လုံးများမှ မျက်ရည်များ စီးကျလာကြ၏။

ကြောက်မက်ဖွယ်ကောင်းလှသော ဤရောဂါဆိုးကြီး စဖြစ်ကတည်းက ဂျွန်နီငိုသည်ကို ကျွန်တော် ပထမဆုံးအကြိမ် မြင်တွေ့ရခြင်းဟု ထင်မိပါသည်။

နောက်တစ်နေ့ ကူးခဲ့ပြန်ပြီ။

ထိုနေ့မနက်တွင် ဂျွန်နီသည် ဒေါက်တာမောက်ကို မေးခွန်းအမျိုးမျိုး မေးနေ၏။

သူ့မျက်နှာသည်လည်းကောင်း၊ သူ့အသံသည်လည်းကောင်း မနေ့ကလောက် ဝမ်းနည်းကြေကွဲနေသည့် အသွင်ကို မဆောင်တော့။ သူ့ကိုယ်သူ ပြန်အားတင်းထားဟန်ရှိ၏။

"ကျွန်တော် စားနေရတဲ့ ခါတ်စာတွေက ကျွန်တော့်ရဲ့

www.burmeseclassic.com


ကင်ဆာအကျိတ်ကို ဘာမှသက်သာအောင် မလုပ်နိုင်ဘူးဆိုရင် ကျွန်တော့်ကို ဘာပြုလို့ ဆက်စားခိုင်းနေတာလဲ ဒေါက်တာ''

ဒေါက်တာ မောက်က ပြုံးလိုက်၏။

''ကျွန်တော်ရောဂါကို ကျွန်တော် သိပ်ပြီးမြန်မြန် ပျောက်စေချင်တယ်။ ဒါပေမယ့် ဒီလို ဆန္ဒစောနေတဲ့အကြောင်းကို ဒေါက်တာ ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့နော်''

အမှန်တော့ ကျွန်တော်နှင့် ဖရန့်မှာ ဒေါက်တာ မောက်နှင့် အသေအချာ အချိန်ယူပြီး ဆွေးနွေးခဲ့ကြပြီးလေပြီ။ ဂျွန်နီ့အတွက် ဘာမျှော်လင့်ချက်မှ မထားနိုင်ကြတော့သည်ကို ကျွန်တော်တို့ ကောင်းစွာ သိ၏။

''မစ္စတာ ဂါနာ၊ ခင်ဗျားသားရောဂါက ကင်ဆာရောဂါ အကျိတ်အမျိုးမျိုးထဲမှာ Gliomamultiforme လို့ခေါ်တဲ့ လူကိုအန္တရာယ်အပေးဆုံး၊ ကြောက်စရာအကောင်းဆုံး အကျိတ်အမျိုးအစားကို ပြောင်းသွားပြီ၊ ကမ္ဘာကြီးမှာ ဒီနေ့အထိတော့ ဘယ်သူမှ ကုနည်း မသိသေးဘူး''

''ကျွန်တော်တို့ ဘာလုပ်ကျရင် ကောင်းမလဲ ဒေါက်တာ''

''ဘာမှလုပ်နိုင်တာ မရှိတော့ဘူး၊ ကျွန်တော့်ဆန္ဒကို ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဂျွန်နီကို သူလုပ်ချင်တာတွေ အကုန်လုံး လုပ်ခွင့်ပေးပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ သေသွားတာမျိုးပဲ ဖြစ်စေချင်ပါတယ်''

ဧပြီလ ၂၅ ရက်နေ့။

ဤနေ့မှာ ကျွန်တော်တို့မိသားစု အလွန် အလုပ်များခဲ့ကြသော နေ့ဖြစ်၏။

ထိုနေ့တွင် ကနေဒါနိုင်ငံ မွန်ဒရီရယ်မြို့မှ နယူးယောက်မြို့


BURMESE CLASSIC .com

www.burmeseclassic.com


သို့ ခေတ္တရောက်နေသော ဒေါက်တာ ပတ်နင်ကို ခေတ္တ တွေ့ကြ ရမည့်နေ့ဖြစ်၏။

ဒေါက်တာပတ်နင်းက မွန်ဒရီရယ်မြို့မှ မထွက်လာမီကပင် ကျွန်တော့်ထံသို့ ဖုန်းဆက်အကြောင်းကြားထား၏။

ထိုနေ့တွင် ဂျွန်နီမှာ သူ၏ ဓာတုဗေဒဘာသာ၏ လက်တွေ့ လုပ်ငန်းများနှင့် အလုပ်များနေ၏။ ကျွန်တော်နှင့် ဖရန့် သူ့ကို ဒေါက်တာပတ်နင်းထံသို့ သွားရန် ခေါ်သောအခါ၌ သိပ်မလိုက် ချင်။ သူ့စိတ်တွင် ဓာတုဗေဒပညာ လက်တွေ့လုပ်ငန်းများထက် ပို အရေးကြီးသောလုပ်ငန်း သူ့တွင်မရှိတော့ဟု ထင်မြင်နေဟန်ရှိ၏။ လူ့လောကတွင် အချိန်ကြာမြင့်စွာ နေရတော့မည် မဟုတ်သည်ကို သိ၍ အချိန်တိုင်း၊ မိနစ်တိုင်း သူ့အတွက် ရွှေကဲ့သို့ပင် အဖိုးတန် နေဟန်ရှိ၏။

ဒေါက်တာ ပတ်နင်းက ဂျွန်နီ့ကို အသေအချာ စစ်ဆေး၏။

ဒေါက်တာပတ်နင်းနှင့် တွေ့ကြပြီးနောက် ကျွန်တော်နှင့် ဖရန့် မှာ အားတက်ရမလို ဖြစ်ကြရန်ပြန်သည်။

"ကျွန်တော်တို့ ဆေးပညာမှာ တစ်ခါတစ်ရံ အတော်ဆုံး ပုဂ္ဂိုလ် တွေလည်း မှားတတ်ပါတယ်"

ဒေါက်တာပတ်နင်းက သူ ဂျွန်နီ့ရောဂါကို ကုသပေးနိုင်မည် ဟု ယူဆနေ၏။

"ကလေးများရဲ့ ဦးနှောက်မှာဖြစ်တဲ့ ကင်ဆာအကျိတ်သဘော နဲ့ ပတ်သက်ပြီး လူတွေ ဒီနေ့သိသေးတာ နည်းနည်းလေး ရှိပါသေး တယ်၊ ဂျွန်နီ့အကျိတ်ထဲမှာရှိတဲ့ ဝတ္ထုပစ္စည်းတွေကလည်း အစိုင်အခဲ မဟုတ်ဘူး။ အရည်ဖြစ်နေတယ် မဟုတ်လား၊ ကျွန်တော် ဒေါက်တာ မောက်နဲ့ ဆွေးနွေးကြည့်ဦးမယ်၊ အရည်ဖြစ်နေတဲ့အတွက် ဦးနှောက်

www.burmeseclassic.com


ထဲက အကျိတ်တစ်ခုလုံးကို ဘာမှမကျန်အောင် ထုတ်ပစ်နိုင်ကြလိမ့်မယ် ထင်တယ်”

ထိုအချိန်ထိပင် ဂျွန်နီ့ကို ဒေါက်တာ ဂါဆင် သတ်မှတ်ထားပေးသော ဓာတ်စာအာဟာရများကို ကျွေးနေဆဲ ဖြစ်၏။ သို့သော် ဤဓာတ်စာကြောင့် ဂျွန်နီ့ကင်ဆာမှာ ဘာမှပြောင်းလဲလာခြင်း မဖြစ်။ တစ်နေ့တခြား ပို၍ပင် ဆိုးရွာလာနေသည်မဟုတ်လား။ ထို့ကြောင့် ဤဓာတ်စာများကို ရပ်ပစ်လိုက်ပြီး ဂျွန်နီစားစေချင်သည့် အစာများကို စိတ်ကြိုက်စားစေလိုက်၏။

ဂျွန်နီ အလွန်ပျော်သွား၏။

ထိုနေ့တွင် ပထမဆုံးအကြိမ် ဖရန့်နှင့်ကျွန်တော် မြို့ထဲသွားပြီး နေ့လယ်စာ အတူစားကြ၏။ ထိုသို့ အပြင်ထွက် အတူမစားကြရသည်မှာ ကြာချေပြီ။

သို့သော် အေးအေးဆေးဆေး မစားနိုင်ကြ။ ဂျွန်နီကို စိတ်ပူသဖြင့် သုတ်သုတ်သာ အမြန်စားပြီး အိမ်ပြန်ခဲ့ကြ၏။

အိမ်ပြန်ရောက်သောအခါ၌ ဂျွန်နီကို မတွေ့။

သူအိမ်ပြင် တစ်ယောက်တည်း ထွက်သွားဟန်ရှိ၏။ သူဘယ်ထွက်သွားသည်ကိုလည်း မည်သူမှ မတွေ့လိုက်ကြ။ ကျွန်တော်နှင့် ဖရန့်မှာ ဂျွန်နီအပြန်အကို အိမ်တွင်ထိုင်စောင့်ရင်း အမျိုးမျိုး တွေးပူနေကြ၏။

ဂျွန်နီသည် လမ်းသွားရင်း အချိန်မရွေး လဲကျသွားနိုင်သည်။

တစ်နာရီခန့်ကြာလျှင် သူပြန်ရောက်လာ၏။ အနည်းငယ်မောနေပုံလည်းရ၏။

သူ့ခေါင်းမှ အသစ်ထွက်လာသော အကျိတ်ကြီးမှာလည်း အလွန်ကြီးလှချေပြီ။ ကျွန်တော်နှင့် ဖရန့်နှစ်ဦးစလုံး သိသည်။ ဤ

www.burmeseclassic.com


အကျိတ်ကြီးကို ယခုခွဲလျှင်ခွဲ၊ နောင်မှခွဲမည်ဟု စိတ်ကူးလျှင် ဘယ်အခါမှ ခွဲခွင့်ရတော့မည်မဟုတ်။ အချိန်မရွေး အလိုအလျောက် ပေါက်ထွက်သွားတော့မည်။

ကျွန်တော်နှင့်ဖရန့် ဆရာဝန်များနှင့်တွေ့ရန် ဆေးရုံသို့ ပြေးကြရပြန်သည်။

၁၉၄၇-ခုနှစ်၊ ဧပြီလ ၂၉-ရက်နေ့။

ဂျွန်နီကို ဆေးရုံသို့ တင်ခဲ့ရပြန်သည်။

ကြီးမားသော ခွဲစိတ်ကုသမှုတစ်ခု ပြုရဦးမည်ကို ဂျွန်နီ့ကို မပြောပါ။

သို့သော် ကျွန်တော်တို့ မပြောလည်း ဂျွန်နီသိနေပါသည်။

အချိန်မှာ ဂျွန်နီရောဂါ စရပြီးနောက် တစ်နှစ်ကျော်မျှကြာသေး၏။

"သားကို ဘယ်လိုခွဲကြဦးမှာလဲ"

"ကြီးကြီးမားမား ခွဲတာမျိုး မဟုတ်ပါဘူးသားရယ်၊ သား အကျိတ်ထဲမှာ ဘာဓာတ်ပစ္စည်းတွေ ပါဝင်နေတယ်ဆိုတာ ဆရာဝန်တွေက စမ်းသပ်ကြည့်ချင်လို့ပါ"

ဖရန့်က ပြောလိုက်၏။

"ကျွန်တော်ကတော့ ဒီလိုမထင်ပါဘူး အမေရယ်။ သူ့တို့ ဟိုတစ်ခါတုန်းကလိုပဲ ဒီအကျိတ်ကြီးကို ထုတ်ပစ်ဖို့ ကြိုးစားကြမှာပါ။ အင်း ... ကောင်းပါတယ်၊ သားဒီလို ဝေဒနာခံနေမယ့်အစား သေသွားရင်လည်းမဆိုးပါဘူး၊ သားအတွက်နောက်ဘဝဆိုတာ ခုဘဝထက်ကောင်းတဲ့ ဘဝတော့ ဖြစ်လာမှာပါ"

ကျွန်တော်နှင့် ဖရန့် နှစ်ဦးလုံး ရင်ဆို့သွားကြ၏။ ဂျွန်နီကို ဘယ်သို့ ဆက်အားပေးကြရမည်ကိုလည်း မသိတော့။


BURMESE CLASSIC .com

www.burmeseclassic.com


ဆရာဝန်များက ဂျွန်နီ၏ ဦးခေါင်းမှ ဆံပင်ကို ရိတ်ရန်မဆိုထားဘိ ဖြတ်ရန်ကိုပင် သူလုံးဝမကြိုက်၊ သူ့ဆံပင်ကို မထိကြ၊ မကိုင်ကြရန် အမျိုးမျိုး ပြော၏။ ငြင်း၏။

နောက်ဆုံး သူငြင်းဆန်လွန်းသဖြင့် သူ့ကို ခွဲစိတ်ခန်းသို့မသွင်းမီ မေ့ဆေးပေးပြီးသောအခါမှပင် ရိတ်ကြရ၏။ မေ့ဆေးပေးထားစဉ် ဆံပင်ရိတ်ခြင်းကို ပြုသဖြင့် သူ့ဆံပင်အရိတ်ခံထားရပြီး ဖြစ်သည်ကို ဂျွန်နီ ခမျာ လုံးမသိရှာ။

မွန်းလွဲတစ်နာရီ ၁၀ မိနစ်အချိန်တွင် ဂျွန်နီကို ခွဲစိတ်ခန်း တွင်းသို့ သွင်းသွား၏။

ည (၇) နာရီခွဲမှ ခွဲစိတ်ခန်းမှ ပြန်ထုတ်လာ၏။

ဂျွန်နီမှာ တွန်းရွှေ့သွားနိုင်သော ခုတင်ပေါ်တွင် ပက်လက် ပါလာ၏။ ခုတင်ဘေးတွင် ဒေါက်တာမောက်ပါလာ၏။ ဒေါက်တာ မောက်လက်တွင် ဂျွန်နီကိုယ်တွင်းသို့ သွင်းလက်စ သွေးပုလင်းကြီး ပါလာ၏။

"ဒေါက်တာ အခြေအနေဘယ်လိုလဲဟင်"

ဖရန့်က ဒေါက်တာမောက်ကို မေးလိုက်၏။

"ကလေးခေါင်းက အကျိတ်က သိပ်ဆိုးတဲ့အကျိတ်ဆိုတော့ မြန် နှုန်းက ကျွန်တော်တို့ ထင်တာထက်တောင် ပိုမြန်နေတယ်၊ အပေါ်ပိုင်း ဆိုရင် ဦးရေပြားအထိတောင် ရောက်နေပြီ။ ကျွန်တော် ငါးလက်မ လောက်အထိ အတွင်းကိုလှီးပြီး အကျိတ်အမြစ်တွေ ကုန်အောင် ကြိုးစားထုတ်ပစ်ခဲ့တာပဲ"

နောက်တစ်နေ့မနက်တွင် ဆေးရုံမှ ဂျွန်နီအခန်းသို့ ကျွန်တော် ရောက်သွား၏။

ထိုနေ့မှာ မေလ (၂) ရက်နေ့။


BURMESE CLASSIC .com

www.burmeseclassic.com


သူ ကျွန်တော့်ကို ပထမဆုံးမေးသော မေးခွန်းမှာ–

“အဖေရေးနေတဲ့ စာအုပ်က ပြီးသွားပြီလား”

ကျွန်တော်က ခေါင်းခါပြ၏။

သူ၏ ဒုတိယမေးခွန်းမှာ–

“အမေရော…”

“လာလိမ့်မယ်သား”

“ဒေါက်တာ ပတ်နင်းရောရှိလား”

“မရှိဘူး၊ ကယ်လီဖိုးနီးယားသွားတယ်”

“သူ့ကို ပြန်ခေါ်ပါလား အဖေ၊ ကျွန်တော့်ကို လမ်းမြန်မြန် ပြန်လျှောက်နိုင်အောင် လုပ်ပေးပါလို့ ပြောပေးစမ်းပါ”

“ သူ မကြာခင် ပြန်လာဦးမှာပါ”

“ဒေါက်တာပင်းဖီရော”

“ရှိတယ်”

“ဒေါက်တာ ဂါဆန်ဆီလည်း ကျွန်တော် ဖုန်းဆက်ချင်တယ်”

“ဘာအတွက်လဲသား”

“သူ့ခုတ်စာတွေအတွက်ပေါ့၊ သူ့ခုတ်စာဆိုတဲ့အစာတွေ ကျွန်တော် ဆက်စားနေရဦးမှာလား”

“စားဖို့မလိုတော့ပါဘူး၊ ဒေါက်တာဂါဆန်က ကြက်ဥကလွဲပြီး သားစားချင်တဲ့အစာ အကုန်စားနိုင်ပြီတဲ့”

ဂျွန်နီက သက်ပြင်းရှည်ကြီးကို ချလိုက်၏။

“ကျွန်တော့်ခေါင်းမှာ ဘာပြုလို့ ဒီပတ်တီးကြီးကို စည်းထားကြ ပြန်တာလဲ၊ ဟိုအကျိတ်ကြီးကို သူတို့ထုတ်ပစ်၊ ခွဲပစ်လိုက်ကြပြီ ထင်တယ်၊ အဖေရယ် ကျွန်တော် ဘယ်လိုစိတ်မကောင်းဖြစ်မှန်း မသိဘူး၊ ကျွန်တော့်ဆံပင်ကို မညှပ်နဲ့ဆိုတာလဲ ညှပ်ကြတယ်၊ မရိတ်ပါနဲ့


BURMESE CLASSIC .com

www.burmeseclassic.com


ဆိုတာလည်း ရိတ်ကြတယ်၊ သူတို့ ဘာဆေးထိုးထည့်လိုက်မှန်းမသိဘူး၊ သား ဘယ်လိုငြင်းချင်ပေမယ့် ငြင်းလို့မရတော့ဘူး၊ ပါးစပ်က အသံထွက်လို့မရတော့ဘူး''

နောက် မိနစ်အနည်းငယ်ခန့် သူဘာစကားမှ ဆက်မပြောတော့ဘဲ ငြိမ်နေပြီး–

''အဖေရယ်၊ ခုတစ်ကြိမ် ဆေးရုံကဆင်းပြီးတဲ့အခါမှာရော သားကျောင်းပြန်သွားနိုင်မှာလား''

ကျွန်တော်ဘာမှ အဖြေမပေးတတ်။

''လမ်းပြန်လျှောက်လို့ရော ရဦးမှာလား''

ကျွန်တော်အဖြေပေးရမှာ ခက်နေပြန်သည်။

''ကောင်းပါတယ်လေ၊ ခုတစ်ကြိမ် ခွဲစိတ်ခံလိုက်ရတာဟာ ပထမအကြိမ် ခွဲစိတ်ခံလိုက်ရတာထက် ပိုကောင်းသွားမှာပါ။ ရောဂါသက်သာသွားမှာပါ''

ဂျွန်နီက ကျွန်တော် အဖြေပေးရန် တွန့်ဆုတ်နေသည့် အဖြေများကို သူ့ဟာသူ ပါးနပ်စွာ ပေးသွားခဲ့ပါသည်။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၈)

နှစ်ပတ်ဟူသော အချိန်ကို အဘယ်သို့ ကုန်လိုက်ကြရပြန်သည် မသိ။

ဂျွန်နီ့အကျိတ်ကို ခွဲစိတ်ကုသခဲ့ကြသည်မှာ နှစ်ပတ်ရှိခဲ့ပြန်ပြီ။ အကျိတ်ပြဿနာနှင့် ပတ်သက်၍ ရတ်တရက် ဘာမှမပေါ်လာသေး။ အကင်းမသေဖြစ်ဦးမှာတော့ ဧကန်ဖြစ်၏။ ဂျွန်နီကိုယ်တိုင်ပင် သိနေ၏။

"ကျွန်တော် ဒေါက်တာမောက်ကို တွေ့ချင်တယ်။ ဒေါက်တာ ပတ်နင်း ခွဲတုန်းကလို သူအကျိတ်ထဲကအရည်တွေ အကုန်ထုတ်ပစ် နိုင်မနိုင် သိချင်တယ်။

မေလ (၄) ရက်နေ့တွင် ဖြစ်၏။

ဂျွန်နီသည် သူ့ကိုလာကြည့်သော ဧည့်သည်တစ်ယောက်ကို ပြောလိုက်သောစကားဖြစ်၏။

"ကျွန်တော်အထင်တော့ ခုကျွန်တော့်ခေါင်းကို စည်းထားတဲ့ ပတ်တီးအောက်မှာ အကျိတ်က ရှိနေဦးမှာပါ။ ဒီအကျိတ်ရဲ့ အမြစ်တွေကို ဆရာဝန်တွေဘယ်တော့မှ မထုတ်ပစ်နိုင်ကြပါဘူး"

တကယ်တော့ ဂျွန်နီ၏ခေါင်းတွင် စည်းထားပေးသော ပတ်တီးကြီးမှာ အလွန်ကြီးလှ၏။ အကျိတ်ရှိမရှိကို မဆိုထားဘိ၊ ခွဲထားသော



BURMESE CLASSIC .com

www.burmeseclassic.com


အနာရှိသည့်နေရာကိုပင် မှန်းဆကြည့်ရန် မလွယ်ပါ။

ကျွန်တော်နှင့်ဖရန့်တို့မှာလည်း အလွန်ပင်ပန်းလှလေပြီ။ ပန်းလွန်းသဖြင့် နှစ်ယောက်လုံး လဲသွားမည်ကိုပင် စိုးရိမ်နေရ၏။

"ဖရန့် မင်း ခုအပတ် အနားယူလိုက်ပါလား။ တစ်နေရာကို စိတ်ပြေလက်ပျောက် ခရီးထွက်သွားရင် ကောင်းမယ်။ မင်းကိုကြည့်ရတာ သိပ်ပန်းလွန်းနေပြီ"

"ရှင်လည်း ဘာထူးလဲ၊ ရှင်ရော အနားယူဖို့ မကောင်းဘူးလား"

"ယူမယ်လေ၊ မင်းဒီအပတ်ထဲမှာ ခရီးသွား၊ နောက်အပတ်ထဲမှာ ကိုယ်လိုက်ခဲ့မယ်၊ ဂျွန်နီ့အတွက် ဘာမှမပူနဲ့။ ကိုယ်တို့ မရှိတဲ့အချိန်မှာ ကိုယ့်ညီမတစ်ယောက်ကို လာစောင့်ခိုင်းထားမယ်"

ဖရန့် အနားယူရန် ခရီးထွက်သွား၏။

ကျွန်တော် ခရီးမထွက်မီ ဂျွန်နီအမူအရာမှာ တဖြည်းဖြည်းပြောင်းနေသည်ကို သတိထားမိ၏။

သူသည် အလွန် စိတ်ဆိုးလွယ်သည်။ မကြာခဏ စိတ်တိုပြီး ယခင်မပြောဖူးသော စကားများကို ထုတ်ပြောတတ်၏။ ပြောသောအခါ၌လည်း တိုးတိုးမပြော၊ အော်ပြောတတ်၏။

"ကျွန်တော် ဘာမှပြန်စဉ်းစားလို့မရတော့ဘူး။ ကျွန်တော့်ဦးနှောက်တွေဟာ ဘယ်လိုကုန်ပြီလဲ မသိဘူး။ မနှစ်ကကျောင်းမှာရှိကတည်းက ဒီလိုစဉ်းစားလို့မရတော့ဘူးဆိုတာကို ပြောပြခဲ့တာပဲ။ ကျွန်တော်ပြောရင် ဘယ်သူမှ မယုံဘူး။ ကျွန်တော့်မျက်နှာကို ကြည့်ပြီး ဝိုင်းရယ်ကြတယ်။ ဒီလိုအရယ်ခံရတာကို ကျွန်တော် သိပ်မုန်းတယ်"

ဒေါက်တာမောက် ဂျွန်နီကို လာကြည့်၏။ ဒေါက်တာမောက်ကို မြင်သောအခါ၌လည်း သူ့ရင်ထဲမှ မကျေနပ်ချက်များကို ထုတ်ပြောပြန်၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ဒေါက်တာ ကျွန်တော့်ကို လာမယ့်ကြာသပတေးနေ့မှာ ဆေးရုံက ပေးဆင်းရင် ဆင်း၊ ပေးမဆင်းရင် ကျွန်တော့်ဟာ ကျွန်တော် ဆင်းသွားမယ်"

သို့သော် ဂျွန်နီသည် သူခြိမ်းခြောက်ထားသကဲ့သို့ ဒေါက်တာမောက် ပေးမဆင်းသောအခါ၌လည်း ဇွတ်အဓမ္မ သူမဆင်းရှာပါ။ ထင်ရသည်မှာ သူ့စိတ်မှာ မှန်တစ်ချက်၊ မမှန်တစ်ချက် ဖြစ်နေပုံရ၏။

ဖရန့် အနားယူရန်အတွက် ခရီးထွက်မည့်ကိစ္စကို ဂျွန်နီလုံးဝ မကန့်ကွက်ပါ။

"မေမေ အနားယူသင့်နေတာကြာပြီ။ မေမေ မြန်မြန်သာ ခရီးထွက်သွားပါ"

ဖရန့် (ဖရော်လီဒါ) ပြည်နယ်သို့ ခရီးထွက်သွား၏။ ဂျွန်နီက သူ့အမေရှိရာသို့ မကြာခဏ ဖုန်းဆက်၏။ စာတစ်စောင်လည်း ရေးလိုက်သေး၏။ အောက်ဖော်ပြပါစာမှာ ဂျွန်နီဖရန့်ထံသို့ ရေးလိုက်သောစာဖြစ်၏။

ဂျွန်နီဘဝတွင် နောက်ဆုံးရေးသွားသော စာဟုလည်းဆိုနိုင်ပါသည်။

**ချစ်သော မေမေ**

**ဒီနေ့ဟာ သား ဒီဆေးရုံမှာ နောက်ဆုံးနေရမယ့်နေ့ပဲ။ မေမေ့စာတွေအားလုံး သားရတယ်။ ဒီစာတွေ ဖတ်ရတိုင်း သားသိပ်ဝမ်းသာတယ်။ မေမေ ခရီးမထွက်ခင်လေးမှာ သားနဲ့ပြောသွားတဲ့ စကားတွေကိုလည်း သား အမြဲသတိရတယ်။**

**သားလည်း နေလို့ကောင်းတယ်။ ဒါပေမယ့် သား ဘာမှတော့ မလုပ်နိုင်၊ မကိုင်နိုင်သေးဘူး။ မနက် အိပ်ရာကထဖို့တောင် သူနာပြု**

www.burmeseclassic.com


ဆရာမ လာကူပေးနေရတယ်။ ဒီလို ကူပေးနေလျက်နဲ့တောင် သား ထရတာ သိပ်မလွယ်ဘူး။

မေမေ မကြာခင် ပြန်လာတော့မယ်ဆိုလို့ သား ဝမ်းသာနေတယ်။ သားလည်း မကြာခင် ပြန်နေကောင်းပြီး သား ကျောင်းရှိတဲ့ ဒီရားဖီးကို ပြန်သွားနိုင်မယ် ထင်တာပဲ။ ဒီရားဖီး ရောက်မှပဲ သား မဖြေရသေးတဲ့ စာမေးပွဲတုန်းက မေးခွန်းတွေ ဆက်ဖြေဦးမယ်။

ဩော်...မေမေ့ကို ပြောပြရဦးမယ်။ သား အခု ပြန်စားခွင့်ရတဲ့ ကြက်ဥ၊ အသား၊ ဆားတွေကို စားရတာ ပါးစပ်ထဲမှာ သိပ်အရသာရှိတာပဲ။ မေမေရှိတုန်းက အမြဲ သားနဲ့အတူ ဖတ်တဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထဲက ကျန်တဲ့အပိုင်းတွေ အားလုံးလည်း သားဟာသား ဖတ်လို့ ပြီးတော့မယ်။

မေမေကို သိပ်ချစ်တဲ့
သား ဂျွန်နီ

မေလ ၁၅ ရက်နေ့တွင် ဂျွန်နီကို ဆေးရုံမှ ပြန်ဆင်းခွင့်ပေး၏။

တကယ်တော့ နေထိုင်ကောင်းလှ၍ မဟုတ်ပါ။ ဆေးရုံတွင် နေ၍လည်း အကျိုးရှိစရာ မမြင်တော့၍ဖြစ်၏။ ထို့ကြောင့် ယခု တစ်ကြိမ်မှာ ဂျွန်နီ၏ နောက်ဆုံးတစ်ကြိမ်အဖြစ် ဆေးရုံမှ ဆင်းခြင်းဟုလည်း ပြောဆိုနိုင်၏။

ဂျွန်နီ ရောဂါမှာ အမြင်အားဖြင့် အဆိုးကြီးဟုလည်း ပြောရန်ခက်၏။ လောလောဆယ် ဂျွန်နီ ရင်ဆိုင်နေရသော အကြီးဆုံး ဒုက္ခမှာ သူ့လက်များကို အသုံးချခြင်း ပြုလုပ်ရာ၌ ကြာလေခက်လေ ဖြစ်လာနေခြင်းဖြစ်၏။


BURMESE CLASSIC .com

www.burmeseclassic.com


သူသည် မည်သည့်အရာဝတ္ထုကိုမှ မြဲအောင် မကိုင်နိုင်ရှာတော့။ သူ့ဖိနပ်ကြိုးကိုပင် သူ မစည်းနိုင်။ ကြိုးစားလုပ်ကိုင်ထားသော သူ့လက်တွင်းမှ ပစ္စည်းများကိုလည်း မကြာခဏ လွတ်ကျသွားတတ်၏။

"အဖေရယ်… ကျွန်တော့်လက်က အကြောတွေက ဘာဖြစ်ကုန်ကြသလဲ မသိဘူး၊ စိတ်ဖောက်ကုန်ကြပြီ ထင်တယ်၊ ကျွန်တော် ဖြစ်ချင်တာကို သူတို့ ဘာမှ မလုပ်ပေးကြတော့ဘူး"

သူ့ ဘယ်လက်မှာ တဖြည်းဖြည်းနှင့် ဆုပ်ကိုင်ထားသော လက်ချောင်းလေးများကိုပင် ဖြည့်၍မရတော့။

ကျွန်တော် စိတ်မကောင်းပါ။ သို့သော် ကျွန်တော် စိတ်မကောင်းသည်ကို ဂျွန်နီ မသိအောင် အထူးမျိုသိပ်ထားရ၏။

ယခုအချိန်၌ ဂျွန်နီဘဝ အသက်ဆက်နိုင်ရေး၏ တစ်ခုတည်းသော စွမ်းအင်မှာ သူ၏ စိတ်ဓာတ်ပင် ဖြစ်၏။ သူ့စိတ်ဓာတ် မကျသွားသမျှ သူ့စိတ်ကို တင်ထားသမျှ သူ အသက်ဆက်ဦးမည်။ သူ စိတ်လျှော့လိုက်သည်နှင့် သူ အသက် ဆက်နိုင်တော့မည် မဟုတ်။

ကျွန်တော့်သားကို သူ့စွမ်းအားရှိသမျှ အသက် ဆက်စေချင်သေးသည်။ လူ့ဘဝတွင် နေစေချင်သေးသည်။ ကျွန်တော် တက်အားသရွေ့ သူ့ကု အစွမ်းကုန် ကူညီဦးမည်။

မေလ ၂၅ ရက်နေ့သို့ ရောက်ခဲ့ပြန်ပြီ။

ထိုနေ့တွင် ဒီရားဖီးရှိ ဂျွန်နီကျောင်းမှ ဆရာကြီး ဘော်ဒင်ထံမှ တယ်လီဖုန်းလာ၏။

"မစ္စတာ ဂါနာလား"

"ဟုတ်ပါတယ် ခင်ဗျား"

"ကျွန်တော် ဆရာကြီး ဘော်ဒင်ပါ။ ဂျွန်နီဆေးရုံက ဖြေပေးတဲ့


BURMESE CLASSIC .com

www.burmeseclassic.com


အဖြေလွှာတွေအားလုံးကို ကျွန်တော်တို့ အသေအချာ စစ်ကြည့်ပြီးပြီ၊ ဂျွန်နီ ဘာသာတိုင်းမှာ အောင်မှတ်ရတယ်''

''ဟုတ်ကဲ့''

''ကျွန်တော် ဒီစာမေးပွဲအောင်တဲ့သတင်းကို ပြောပြချင်လို့ ဆက်တာပါ။ နောက်တစ်ခုက လာမယ့်အပတ်ထဲမှာ ဂျွန်နီတို့ အခန်းက စာမေးပွဲအောင်တဲ့ ကလေးတွေကို အောင်လက်မှတ် ချီးမြှင့်တဲ့ အခမ်းအနား ကျင်းပဖို့ ရှိပါတယ်။ ဂျွန်နီကို လာနိုင်ရင် လာဖို့ ဖိတ်ချင်လို့ပါ''

''ကျွန်တော်တို့လာဖို့ အစွမ်းကုန်ကြိုးစားပါ့မယ်၊ ဆရာကြီး ခုလို ဖုန်းဆက်တဲ့အတွက်လည်း ကျွန်တော်တို့ အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ''

ဆရာကြီး ဘော်ဒင် ဖုန်းချသွား၏။

ကျွန်တော် ဖရန့်နှင့် ဂျွန်နီ့တို့ အဘယ်မျှ ဝမ်းသာကြသည် မရေးပြတတ်တော့ပါ။

ဂျွန်နီ ကျောင်းနှင့် ဝေးနေခဲ့သည်မှာ (၁၄) လလုံးလုံးရှိခဲ့ပြီး ဤ (၁၄) လအတွင်း ဤမျှ မကျန်းမမာဖြစ်နေခဲ့သော ဂျွန်နီသည် အဘယ်သို့ သူ့အတန်းတင်စာမေးပွဲကို အောက်-အောင်ဖြေခဲ့နိုင်သနည်း။

ကျွန်တော်တို့ မိသားစု ဒီရားဖီးသို့ မဖြစ် ဖြစ်အောင် သွားခဲ့ကြပြန်၏။

မေလ ၂၇ ရက်နေ့မှ ဇွန်လ ၄ ရက်နေ့အထိ ဒီရားဖီးတွင် နေခဲ့ကြ၏။

ထိုသို့ နေစဉ်အတွင်း ဂျွန်နီသည် အောက်လက်မှတ် ချီးမြှင့်သည့် အခမ်းအနားကိုသာမက ဂုဏ်ပြုညစာ စားပွဲကိုပင် တက်ခဲ့သေး


BURMESE CLASSIC .com

www.burmeseclassic.com


၏။

ထိုအချိန်၌ ဂျွန်နီ့ခေါင်းမှ ဆံပင်များမှာလည်း ကောင်းစွာ ပြန်မပေါက်သေး။ ခွဲထားသော ခေါင်းမှ ကင်ဆာအကျိတ်ရှိသည့် နေရာတွင်လည်း ပတ်တီးကြီးနှင့်။ သူသည် အခြားကျောင်းသားများအလယ်တွင် လူစိမ်းကဲ့သို့ ဦးစွာဖြစ်နေ၏။ သို့သော် ကျောင်းသားများမှာ အလွန်နားလည်မှုရှိသော လူငယ်များ ဖြစ်ကြပါသည်။ မိနစ်ပိုင်းမျှ ကြာသည်နှင့် ဂျွန်နီ့ကို မည်သူမှ လူစိမ်းကဲ့သို့ မကြည့်၊ မဆက်ဆံတော့။ သူတို့အတွင်းမှ တစ်ယောက်ကဲ့သို့ပင် မှတ်ယူလိုက်ကြ၏။

ညအိပ်ချိန်ရောက်လျှင် ဂျွန်နီ့ကို ရုတ်တရက် အရေးပေါ် ပြဿနာရှိလျှင် စိတ်ချရန်အတွက် ကျောင်း၏ လူနာဆောင်၌ အိပ်စေ၏။

သို့သော် နံနက်လင်း၍ ဂျွန်နီ့အခန်းသို့ ဖရန့်နှင့် ကျွန်တော် သွားကြသောအခါ၌ သူ့အခန်းတွင် သူမရှိ။ အခြားကျောင်းသားများနှင့်ရောစ၍ ဓာတုဗေဒလက်တွေ့ပြုလုပ်သော ဓာတ်ခွဲခန်းတွင် လက်တွေ့ သွားရောက်လေ့ကျင့်နေသည်ကို တွေ့ရ၏။

ပင်ပင်ပန်းပန်း လုပ်ကိုင်ရမည့် အလုပ်များကို မည်သူမျှ ဂျွန်နီ့ကို မလုပ်စေချင်ကြပါ။ သို့သော် တားရန်လည်း ခက်နေကြ၏။

ကြည့်ပါ။

ကျွန်တော်က သူ့ကို သတိပေးမိလျှင် ...

"အဖေရယ် ...၊ ဒီလို သား စိတ်ဝင်စားတာ တစ်ခုခုလုပ်နေရတာ သား ခေါင်းက ရောဂါအတွက် ပိုကောင်းတယ်လို့ သား ထင်တယ်၊ သားမှာ နေရဖို့အချိန်လည်း သိပ်ရှိတော့တာမဟုတ်ဘူး၊ သား လုပ်ချင်တာလေးတွေ လုပ်သွားပါရစေဦး"

ကျွန်တော် အဘယ်သို့ ဆက်တားမြစ်ရန် သင့်လျော်မည်နည်း။


BURMESE CLASSIC .com

www.burmeseclassic.com


သို့သော် သူ အကူအညီလိုသည့်အချိန်တွင်ပေးရန်အတွက် ဖရန့်နှင့် ကျွန်တော် သူ့မလှမ်းမကမ်းတွင် တစ်လှည့်စီ ရပ်ကြည့်နေခဲ့ကြ၏။

တကယ်တော့ ဂျွန်နီ့အခြေအနေမှာ ကောင်းလှသည်မဟုတ်။ စိတ်ဆောင်၍သာ လှုပ်ရှားနေနိုင်ခြင်းဖြစ်၏။

ကြည့်ပါ။

သူ့ဘယ်ပခုံးမှာ ညာပခုံးထက် အောက်သို့ နိမ့်ကျနေ၏။ ဘယ်လက်တစ်ဘက်လုံးမှာလည်း လုံးဝအသုံးချ၍ မရအောင် ပျက်စီး ချွတ်ယွင်းလျက် ရှိလေပြီ။

နောက်တစ်နေ့မှာလည်း ဒီရားဖီးကျောင်းတွင် အလွန် အလုပ်များခဲ့သော နေ့တစ်နေ့ပင်ဖြစ်၏။

မွန်းတည့်ချိန်၌ ကျောင်းသားမိဘများအတွက် ဧည့်ခံပွဲ ကျင်းပ၏။ နောက် ပျော်ပွဲ-ရွှင်ပွဲ။ ညဘက်တွင်လည်း ညစာစားပွဲကြီး ကျင်းပ၏။

ဒီရားဖီးကျောင်း၌ နှစ်ပေါင်း ၄-၅ နှစ်တိုင်တိုင် အမှုထမ်းပြီး အနားယူတော့မည့် ကျောင်းအုပ်ဆရာကြီး မစ္စတာ ဘော်ဒင်ကို ဂုဏ်ပြု သော အခမ်းအနားကိုလည်း ထိုညစာ စားပွဲနှင့်တွဲ၍ ပြုလုပ်သဖြင့် အချိန်မှာ သုံးနာရီမျှ ကြာခဲ့၏။

ဂျွန်နီမှာ ဤသုံးနာရီမျှကြာသော အခမ်းအနားကိုလည်း တစ်မိနစ်မျှ အလွန်မခံခဲ့။

နောက် ကျောင်းအုပ်ဆရာကြီးက ကျောင်းသားများကို နှုတ်ဆက်စကား မြွက်ကြား၏။

နောက် ကျောင်းသားများက ကျောင်းအရှေ့ရှိ မြက်ခင်းသို့ ထွက်ပြီး ကျောင်းအုပ်ကြီး ဘော်ဒင်ကို ဂုဏ်ပြုသော တေးသီချင်းများ ကို ဆိုကြ၏။

ထိုအချိန်၌ ညဉ့်နက်လေပြီ။ ရာသီဥတုမှာလည်း အေးလှလေ


BURMESE CLASSIC .com

www.burmeseclassic.com


ပြီ။

သီချင်းဆိုနေစဉ် ဂျွန်နီသည် ရုတ်တရက် မဟန်တော့သလို ဖြစ်လာ၏။ ကျွန်တော် သူ့အနားကပ်ပြီး သူ့ကို ဖေးမထားရ၏။ တွဲထားရ၏။ ဤသို့ ဖေးမခြင်း၊ တွဲခြင်းကို ဂျွန်နီမကြိုက်ပါ။ သို့သော် မတတ်သာတော့သဖြင့် ငြိမ်ခံနေပါသည်။

နောက်တစ်နေ့မှာ အောင်လက်မှတ် ယူရမည့်နေ့ဖြစ်၏။ အရေးကြီးဆုံးနေ့ပင်။

ကျောင်းသားများသည် ကျောင်းနှင့် မလှမ်းမကမ်းတွင်ရှိသော ဘုရားရှိခိုးကျောင်းသို့ အုပ်စုလိုက် တွဲလျှောက်သွားကြ၏။

ဂျွန်နီ့ကို ဤအုပ်စုတွင်ရော၍ လျှောက်နိုင်လိမ့်မည်ဟု ကျွန်တော်တို့ မထင်ပါ။ သို့သော် အံ့ဩစရာကောင်းလောက်အောင်ပင် ဂျွန်နီသည် ဤကျောင်းသားများနှင့်ရော၍ ဘုရားကျောင်းရောက်သည် အထိ လျှောက်သွားနိုင်ခဲ့၏။

ဘုရားကျောင်းတွင် ကျောင်းသားများသည် တန်းစီထိုင်ပြီး နာမည်ခေါ်သော ကျောင်းသားသည် ထိုင်ရာမှထ၍ ဆရာကြီးထံမှ အောင်လက်မှတ်ကို ယူကြရမည်ဖြစ်၏။ ပြဿနာမှာ အောင်လက်မှတ်ကို ယူရာ၌ ဘယ်လက်ဖြင့် လက်ခံယူကြရခြင်းဖြစ်၏။

ဂျွန်နီ ဘယ်လက်မှာ လှုပ်မရ။

ထို့ကြောင့် ကျွန်တော်နှင့် ဖရန့်မှာ ကျောင်းအုပ်ဆရာကြီးထံ ကြိုသွားပြီး ဂျွန်နီ့အား ညာလက်ဖြင့် လက်ခံယူခွင့်ပေးရန် ပန်ကြားထားရ၏။ ကျောင်းအုပ်ကြီးကလည်း အလွယ်တကူပင် သဘောတူပါသည်။

ကျောင်းသားတစ်ဦးချင်း၏ အမည်ကို စ-ခေါ်လေပြီ။

နာမည်၏ အက္ခရာစဉ်အတိုင်း ခေါ်ခြင်းဖြစ်၍ ဂျွန်နီ၏


BURMESE CLASSIC .com

www.burmeseclassic.com


အမည်ကို ချက်ချင်းမခေါ်သေး။

''ဌျန်ဂါနာ''

ဌျန်နီ၏ အမည်ကို ခေါ်လေပြီ။

ဌျန်နီသည် ထိုင်ရာမှ ထလိုက်၏။ ကျောင်းသားများကြားမှ ဖြတ်ပြီး ကျောင်းအုပ်ဆရာကြီးရှိရာသို့ လျှောက်သွား၏။

သူ့မျက်လုံးများမှာ ဘယ်မကြည့် ညာမကြည့် ကျောင်းအုပ်ဆရာကြီး ရှေ့တည့်တည့်သို့သာကြည့်ပြီး လျှောက်သွား၏။ သူ့ခေါင်းတွင်ပတ်ထားသည့် ပတ်တီးမှာ ပြတင်းပေါက်မှ ဝင်လာသော နေရောင်ကြောင့် ယခုအချိန်မှ ပို၍ပေါ်လွင်နေသလိုရှိ၏။

တစ်ခန်းလုံး ဆိတ်ငြိမ်နေ၏။

ဌျန်နီ ဆရာကြီးထံသို့ရောက်အောင် လျှောက်သွားနိုင်မည်လား။

ကျွန်တော်နှင့် ဖရန့် တွေးပူနေ၏။

အခြားလူများလည်း ကျွန်တော်တို့ကဲ့သို့ပင် တွေးပူနေဟန်ရှိ၏။

ဆရာကြီးရှေ့ရောက်သွားပြီ။

ဆရာကြီးက ဌျန်နီ၏ ညာလက်အတွင်းသို့ သူ့ အောင်လက်မှတ်ကို ထည့်ပေးလိုက်၏။ အခြားကျောင်းသားများ အောင်လက်မှတ်ယူချိန်တွင် လက်ခုပ်တီး၍ ဩဘာပေးပါသည်။ သို့သော် ယခု ဌျန်နီ၏ အောင်လက်မှတ်ယူချိန်၌ ဩဘာပေးပုံမှာ အခြားကျောင်းသား ယူစဉ်၌ ပေးပုံနှင့် လုံးဝမတူ။ အခန်းပြင် အဝေးမှပင် ကြားလောက်အောင် အလွန်ကျယ်လောင်သော လက်ခုပ်သံများဖြင့် ဩဘာပေးကြ၏။ လူတိုင်းနှလုံးသားတွင်းမှ နှစ်ထောင်းအားရစွာဖြင့် ပေးကြပုံရ၏။

အောင်လက်မှတ် ချီးမြှင့်သည့် အခမ်းအနားကြီး ပြီးသွားခဲ့လေပြီ။

ထိုညနေခင်းတွင် စကားစပ်၍ ဟားဗတ်တက္ကသိုလ်ကြီး


BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်း ပြောမိကြ၏။

"ဖေဖေ တစ်ချို့ကျောင်းသားတွေက ဟားဗတ်တက္ကသိုလ်ကြီးက သူတို့ကို လက်ခံတယ်ဆိုတဲ့အကြောင်း ပြန်စာတောင် ရထားကြပြီးပြီလို့ ပြောတာ၊ သားဆီတော့ ဘာအကြောင်းကြားစာမှ မလာသေးဘူး"

"လာမှာပါ သားရယ်၊ ခဏတော့ စောင့်ကြည့်ပါဦး"

ဂျွန်နီသည် ဟားဗတ်တက္ကသိုလ်ကြီးက သူ့ကို လက်ခံနိုင်၊ မခံနိုင်ကို အလွန်ပင် သိချင်နေပုံရ၏။

သူ့အတွက် အချိန်မရှိတော့၊ ဤသို့ အချိန်မရှိတော့သည်ကို သိသည့်အတွက်လည်း ဤမျှ စိတ်စောနေပုံရ၏။

ကျွန်တော်တို့ အိမ်ရှိရာ နယူးယောက်မြို့သို့ ပြန်ခဲ့ကြပြန်ပြီ။

ကျွန်တော်နှင့် ဖရန့်မှာ ဆရာဝန်များနှင့် လိုက်၍တွေ့ကြရပြန်၏။

ကျွန်တော်တို့သားကို ကျွန်တော်တို့ မသေစေချင်သေးပါ။ ဖြစ်နိုင်သမျှ ဤလောကကြီးတွင် ဤမျှနေချင်နေသော သားကို ဆက်၍ အသက်ရှင်နေစေချင်သေး၏။

သူ့ခေါင်းမှ အကျိတ်မှာလည်း ပြန်၍ကြီးထွားလာပြန်ပြီ။ သို့သော် ယခင် အကြိမ်များလောက် မမြန်ဟု ကျွန်တော်ထင်၏။

ဆေးကုသ၍ ကုန်ကျရသည့် စရိတ်ခမှာလည်း မသေးပါ။

ဤပြဿနာကို ကျွန်တော်နှင့် ဖရန့်မှာ မတွေးရဲသဖြင့် မတွေးဘဲ မေ့ထားကြ၏။ ယခု ကျွန်တော့် စာအုပ်သစ်မှာ ရေးပြီးခဲ့ပြီ။ ဤစာအုပ်အတွက် ရမည့်စာမူခများမှာ ဂျွန်နီ့ကို ဆေးဆက်ကုသရန်အတွက် လောက်လိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ထားကြ၏။

တစ်နေ့မနက်တွင် ဒေါက်တာ ထရေဂျာ ကျွန်တော့်ထံသို့ ဖုန်းဆက်လာ၏။



BURMESE CLASSIC .com

www.burmeseclassic.com


"ကျွန်တော် ဦးနှောက်အထူးကု ဆရာဝန်တွေရဲ့ ညီလာခံ သွားတက်မလို့၊ ဒီညီလာခံမှာ ဦးနှောက် အထူးကုဆရာဝန် အများကြီးနဲ့ ကျွန်တော် တွေ့မယ်၊ ဒီဆရာဝန်တွေထဲက ဂျွန်နီရောဂါကို စိတ်ဝင်စားတဲ့၊ ကုချင်တဲ့ ဆရာဝန်တွေ့ရင် ခေါ်လာခဲ့မယ်"

"ကျေးဇူးပါပဲ ဆရာရယ်၊ ဆရာတွေ့ရင် ခေါ်သာခေါ်လာခဲ့ပါ"

ဒေါက်တာ ထရေဂျာ ထိုညီလာခံ၌ ဂျွန်နီ့ရောဂါကို ကုသပေးနိုင်မည့် စိတ်ဝင်စားသည့် ဆရာဝန်ကို ရှာမတွေ့ခဲ့ပါ။

အမေရိကန်ပြည်ထောင်စုတွင် ကင်ဆာအကျိတ်များကို အမြစ်ပြတ်ကုသပေးနိုင်ရန် သုတေသန ပြုလုပ်နေကြသော ဆေးပညာရှင်အများအပြားရှိ၏။ ကန့်သတ်ချက် အောင်မြင်မှုအမျိုးမျိုးကိုလည်း ရလျက် ရှိကြ၏။ သို့သော် သူတို့ အမြစ်ပြတ်အောင် ကုသပေးနိုင်ခဲ့သည့် ကင်ဆာအကျိတ်ရှိသောနေရာမှာ လူ၏ဦးနှောက်တွင် မဟုတ်။ လူ၏ အခြား ခန္ဓာကိုယ် အစိတ်အပိုင်းများတွင် ဖြစ်၏။ မည်သူမျှ ဦးနှောက်တွင် ဖြစ်နေသော အကျိတ်ပေါ်၌ သူတို့၏ တွေ့ရှိထားသော စမ်းသပ်ကုသမှုများကို မပြုရဲ။

ခက်သည်။

အလွန်မှ ခက်သည်။

သို့သော် တစ်နေ့မနက်တွင် ဂျွန်နီသည် သတင်းစာ ဖတ်နေရာမှ ဖရန့်ကို လှမ်းပြော၏။

"မေမေ ဒီမှာကြည့်စမ်း၊ ကင်ဆာအကျိတ်ကို အမြစ်ပြတ်အောင် ကုသနိုင်လိုက်တဲ့ သတင်း"

မှန်သည်။

ချီကာဂိုမြို့မှ ဆေးပညာရှင်တစ်စု၏ ကင်ဆာအကျိတ်ကို


BURMESE CLASSIC .com

ပျောက်အောင် စမ်းသပ်ကုသပေးနိုင်ခဲ့သည့် သတင်းဖြစ်၏။

ကျွန်တော်တို့အားလုံး ဝမ်းသာသွားကြ၏။ ဤဆရာဝန်များနှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်ကြ၏။

ကျွန်တော်တို့ ချီကာဂိုမြို့သို့ လိုက်ပါသွားပါသည်။ ထိုဆရာဝန်အဖွဲ့နှင့်လည်း အခက်အခဲမရှိ တွေ့ခွင့်ရ၏။

"မစ္စတာ ဂါနာ ကျွန်တော်တို့ရဲ့ ကုထုံးသစ်ကို လူ့ခန္ဓာကိုယ်ရဲ့ အခြားနေရာမှာဆိုရင်တော့ စမ်းသပ်ကုပေးရဲတယ်၊ ဦးနှောက်မှာဆိုရင်တော့ ကျွန်တော်တို့ မစမ်းရဲဘူး"

ကျွန်တော် စိတ်ပျက်ရပြန်သည်။

"ဦးနှောက်မှာဖြစ်တဲ့ ကင်ဆာအကျိတ်ကို ကုသတာနဲ့ ပတ်သက်ပြီး ကျွန်တော် သွားတွေ့သင့်တဲ့ ဆရာဝန်များရော ရှိပါသေးလား ခင်ဗျာ၊ မြင်ထားတာရှိရင် ကျေးဇူးပြုပြီး ပြောပြပါ၊ ကျွန်တော် သွားတွေ့ချင်လို့ပါ ခင်ဗျာ"

ဆရာဝန်တစ်ဦးက ဒေါက်တာ ဒါဗီဒေါ့အမည်ရှိသော ပညာရှင်ကို သွားတွေ့ရန် အကြံပေး၏။ ဒေါက်တာ ဒါဗီဒေါ့(ချီကာဂို) ပတ်ဝန်းကျင်၌ အလွန်ကျော်ကြားသည့် ဦးနှောက်အထူးကု ဆရာဝန်ကြီးဖြစ်၏။

ကျွန်တော် ဒေါက်တာ ဒါဗီဒေါ့နှင့် သွားတွေ့၏။

"ဆရာ Glioma Multiforme ဆိုတဲ့ ကင်ဆာအကျိတ်ဦးနှောက်မှာဖြစ်ပြီး အသက်ရှင်နေနိုင်တဲ့လူ ရှိပါသေးလား ခင်ဗျာ"

"ကျွန်တော်တော့ မတွေ့ဖူးသေးဘူး၊ ကျွန်တော် မြင်ဖူးသလောက် အကြာဆုံး အသက်ရှင်နေနိုင်သွားတဲ့လူဟာ လေးနှစ်ပဲ"

ကျွန်တော်က ဒေါက်တာ ဒါဗီဒေါ့ကို ဂျွန်နီ့ရောဂါအကြောင်းကို အသေးစိတ် အစအဆုံး ပြန်ပြောပြ၏။

"နွေတုန်းက သူ တော်တော် သက်သာသလို ဖြစ်ခဲ့တာ ဘယ်

www.burmeseclassic.com


ဆရာဝန်ရဲ့ ကုထုံးကြောင့်လို့ ဆရာ ထင်လဲ''

''အတိအကျ ပြောဖို့ကတော့ခက်တယ်၊ ကျွန်တော် ထင်တာက ခတ်မှန်ရောင်ခြည်ပေးပြီး ကုနိုင်ခဲ့တဲ့အတွက်လို့ ထင်တယ်''

''ခက်တာက ဆရာရယ်၊ ခတ်မှန်ရောင်ခြည်ပေးတဲ့ ဆရာဝန်ကိုယ်တိုင်က သူ့ရောင်ခြည်နဲ့ အစွမ်းကို တိတိကျကျ ဘာမှ မသိဘူးတဲ့၊ ယုံကြည်မှုလည်း သိပ်မရှိဘူးတဲ့၊ မခက်ဘူးလား''

ဒေါက်တာ ဒါဗီဒေ့ါက ပြုံးလိုက်၏။

''ကျွန်တော်တို့က ခတ်ရောင်ခြည်ပေးလို့ သက်သာလာတယ်ဆိုရင် ခတ်ရောင်ခြည်ပေးတာကို ပိုပြီးပေးစေချင်တယ်၊ ဒါပေမယ့် ကျွန်တော့်သားကို တာဝန်ယူကုနေကြတဲ့ အခြားဦးနှောက် အထူးကုဆရာဝန်ကြီးတွေကလည်း ခုအဆင့်ထက်ပိုပေးတာကို သဘောမတူကြဘူး''

ဒေါက်တာ ဒါဗီဒေ့ါက ခေါင်းညိတ်၏။ သူ၏ ထင်မြင်ချက်ကို ဆက်ပြောရန်လည်း ခက်နေပုံရ၏။

ကျွန်တော်နှင့် ဖရန့် ဆရာဝန်အမျိုးမျိုးပြောင်း၍ ဂျွန်နီ့ကို ကုသကြသည့်အတွက် အချို့လူများက ကျွန်တော်တို့ကို အပြစ်တင်ကြ၏။ ဆရာများ ဆေးစုံပြီး ဘာမှ အရာမထင်၊ ဆရာဝန်တစ်ဦးတည်းဖြင့် ဆေးတစ်မျိုးတည်းကို စူးစိုက်၍ ကုသသင့်သည်ဟု ပြောကြ၏။

ကျွန်တော်တို့အပေါ် အပြစ်ဖို့သူများကို ကျွန်တော်တို့ မေတ္တာမပျက်ပါ။ သူတို့လည်း ဂျွန်နီ့အပေါ် စေတနာဖြင့် ပြောကြခြင်း ဖြစ်သည်ဟု ကျွန်တော် ယုံကြည်၏။

မှန်သည်။

ကျွန်တော်တို့သည် ဂျွန်နီရောဂါ ကုသပေးရာ၌ လိုအပ်သည်ထက် ပို၍ လုပ်ပေးခဲ့သည်များလည်း ရှိကောင်းရှိမည်။


BURMESE CLASSIC .com

www.burmeseclassic.com



ခက်သည်မှာ ဂျွန်နီသည် သူ့ဘဝကို မြတ်နိုးသည်။

သူ အသက်ရှင်နေချင်သည်။

ကျွန်တော်တို့က ဂျွန်နီ့ကို ချစ်သည်။

ဂျွန်နီ့အတွက် လုပ်ပေးနိုင်သမျှ အစွမ်းကုန် လုပ်ပေးရန်မှာ ကျွန်တော်တို့၏ တာဝန်ဟု ယူဆသည်။ ကျွန်တော်တို့ ထိုသို့ လုပ်ပေးနေစဉ်အတွင်းလည်း ဂျွန်နီဖြစ်နေသည့် ကင်ဆာအကျိတ်မျိုးကို အမြစ်ပြတ်အောင် ကုသပေးနိုင်သည့် ကင်ဆာအကျိတ်မျိုးကို ကမ္ဘာပေါ်တွင် ပေါ်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ထား၏။

ကျွန်တော်တို့ ယုံကြည့်ချက် လက်တွေ့ဖြစ်မလာခဲ့ပါ။

ဂျွန်နီ့အခြေအနေမှာ တစ်နေ့တခြား ပိုဆိုးလာနေ၏။

ဂျွန်နီသည် သူ သေရတော့မည်ကို အတိအကျ သိနေပါသလား။

မသိဟုပင် ကျွန်တော် ထင်သည်။

ပြောရန်လည်း ခက်လှသည်။

တစ်ခါတစ်ရံ သူ့နှုတ်မှ ထွက်လာသော စကားများကို ထောက်မချင့်၍ သိသည်ဟုလည်း ယူဆနိုင်၏။

သူသည် မသေဆုံးမီ ရက်ပိုင်းများအတွင်း အမြဲ အိပ်ချင်နေတတ်၏။ ဒေါသလည်း မကြခဏ ကြီးတတ်၏။ ဒေါက်တာမောက်၏ သူ့ရောဂါနှင့်ပတ်သက်၍ ရေးထားသော ဆေးမှတ်တမ်းများကို ဖတ်ချင်သည်ဟုလည်း မကြာခဏ တောင်းဆို၏။

ဒေါက်တာမောက်၏ ဆေးမှတ်တမ်းကို ကျွန်တော်နှင့် ဖရန့် ဂျွန်နီ့ကို ဖတ်မပြရက်ပါ။

"အမေနဲ့ အဖေတို့ မပြလည်း ကျွန်တော် တွေးကြည့်လို့ ရပါတယ်၊ ကျွန်တော့်ရောဂါ အခြေအနေကောင်းသွားရင် ကျွန်တော့်ကို

www.burmeseclassic.com


ဘယ်သူမှ ခုလို ဂရုတစိုက် ကုနေကြတော့မှာ မဟုတ်ဘူး၊ ကျွန်တော် သိချင်တယ်၊ ကျွန်တော့်ခေါင်းက အကျိတ်ကြီးသလား၊ သေးသလား''

''ဒါတွေက ဆရာဝန်တွေ အလုပ်ပါ သားရယ်၊ သား ခေါင်း ခြောက်ခံပြီး စဉ်းစားမနေပါနဲ့''

ကျွန်တော်က နှစ်သိမ့်လိုက်၏။

တစ်နေ့မနက်တွင် ဆရာဝန်တစ်ဦးက သွေးစစ်ရန်အတွက် ဂျွန်နီလက်မှ သွေးကို လာဖောက်၏။

''ဒါတွေ ဘာအတွက် လာဖောက်ယူနေတာလည်း ဒေါက်တာ၊ ဒါတွေ ဖောက်ယူပြီးတော့ ကျွန်တော့်ကို ဘာကုပေးနိုင်တာရှိသေးလို့လဲ''

ကျွန်တော်နှင့် ဖရန့်ကမူ အားမလျှော့ကြသေး။ ဂျွန်နီ့ကို ကုသပေးခဲ့ဖူးသည့် ကုထုံးအားလုံးမှ အကောင်းဆုံး ကုထုံးကို ရွေးပြီး ဂျွန်နီကို ဆက်ကုသရန် ဆုံးဖြတ်ကြ၏။ ထိုအကောင်းဆုံးဟူသော ကုထုံးမှ အဘယ်မည်သော ကုထုံးဖြစ်မည်နည်း။

ဓာတ်ရောင်ခြည်ပေး၍ ကုခြင်းလော။

ဓာတ်စာပေး၍ ကုခြင်းလော။

ဓာတုပစ္စည်းများသုံး၍ ကုခြင်းလော။

ခွဲစိတ်ကုသပေးခြင်းလော။

ဓာတုပစ္စည်းများကို သုံး၍ ကုသခြင်းကို ပထမဆုံး ပြုလုပ်ရန် ကျွန်တော်တို့ ရွေးချယ်လိုက်၏။ ထိုသို့ ရွေးချယ်ရခြင်းမှာ အချက်နှစ်ရပ်ရှိ၏။ ပထမအချက်မှာ ကျွန်တော်တို့ အားထားသော ဒေါက်တာပင်ဖီးက ဤနည်းသည် အကောင်းဆုံးဖြစ်သည်ဟု ပြောသည့်အတွက် ဖြစ်၏။

ဒုတိယအချက်မှာ လွန်ခဲ့သည့် တစ်နှစ်ကျော်က (အိတ်အင်


BURMESE CLASSIC .com

www.burmeseclassic.com


တူး)အမည်ရှိသော ဓာတုပစ္စည်းပေး၍ ကုသစဉ် ဂျွန်နီအဘယ်မျှ သက်သာခဲ့သည်ကို အမှတ်ရနေသည့်အတွက် ဖြစ်၏။

ဓာတုပစ္စည်းပေး၍ ကုနည်းကို သုံးပြီးလျှင် ဓာတ်ရောင်ခြည်ပေး၍ ကုသခြင်းကို ဆက်လက်ပြုလုပ်မည်။ နောက် ဒေါက်တာဂါဆင်နှင့် သွားတွေ့ပြီး ဓာတ်စာပေး ကုခြင်းကို ဆက်ပြုမည်။

ဂျွန်နီ့ကို ဆေးစစ်ခံရန်အတွက် ဆေးရုံခေတ္တတင်ကြရ ပြန်သည်။

ဂျွန်နီ့အခြေအနေမှာလည်း ပို၍ ဆိုးမလာ၊ ပို၍လည်း ကောင်းမသွား။

"အခုထိတော့ အားလုံးကောင်းနေတာပဲ"

ဂျွန်နီ့ကို ဆေးစစ်ပေးနေသော ဆရာဝန်တစ်ဦးက ပြောလိုက်၏။

"နောက်တော့သာ မပြောတတ်ဘူးဆိုပါတော့"

ဂျွန်နီက တည်ငြိမ်စွာ ဝင်ပြောလိုက်၏။

ဆရာဝန်က ပြုံးလိုက်၏။

ဆေးစစ်ခံခြင်းများ ပြုလုပ်ပြီးနောက် ဂျွန်နီ့ကို ဆေးရုံမှ ပြန်ခေါ်ခဲ့၏။

အိမ်ပြန်ရောက်စ သုံး-လေးရက်မှာ အခြေအနေ အလွန်ကောင်း၏။

ထို့ကြောင့်လည်း ဆရာဝန်များက ဂျွန်နီနေထိုင်ရန် ပို၍ သက်သောင့်သက်သာ ရှိစေမည့် (မဒီဆင်) မြို့ရှိ အိမ်သို့ ပြောင်းရွှေ့နေထိုင်ရန် အကြံပေး၏။

ကျွန်တော်တို့ကလည်း သဘောတူ၏။

(မဒီဆင်) မြို့သို့ ဖရန့် ကြိုထွက်သွားပြီး ဂျွန်နီ ရောက်လာ


BURMESE CLASSIC .com

www.burmeseclassic.com


သောအခါ၌ အသင့်နေနိုင်ရန်အတွက် အိမ်ကို ပြင်ဆင်မှုများ ပြုလုပ်၏။

အိမ်တွင် ဂျွန်နီနှင့် ကျွန်တော် နှစ်ယောက်တည်းသာ ကျန်ခဲ့၏။

ဒေါက်တာ ပတ်နင်းက နယူးယောက်မြို့သို့ ရောက်လာ၏။

ဇွန်လ ၂၃ ရက်နေ့တွင် ဒေါက်တာ ထရေဂျာနှင့်အတူ ဂျွန်နီ့ကို လာကြည့်၏။

"ဒီအကျိတ်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ဒီနေ့အထိ ဘယ်ဆရာဝန်မှ မပြောနိုင်သေးပါဘူး"

ဒေါက်တာ ထရေဂျာက ဂျွန်နီ့အကျိတ်ကို စမ်းသပ်ကြည့်ရင်း ပြောလိုက်၏။

"ကျွန်တော့် ဆရာဝန်ဘဝ သက်တမ်းတစ်လျှောက်လုံးမှာ ကင်ဆာအကျိတ်ဝေဒနာသည် ထောင်နဲ့ချီပြီး တွေ့ဖူးတယ်၊ ဒီအထဲမှာ Glioma Multiforme ကင်ဆာအကျိတ်မျိုးဖြစ်တဲ့ ဝေဒနာသည် နှစ်ယောက်ပဲ မြင်ဖူးတယ်"

၎င်းဝေဒနာသည်နှစ်ဦး အဘယ်မျှ အသက်ရှင်နေနိုင်ခဲ့ကြသည်ကို ကျွန်တော် မမေးဝံ့ပါ။

"ကျွန်တော် (အိတ်) ဓာတ်ရောင်ခြည်နဲ့ ကင်ခြင်းကို ပြန်လုပ်ကြည့်ရင် ကောင်းမယ် ထင်တယ်"

ဒေါက်တာ ပတ်နင်းက ပြောလိုက်၏။

"ဆရာပဲ ပထမအကြိမ်တုန်းက ရပ်ထားရင် ကောင်းမယ်လို့ ပြောခဲ့ဖူးတယ် မဟုတ်လား"

ကျွန်တော်က ဒေါက်တာပတ်နင်းကို ပြောလိုက်၏။

"ဟုတ်တယ်၊ ဟိုအချိန်က ဂျွန်နီခေါင်းက အရေပြားတွေ


BURMESE CLASSIC .com

www.burmeseclassic.com



အခြေအနေက အခုလို မကောင်းဘူး၊ ပျက်စီးနေတဲ့ အပိုင်းတွေ သိပ်များတယ်၊ ခု ပြန်ကောင်းလာနေပြီပဲ၊ (အိတ်) ရောင်ခြည်နဲ့ ပြန်ကုချင်ရင် ကုလို့ရပြီ''

ဇွန်လ ၂၇ ရက်နေ့သို့ ရောက်ခဲ့ပြန်ပြီ။

ကျွန်တော် နံနက်စာ စားနေစဉ် ဂျွန်နီ ကျွန်တော့်အနီးသို့ ရောက်လာခဲ့၏။

''အမေ ဘယ်ရောက်နေတာလဲ''

ကျွန်တော် လန့်သွားသည်။ ဂျွန်နီ၏ မေ့တတ်သော ရောဂါ ပြန်စပြန်ပြီ။

သူသည် သူ့ခေါင်းမှ အကျိတ်ရှိသော နေရာကို ကိုင်ကြည့်ပြီး

''ဒါက ဘာလဲ၊ ဒီခေါင်းမှာ ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ''

''ဒီနေ့ ဘာနေ့လဲ''

''ဒီရာဖီးမှာ သားနေခဲ့တာ ဘယ်နှစ်တုန်းကလဲ''

''ဒီဆေးတွေက ဘယ်သူ့အတွက်လဲ''

ထိုနေ့တစ်နေ့လုံး ဂျွန်နီ၏ မေ့တတ်သော ရောဂါမှာ မသက်သာသွားပါ။ သူ ဘာမှ မမှတ်မိ။ သူ့ဘဝတွင် ဖြစ်ပျက်ခဲ့ဖူးသော အဖြစ်အပျက်အားလုံး မေ့၍နေ၏။

ထိုညနေတွင် သူ သတိပြန်လည်လာ၏။ သို့သော် လှုပ်ရှားခြင်း မပြု။ သူ့အိပ်ရာတွင် ခွေအိပ်နေ၏။

ဇွန်လ ၂၈ ရက်နေ့။

ဂျွန်နီ တစ်နေ့လုံး အိပ်နေ၏။

ကျွန်တော် ဖရန့်ထံ ဖုန်းဆက်လိုက်၏။

''သား အခြေအနေ ဘယ်လိုလဲ''



BURMESE CLASSIC .com

www.burmeseclassic.com


“တစ်နေ့လုံး အိပ်နေတာပဲ”

“ရောဂါရော သက်သာပုံရသလား”

ကျွန်တော် အဖြေရ ခက်နေ၏။

“ကိုယ့်အထင်တော့ ဖရန့်၊ အခြေအနေ သိပ်မကောင်းဘူး၊ မင်းပြန်လာခဲ့ရင် ကောင်းမလား မသိဘူး”

“ရှင်က ဘာပြုလို့ မကောင်းဘူးလို့ ပြောတာလဲ”

“ကိုယ်ထင်တာကို ပြောတာ၊ ကိုယ့်စိတ်ထဲမှာ သူ ခုလို အိပ်နေတာကို မကြိုက်ဘူး”

“ဒီလို လုပ်ပါလား၊ ရှင်တို့ သားအဖက နောက်နှစ်ရက်၊ သုံးရက်ဆိုရင်ပဲ (မဒီဆင်) ကို လိုက်လာကြတော့မလို့ မဟုတ်လား”

“ဟုတ်တယ်”

“ဒါဖြင့် ကျွန်မ နက်ဖြန်တစ်ရက် စောင့်ကြည့်နေချင်သေးတယ်၊ ရှင် မနက်ဖြန် နေ့လယ်ဘက် ကျွန်မဆီ ဖုန်းပြန်ဆက်၊ ဂျွန်နီ့ အခြေအနေ ကောင်းတယ်ဆိုရင်လည်း (မဒီဆင်) ကပဲ ကျွန်မ စောင့်နေမယ်၊ မကောင်းဘူးဆိုရင် ကျွန်မ ချက်ချင်း ပြန်လာခဲ့မယ်”

ဖရန့် ဖုန်းချသွား၏။

နောက်တစ်နေ့တွင် ဂျွန်နီ့အခြေအနေမှာ အနည်းငယ် ကောင်းလာသလိုရှိ၏။ သို့သော် ကျွန်တော့်ရင်ထဲ၌ ဘာကြောင့်ဟူ၍ မသိ။ လေးနေသလိုရှိသဖြင့် ဖရန့်ကို (မဒီဆင်) မှ ပြန်လာခဲ့ရန် ပြောလိုက်၏။

ထိုညနေတွင်ပင် ဖရန့် ပြန်ရောက်လာ၏။

ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၏။

ဂျွန်နီသည် ကျွန်တော့်အနီး၌ တစ်နေ့လုံး လာနေ၏။ စာအုပ်များအကြောင်းပြော၏။ ရယ်စရာများပြော၏။


BURMESE CLASSIC .com

www.burmeseclassic.com


"ဟော… အမေလာပြီ"

ထိုညနေ ဖရန့် ပြန်ရောက်သောအချိန်၌ သူ ဝမ်းမြောက်စွာ ဆီးကြို၏။

ဖရန့်က ဂျွန်နီကို ဖက်လိုက်၏။ ဂျွန်နီက ဖရန့်ကို မဆုံးနိုင်သော စကားများကို ပြော၏။

နောက်တစ်နေ့မှာ ဇွန်လ ၃၀ ရက်နေ့ဖြစ်၏။

ဖရန့်က ဂျွန်နီ့ခေါင်းကို လျှော်ပေး၏။

ဂျွန်နီ့အခြေအနေမှာ ပို၍အားနည်းလာနေသလို ရှိ၏။

ကျွန်တော် ဂျွန်နီ့ကို ဆေးစစ်ခံရန် ဆေးရုံသို့ ခေါ်သွား၏။ လမ်းတွင် သူ့အခြေအနေမှာ မဆိုးသလို ရှိသော်လည်း ဆေးရုံရောက်၍ ကားပေါ်မှ သူ ဆင်းမည်လုပ်သောအခါ၌ သူ့ဘယ်ခြေမှာ လှုပ်ရခက်နေ၏။

"သား တွန်းလှည်းနဲ့သွားရင် မကောင်းဘူးလား"

ဂျွန်နီက ခေါင်းညိတ်ပြ၏။

ယခင်က ဤသို့ တွန်းလှည်းစီးရန်ပြောလျှင် သူ လုံးဝမကြိုက်။ စိတ်ဆိုးတတ်၏။ ယခု သူ လက်ခံနေသည်။ သူ့အခြေအနေမှာ အလွန်ဆိုးလာနေပြီ ဖြစ်သည်ကို အထင်အရှားပြနေပြီ မဟုတ်လား။

ဆေးစစ်ခြင်းများ ပြီးသွားပြီ။

ဂျွန်နီကို ကားဖြင့် ကျွန်တော် အိမ်ပြန်ခေါ်ခဲ့၏။

"အဖေ ကျွန်တော် လှဲချင်တယ်"

"အိမ်ရောက်တော့မှာပဲ၊ အိမ်ရောက်မှ လှဲတာပေါ့ သားရယ်"

အိမ်ရောက်ခဲ့ပြီ။

အိမ်ရောက်သောအခါ၌လည်း ဂျွန်နီ့အခြေအနေမှာ အနည်းငယ် သက်သာသလို ရှိပြန်၏။

www.burmeseclassic.com


ထိုအချိန်၌ ထူးခြားသည့် ဖြစ်ရပ်တစ်ခုမှာ အနားယူရန် ခရီးထွက်သွားသော ဒေါက်တာ ထရော့ဂျာသည် နယူးယောက်မြို့သို့ ရုတ်တရက် ပြန်ရောက်လာခြင်းဖြစ်၏။ နောင်မှ သူ ပြန်ပြောပြ၍ ကျွန်တော် သိရသည်မှာ ဒေါက်တာ ထရော့ဂျာသည် သူ့ရင်တွင်း၌ ဂျွန်နီသေဆုံးတော့မည်ကို အလိုလို သိနေသည်ဟုဆို၏။

အချိန်မှာ မွန်းတည့်ချိန်ဖြစ်၏။

ကျွန်တော်သည် မိတ်ဆွေတစ်ဦးနှင့်အတ သူ့အိမ်၌ နေ့လယ်စာ စားနေ၏။

တယ်လီဖုန်းသံမြည်လာ၏။

ဖရန့်ထံမှဖြစ်၏။

"ဂျွန်..."

"ဟင်..."

"ဂျွန်နီ ခေါင်းကိုက်နေတယ်၊ သိပ်ကိုက်တယ်လို့ ပြောတယ်"

"အဲဒီတော့ ..."

"ဒေါက်တာထရော့ဂျာဆီ အကြောင်းကြားပါလား၊ သူ ဘာများလုပ်ပေးနိုင်မလဲ မသိဘူး"

ဖရန့်၏ အသံမှာ အလွန်စိုးရိမ် ထိတ်လန့်နေသည့် အသံများ ပေါ်နေ၏။

"ကိုယ် အိမ်ပြန်ခဲ့ရမလား"

"မပြန်ပါနဲ့၊ ဒေါက်တာထရော့ဂျာဆီသာ အကြောင်းကြားလိုက်ပါ"

သို့သော် မိတ်ဆွေအိမ်၌ နေ့လယ်စာကို ဆက်စားမနေနိုင်တော့။ အိမ်သို့ ချက်ချင်း အပြေးပြန်ခဲ့မိ၏။

"ဒေါက်တာ ထရော့ဂျာရောက်ပြီလား"


BURMESE CLASSIC .com

www.burmeseclassic.com


“သူ မလာတော့ဘူး၊ ဂျွန်နီ့ အခြေအနေကို စောစောကပဲ ဖုန်းဆက်မေးပြီး ဆေးပို့လိုက်တယ်”

ဖရန့်က ဒေါက်တာ ထရေဂျာ ပို့ပေးသော ဆေးကို ဂျွန်နီ့ ကို တိုက်လိုက်၏။

ဂျွန်နီ ခန္ဓာကိုယ်က လက်မခံ။ ပြန်အန်ထုတ်၏။

ခက်ပြီ။

ဤအခြေအနေမှာ ဂျွန်နီ့ရောဂါသက်တမ်းတွင် အဆိုးဆုံး အခြေအနေဖြစ်သည်ကို ကျွန်တော်နှင့် ဖရန့် နှစ်ဦးလုံးသိ၏။ ဆရာဝန်များကလည်း ကြိုမှာထားကြ၏။

“ခင်ဗျားတို့ ကလေးကို ဆေးတိုက်လို့ မရတော့တဲ့ အခြေအနေ ရောက်လာပြီဆိုရင်တော့ သတိသာထားကြတော့၊ အဲဒါ သူ့ရဲ့ နောက်ဆုံးအချိန်ပဲ”

ဖရန့်ကို ကျွန်တော် လက်တို့ပြီး အခန်းပြင်ပသို့ ခေါ်သွား၏။

“မင်းကို စောစောက သူ ဘာတွေ ပြောသေးလဲ”

“ဘာမှ သိပ်မပြောဘူး၊ တစ်မနက်လုံး သူ ငြိမ်နေတယ်၊ စကားပြောချင်ပုံလည်း မရဘူး၊ ဒါပေမယ့် စောစောက ဒေါက်တာ ထရေဂျာနဲ့ တယ်လီဖုန်းထဲမှာ ပြောကြတော့ ကျွန်တော့်ကို ဆေးရုံအမြန်ဆုံး ပို့ပေးပါလို့ ပြောနေတာ ကျွန်မ ကြားတယ်”

ကျွန်တော် စိတ်မကောင်း။

ဖရန့်လည်း စိတ်မကောင်း။

နေ့လယ် နှစ်ချက်ထိုးအချိန်သို့ ရောက်ခဲ့ပြီ။

“ဂျွန် ကျွန်မတို့ ကလေးကို သူ့အိပ်ခန်းကို ပြန်ရွှေ့ပေးလိုက်ကြရင် မကောင်းဘူးလား”


BURMESE CLASSIC .com

www.burmeseclassic.com


"ရွှေ့လေ၊ မင်းသဘောပဲ"

တယ်လီဖုန်းမှာ ကျွန်တော့်အခန်းတွင် ရှိသဖြင့် ဝျွန်နီပြော နိုင်ရန်အတွက် ကျွန်တော့်အခန်းသို့ ရွှေ့ထား၏။ ယခု သူ စကားလည်း ပြောနိုင်ရှာတော့မည်မဟုတ်။ သူ့ မူလအခန်းသို့ ပြန်ရွှေ့လိုက်ကြခြင်း သည်ပင် အကောင်းဆုံးဖြစ်ချေမည် မဟုတ်လား။

ဝျွန်နီကို ပွေ့ပြီး သူ့အခန်းသို့ ပြန်ရွှေ့ခဲ့ကြ၏။

"ကိုယ်က ညနေ ၄ နာရီမှာ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး လူတစ်ယောက်နဲ့ တွေ့စရာ ရှိနေတယ်၊ အပြင်တော့ ခဏထွက်ဦးမှပဲ၊ အလုပ်ပြီးပြီးချင်း ပြန်လာခဲ့မယ်၊ အလွန်ဆုံး ညနေ ငါးနာရီပေါ့"

"သွားလေ၊ မသွားခင် ရှင် ဒေါက်တာ ထရေဂျာဆီ ဖုန်းဆက် လိုက်ပါဦးလား"

ကျွန်တော် ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဒေါက်တာ ထရေဂျာ ရှိပါသလားခင်ဗျာ"

"မရှိဘူးရှင့်၊ အပြင်ထွက်သွားတယ်"

ဒေါက်တာ ထရေဂျာ၏ သူနာပြုဆရာမလေး၏ အသံဖြစ်၏။

"ကျွန်တော် မစ္စတာ ဂါနာ ဆက်တယ်လို့ သူ ပြန်လာရင် ပြောပေးပါခင်ဗျာ"

"ဟုတ်ကဲ့၊ ပြောလိုက်ပါ့မယ်၊ အရေးကြီးကိစ္စရှိလို့လားရှင်၊ ရှိရင် ကျွန်မ ထွက်ရှာပေးပါ့မယ်"

"ကိစ္စမရှိပါဘူး၊ သူ ပြန်လာရင်သာ ပြောလိုက်ပါ။ သူ့အတွက် အထူးအရေးကြီး ကိစ္စမရှိဘူးဆိုရင် ညနေ ၆ နာရီလောက်မှာ ကျွန်တော့် အိမ်ကို လာဖြစ်အောင် လာပါလို့"

ကျွန်တော်နှင့် ဖရန့် ဝျွန်နီ့အခန်းသို့ ပြန်လျှောက်သွားကြ၏။

ဝျွန်နီက လှဲနေရာမှ ဖရန့်မျက်နှာကိုကြည့်ပြီး စကားပြော၏။

www.burmeseclassic.com



အသံမှာ ဝါးနေသဖြင့် သူ ဘာပြောသည်ကို ကျွန်တော်တို့ နားမလည်ကြ။ ဒီရားဖီးဟူသော ဝေါဟာရတစ်လုံးကိုသာ ကြားရသဖြင့် သူ့ကျောင်းကိစ္စနှင့် ပတ်သက်ပြီး ပြောချင်သည်ဟု ယူဆရ၏။

တစ်ဘက်ခန်းမှ တယ်လီဖုန်းမြည်သံ ပေါ်လာ၏။

ဒေါက်တာ ထရေဂျာထံမှဖြစ်၏။

"ဆရာရေ ဂျွန်နီ့ အခြေအနေ လုံးဝမကောင်းဘူး၊ အမြန်ဆုံးသာ ကြွခဲ့ပါဦးခင်ဗျာ"

ဒေါက်တာ ထရေဂျာ ဖုန်းချသွား၏။

"သူ သေတော့မယ် ထင်တယ်နော်"

ဖရန့်က ကျွန်တော့်ကို ပြောလိုက်၏။

ကျွန်တော်က ဘာမှ ပြန်မပြော။

"ကျွန်မတို့ ဘာလုပ်နိုင်တာရှိသေးလဲ"

ကျွန်တော်က ခေါင်းခါပြ၏။

ဒေါက်တာ ထရေဂျာ ရောက်လာသည်။

ဂျွန်နီ့အခြေအနေကို စစ်ဆေး၏။

ထို့နောက် အခန်းအပြင်သို့ ထွက်လာပြီး-

"ကျွန်တော့်ဘဝမှာ မြင်ဖူးသမျှ ကင်ဆာအကျိတ်တွေထဲမှာ ဂျွန်နီ့အကျိတ်လောက် ခေါင်းမာတဲ့အကျိတ် မမြင်ဖူးဘူးဗျာ၊ ဘယ်လိုကြိုးစား ကြိုးစား သူက ပြန်ယဉ်ပါးလာတဲ့ သဘော လုံးဝကို မပြဘူး"

ကျွန်တော် စိတ်မကောင်း။

ဖရန့်ကလည်း စိတ်မကောင်း။

"ဒေါက်တာ မောက်ဆီကိုတော့ ကျွန်တော်တို့ အကြောင်းကြားကြသေးတာပေါ့"



BURMESE CLASSIC .com

www.burmeseclassic.com


ဒေါက်တာ ထရေဂျာက ဒေါက်တာမောက်ထံ ဖုန်းဆက်လိုက်၏။

ဒေါက်တာမောက်က ဂျွန်နီကို ဆေးရုံသို့ အမြန်ပို့ရန် အကြံပေး၏။

သို့သော် ဂျွန်နီ့အခြေအနေမှာ ဦးနှောက်ရောဂါအထူးကု ဆေးရုံသို့ ရောက်အောင်ပင် ခရီးသွားနိုင်သည့် အခြေအနေမရှိတော့သဖြင့် အိမ်နှင့်နီးရာ ဆေးရုံတစ်ခုသို့ အမြန်ပို့လိုက်ကြရ၏။

ဆေးရုံမှာ ဆေးရုံငယ်လေးဖြစ်၏။

ဆေးရုံရောက်သောအချိန်၌ ညနေ ခြောက်နာရီပင် ထိုးလုပေပြီ။

ဂျွန်နီ့ကို ထားသော အခန်းမှာ အခန်းငယ်လေး ဖြစ်၏။ ဆရာဝန်များကလည်း ဂျွန်နီ့ကို ပေးသင့်သော ဆေးများကို ကြိုးစား၍ တိုက်ကျွေးကြ၏။

ဖရန့်နှင့် ကျွန်တော် ဘေးမှသာ ငေးကြည့်နေ၏။ ဘာမှ မပြောနိုင်ကြ။

ထိုညမှာ ထူးခြားသော ညတစ်ညပင် ဖြစ်၏။

အလွန်ပူ၏။

ကောင်းကင် ကြည်လင်နေ၏။

လေ လုံးဝမတိုက်။

ဂျွန်နီသည် သူ့ခုတင်ပေါ်၌ ဘေးသို့စောင်း၍ အိပ်နေ၏။

သူ့မျက်လုံးများကို ညင်သာစွာ မှိတ်ထား၏။

သို့သော် ဤမျက်လုံးများသည် ဘယ်အခါမှ ပြန်ဖွင့်တော့မည်မဟုတ်။

သူ သေပြီ။

သူသည် လုံးဝ ကြောက်လန့်ခြင်းမရှိ။


BURMESE CLASSIC .com

www.burmeseclassic.com



လုံးဝ နာကျင်ခြင်းမရှိဘဲ သေသွားခဲ့လေပြီ။

သူ သေတော့မည့် အဖြစ်ကိုလည်း လုံးဝ သိသွားပုံမရ။

၁၁ နာရီမထိုးမီ မိနစ်အနည်းငယ် အလိုတွင် ဖရန့်နှင့်ကျွန်တော် သူ့အခန်းသို့ ဝင်သွား၏။

သူ့ခန္ဓာကိုယ်မှာ လှုပ်နေ၏။

သေမင်း၏ လက်အတွင်းမှ ပြန်ရုန်းထွက်ရန် ကြိုးစားနေသလို ရှိ၏။

မရုန်းနိုင်ရှာ။

သူ့ဘဝ အဆုံးဟူသော မှတ်တိုင်သို့ ရောက်သွားခဲ့လေပြီ။

ဂျွန်နီ့ဘေးတွင် ထိုညက ဆရာဝန်တစ်ဦးတည်း မဟုတ်။ ဆရာဝန်များစွာရှိ၏။ ဒေါက်တာ ထရေဂျာသည် သူ့အိမ်သို့ ခေတ္တပြန်သွားပြီး ချက်ချင်းပြန်လာခဲ့၏။ ဆရာဝန်အားလုံးသည် ဂျွန်နီ့အသက်ကို ကယ်ချင်ကြ၏။

ဘယ်သူမှ မကယ်နိုင်။

သေခြင်းတရားကို အရှုံးပေးလိုက်ရပြီဟူသော အဖြစ်ကို သူတို့အားလုံး၏ မျက်နှာတွင် ညှိုးငယ်စွာ ပြနေကြ၏။

ဂျွန်နီ ထိုညတွင် ကွယ်လွန်သွားချိန်မှာ ည ၁၁ နာရီ ၂ မိနစ်တိတိတွင်ဖြစ်၏။

ဖရန့်သည် ဂျွန်နီ့ခုတင်အနီးသို့ တိုးသွားပြီး ဂျွန်နီ့လက်ဖဝါးတစ်ဘက်ကို ဆုပ်ကိုင်လိုက်၏။ ကျွန်တော်က ကျန်တစ်ဘက်ကို ဆုပ်ကိုင်လိုက်၏။

ဂျွန်နီ၏ လက်ဖဝါးများမှာ နွေးနေရာမှ တဖြည်းဖြည်း အေး၍ အေး၍သွား၏။

မွေးသည့်အချိန်မှစ၍ နွေးလာခဲ့သော လက်ဖဝါးလေးများမှာ



BURMESE CLASSIC .com

www.burmeseclassic.com


ခုအေး၍ သွားကြလေပြီ။

နီနေသော သူ့ပါးလေးနှစ်ဘက်မှာ အရောင်လေးများသည်လည်း မိနစ်ပိုင်းအတွင်း တဖြည်းဖြည်း ဖျော့၍သွား၏။ နောက်ဆုံး ဖြူ၍သွား၏။

လက်ဖဝါးလေးများ အေးသွားခဲ့ပြီ။

ပါးလေးများတွင်လည်း အရောင်မရှိတော့။

နှုတ်ခမ်းလေးများလည်း ပြာသွားခဲ့ကြပြီ။

ဘဝဆိုတာ ဘာလဲ။

အသက်ဆိုတာ ဘာလဲ။

ဤအဖြေများကို မသိမီပင် ဤအရာများသည် ကျွန်တော်တို့အပါးမှ ထွက်ခွာသွားခဲ့ကြပြီ။

လျင်မြန်စွာ ထွက်သွား၏။

ညင်သာစွာ ပျောက်သွား၏။

ကျွန်တော်နှင့် ဖရန့်တို့၏ ချစ်လှစွာသော သားလေး ဂျွန်နီ တစ်ယောက် ကျွန်တော်တို့ကို ထာဝရခွဲခြင်းဖြင့် ခွဲသွားခဲ့လေပြီ။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၉)

လူ့တစ်ယောက်၏ ဘဝခရီးအဆုံးသို့ ရောက်သွားခဲ့လေပြီ။

သူ့ဘဝ၏ အမှတ်အသားများအဖြစ် ဘာများ ကျန်ရစ်ခဲ့ပါသနည်း။

ဂျွန်နီ၏ ဈာပနအခမ်းအနားကို ဘုရားကျောင်းငယ်လေးတစ်ခု၌ ကျွန်တော်တို့ ကျင်းပ၏။

ဂျွန်နီ၏ တစ်ကိုယ်လုံးကို ပန်းများဖြင့် အုပ်ထားပေး၏။

သူ့မျက်နှာလေးမှာ ငြိမ်သက်လျက်။

အေးချမ်းလျက်။

ဝေဒနာခံစားခဲ့ရသည့် မျက်နှာမျိုး တစ်စိုးတစ်စေ့မျှ မဆောင်။

ဂျွန်နီ ကျွန်တော်တို့ကို ထာဝရ ခွဲခွာသွားခဲ့ပြီ။

သို့သော် ကျွန်တော်တို့ ရင်ထဲတွင်မူ သူသည် ကျွန်တော်တို့အနီး၌ ရှိနေဆဲပင် ဖြစ်၏။

သူ ကျွန်တော်တို့အနီး၌ ဘာကြောင့်ရှိနေဆဲ ဖြစ်ရသနည်း။ ချစ်မေတ္တာကြောင့်လား။

မဟုတ်ပါ။

သူသည် လူ့လောက၌ ဝေဒနာအမျိုးမျိုးကို ခံစားရစဉ် စိတ်



BURMESE CLASSIC .com

www.burmeseclassic.com


ခေတ် လုံးဝမကျခဲ့ဘဲ ကြံ့ကြံ့ခံ ရပ်တည်သွားဝံ့သည့်သတ္တိ၊ သံမဏိ အားမာန်များကြောင့်ပင်ဖြစ်၏။

အချိန်မှာ နွေရာသီဖြစ်၏။

ကျွန်တော်နှင့် ဖရန့်တို့၏ မိတ်ဆွေအများစုမှာ အပန်းဖြေ ခရီးများသွားလျက် ရှိကြ၏။ ထို့ကြောင့်လည်း အများစုမှာ ဂျွန်နီ၏ ဈာပနသို့ အချိန်မီ ရောက်မလာနိုင်ကြ။ သို့သော် ဝမ်းနည်းစာများ မှာ ကျွန်တော်တို့ထံသို့ အဆက်မပြတ် ရောက်လာနေသည်။

ဒီရားဖီးမှ ဂျွန်နီ၏ ကျောင်းဆရာကြီး ဘော်ဒင်၊ ကျောင်းဆရာ (နီကိုးရပ်) တို့လည်း ရောက်လာ၏။ နယူးယောက်မြို့ရှိ ဂျွန်နီ၏ ကျောင်းမှဆရာ (မက်သော) လည်း ရောက်လာ၏။ ဒေါက်တာ မီလာ၊ ဒေါက်တာ ဂါဆန် အစရှိသည့် ဂျွန်နီကို ကုသပေးခဲ့ဖူးသော ဆရာဝန်များလည်း တစ်ဦးမကျန်ပင် ရောက်လာ၏။

ဂျွန်နီ၏ ဈာပနကို ဈာပနငယ်လေးတစ်ခုအဖြစ်သာ ဖရန့်နှင့် ကျွန်တော် ရည်ရွယ်ထားသော်လည်း မိတ်ဆွေအများ ရောက်လာကြ သဖြင့် ဘုရားကျောင်းငယ်လေးတစ်ခုလုံးမှာ ဈာပနပို့သူများ ပြည့်လျှံ နေပါသည်။

ကျွန်တော် သတိထားမိပါသည်။

ဂျွန်နီ ကွယ်လွန်သွားပြီးနောက် ထိုညတွင် လေပူကြီးတိုက်၏။ လေအရှိန်မှာ ပြင်းလွန်းသဖြင့် အိမ်ပြတင်းပေါက်များမှာ လှုပ်ခါနေပါ သည်။

ကျွန်တော့်သား ဂျွန်နီသည် အလွန်ငယ်ရွယ်နုပျိုချိန်၌ ဘာ ကြောင့် သေဆုံးသွားရသနည်း။

ခွဲခွာသွားရသနည်း။

ကမ္ဘာပေါ်တွင် ကလေးပေါင်းများစွာရှိသည့်အနက် ဘာကြောင့်


BURMESE CLASSIC .com

www.burmeseclassic.com


ဂျွန်နီ့ကိုမှရွေး၍ သေမင်းသည် ရွေးချယ်ခေါ်သွားရပါသနည်း။

လူများ မလွန်ဆန်နိုင်သော သဘာဝ၏ ထူးခြားသောတရားများကြောင့်ပင် ဖြစ်၏။

ကျွန်တော် ဤစာကို ဘာကြောင့် ရေးနေသနည်း။

သေခြင်းသည် လူ့ဘဝတွင် ဆန်းသော သဘောတရားမဟုတ်။

ဤသေခြင်းကို ရင်ဆိုင်ရသော လူများ၌ ကျွန်တော် ဂျွန်နီ့တွင် မြင်တွေ့ရသော အင်အားမှာ လောကစံကို ကြံ့ကြံ့ခံပြသွားသည့် ဇွဲနှင့် သတ္တိများပင်ဖြစ်၏။

ဝမ်းနည်းစွာ ဂုဏ်ပြုခြင်းဟုလည်း ဆိုနိုင်၏။

မှန်သည်။

တကယ်တော့ ကျွန်တော့်သား ဂျွန်နီတစ်ယောက်တည်းကို ဂုဏ်ပြုနေခြင်း မဟုတ်ပါ။

ကမ္ဘာတွင် သတ္တဝါအားလုံး၌ လူသားတွင်သာရှိသည့် ပြောင်မြောက်သော စွမ်းအားသတ္တိ၏အလှကို ဖော်ကျူးပြလို၍ ဖြစ်ပါသည်။


BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၁၀)

အောက်ဖော်ပြပါ အဖြစ်အပျက်များမှာ ကျွန်တော့်ဇနီး ဖရန့်၏ ရင်တွင်းမှ ဖွင့်ဟချက်များကို ပြန်လည်တင်ပြခြင်းဖြစ်ပါသည်။ သေဆုံးတော့မည့်သားကို ရင်ခွင်ပိုက်ထားရသည့် မိခင်တစ်ဦး၏ လောကအမြင်များဟုလည်း ဆိုနိုင်ပါသည်။

ဘ၀ဆိုသည့် သဘောကို သေခြင်းတရားနှင့် ရင်ဆိုင်ရသောအခါမှသာ ကျွန်မ ရုတ်တရက် သဘောပေါက်နားလည်လိုက်မိပါသည်။

မှန်သည်။

မိမိ၏ရင်သွေး သားသေသည့်အခါမှ ဘ၀၏ သဘောကို ပို၍ သဘောပေါက်သည်ဟုလည်း အကြမ်းသဘောဆိုနိုင်၏။ ကျွန်မ သားဂျွန်နီမှာ ဦးနှောက် ကင်ဆာဟူသော ရောဂါဖြင့် သေခြင်းတရားကို (၁၅) လလုံးလုံး အားမာန်ဖြင့် ရင်ဆိုင်သွားခဲ့၏။

တကယ်တော့ သူ့အသက်မှာ ၁၇ နှစ်မျှ ရှိသေး၏။

ကျွန်မ သူ မမာနေစဉ် ညတိုင်း သူ့ပါးလေးကို ယုယစွာ တစ်ကြိမ်နမ်းပြီးမှ အိပ်တတ်၏။ ထိုသို့နမ်းပြီး အိပ်ရာ၀င်တိုင်း ကျွန်မ ရင်တွင်း၌ စိတ်မောမိပါသည်။ ကျွန်မသားလေးကို နောက်တစ်နေ့ တွင် ဤသို့ အသက်ရှင်လျက် ထပ်မံတွေ့ရပါဦးမည်လား။



BURMESE CLASSIC .com

www.burmeseclassic.com



နောက်မနက် အိပ်ရာထ၍ ကျွန်မ သူ အသက်ရှင်လျက်ရှိသည်ကို မြင်ရတိုင်းလည်း စိတ်ထဲတွင် အမြဲဖြစ်မိ၏။ သူသည် ကျွန်မအတွက် တစ်ညအိပ်စက်ပြီး နိုးလာသည်နှင့် ကလေးနှင့်မတူ။ အသစ်မွေးဖွားလာသည့် ကလေးနှင့်သာ တူ၏။

မှန်သည်။

ဘုရားသခင်က ကျွန်မသားငယ်ကို တစ်ရက်ပို၍ ရှင်သန်ခွင့်ပေးသနားခြင်းသာ ဖြစ်သည်ဟု အမြဲထင်မိ၏။

ကျေးဇူးတင်မိ၏။

ဇကံမလွဲသေရတော့မည့်သားငယ်ကို ထိုင်ကြည့်နေသောမိခင်တိုင်း၏ ရင်တွင်း၌ လောကနှင့် ပတ်သက်၍ အဖြေရှာရခက်နေသော မေးခွန်းအမျိုးမျိုးနှင့် ပြည့်နေတတ်ပါသည်။ မေးခွန်းတစ်ခု၏ အဖြေကိုရှာ၍ တွေ့လိုက်သည်နှင့် မေးခွန်းသစ်တစ်ခုမှာ မိမိရင်တွင်း၌ ချက်ချင်းပေါ်လာတတ်ပါသည်။

ဘဝ၏ အဓိပ္ပာယ်ဟူသည်မှာ အဘယ်နည်း။

ဘဝတွင် သေခြင်းဟူသော သဘောတရားနှင့် အမြဲဘာကြောင့် ယှဉ်တွဲ၍ ထားရပါသနည်း။

သေခြင်းမှ ကင်းနိုင်သော သူသည် ရှိနိုင်ပါသလား။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ယင်းသေခြင်းနှင့် ကင်းနိုင်ပါသလား။

ကျွန်မသား ဂျွန်နီနှင့် ကျွန်မသည် ဤမေးခွန်းများ၏ အဖြေကို အမြဲတွေးဆ၍ ရှာတတ်၏။ ကျွန်မတို့သည် ဤမေးခွန်းများကို တိုက်ရိုက်မမေးတတ်။ မဆွေးနွေးတတ်သော်လည်း သွယ်ဝိုက်၍ ဆွေးနွေးတတ်၊ ပြောတတ်ကြ၏။

ဂျွန်နီ သေခြင်းနှင့် ရန်းကန်နေခဲ့သည်မှာ ၁၅ လမျှ ကြာ၏။

www.burmeseclassic.com


ဤ ၁၅ လလုံးလုံး ဂျွန်နီသည် သေခြင်းကို စောင့်ကြိုရင်း ငြိမ်၍ နေခဲ့သည်မဟုတ်။ သူသည် နေ့တိုင်း အသစ်အသစ်၊ ဘဝသစ်များကို မွေးဖွားနေခဲ့၏။

သူ အသက်ရှင်နေနိုင်ခဲ့သည့် နေ့တိုင်းကို ကြည်နူးစွာ နေနိုင်အောင် ကြိုးစားခဲ့၏။

"မေမေရေ ပျော်ရွှင်စွာ နေခဲ့ရတဲ့ နေ့တစ်နေ့တော့ သားအတွက် ကုန်သွားပြန်ပြီ"

ကျွန်မ အိပ်ရာမဝင်မီ သူ့ပါးလေးကိုနမ်း၍ နှုတ်ဆက်တိုင်း ဤသို့ ကျွန်မကို သူ အမြဲ ပြောတတ်၏။

ကျွန်မ တွေးကြည့်သည်။

သေခြင်း၊ မွေးဖွားခြင်း စသည်တို့နှင့် ပတ်သက်ပြီး ကျွန်မသားနှင့် ကျွန်မ စဉ်းစားခဲ့သော မေးခွန်းများမှာ လူ့သမိုင်းတစ်လျှောက်၌ လူများ၏ အမြဲ အဖြေရှာခဲ့သော မေးခွန်းများဟုလည်း ဆိုနိုင်၏။ ဤမေးခွန်းများ၏ အဖြေများကိုလည်း ပညာရှင်အမျိုးမျိုးက သူတို့ထင်မြင်ချက်အမျိုးမျိုးဖြင့် အဖြေပေးခဲ့ဖူး၏။ ကျမ်းအမျိုးမျိုး ပြုခဲ့ဖူး၏။

ဤကျမ်းအမျိုးမျိုးကိုလည်း ကျွန်မ ဖတ်ဖူးပါသည်။

ခက်သည်။

အလွန်မှ ခက်ပါသည်။

ဤကျမ်းအမျိုးမျိုးတွင်ပါသော ဘဝပြဿနာအဖြေများကို သေတော့မည့် သားမျက်နှာကို ကြည့်နေရသော ကျွန်မသည် လက်တွေ့တွင် အကျိုးရှိအောင် အသုံးမချနိုင်ခဲ့ပါ။ အခြားမိခင်အများစုသည်လည်း ကျွန်မကဲ့သို့ပင် ဖြစ်ကြမည်ဟု ကျွန်မ ထင်၏။

ကျွန်မသားကို လူ့သဘာဝကြီးက မလွန်ဆန်သောသဘောများ

www.burmeseclassic.com



အရ ယခု သို့မဟုတ် တစ်နေ့တွင် ကျွန်မ ဇောန်မလွဲ ခွဲရမည်ကို ကျွန်မ သိပါသည်။

သို့သော် ကျွန်မ မခွဲချင်ပါ။

ကျွန်မသားကို ပိုချစ်ခွင့်ရလျှင် ပိုချစ်ချင်ပါသေးသည်။ ဂျွန်နီ ကွယ်လွန်ပြီးသည့်နေ့မှစ၍ ကျွန်မတို့ မိတ်ဆွေများထံမှ စာ အမြောက်အမြားပင် ရောက်လာ၏။ လာသည့်စာများမှာလည်း ကမ္ဘာ အရပ်ရပ်မှဖြစ်၏။ ဤစာများ၏ အများစု လိုရင်းသဘောကို ခြုံ၍ကြည့်လိုက်လျှင် ဦးတည်ချက်မှာ တစ်ခုတည်းသာရှိ၏။

လူတိုင်းသည် ကျွန်မတို့ ရင်ဆိုင်ရသော ဒုက္ခကို နားလည် သည်။

ကိုယ်ချင်းစာသည်။

ပေါ်လွင်အောင် ရှင်းပြရန်လည်း ခက်လှပါဘိသည်။

ဂျွန်နီသည် အလွန်ငယ်သည်။

သေခြင်းတရားနှင့် ရင်ဆိုင်ရမည့်အရွယ်မဟုတ်။

သေခြင်းတရားနှင့် ရင်ဆိုင်ရခြင်းသည် မတရား။

သို့သော် ခက်သည်။ ဤသည်မှာ ဘုရားသခင်၏ ဆန္ဒ။

ဖြစ်နိုင်သည်။

ဘုရားသခင်၏ ဆန္ဒတော်မှာ ကျွန်မတို့ လူသားတို့၏ ဆန္ဒ နှင့် မကိုင်ညီသော်လည်း ကျွန်မတို့ နားမလည်နိုင်သည့် ဦးတည် ချက်တစ်ရပ်လည်း ရှိကောင်း ရှိနိုင်၏။

မှန်သည်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဆန္ဒတော်မှ ထိုသို့ရှိခဲ့ရ ခြင်းမှာ ဂျွန်နီကို ကယ်မလို၍လည်း ဖြစ်ကောင်း ဖြစ်နိုင်၏။

ကျွန်မနှင့် ကျွန်မခင်ပွန်းတို့ကို ကယ်မလို၍လည်း ဖြစ်နိုင်၏။



BURMESE CLASSIC .com

www.burmeseclassic.com


မှန်လှပါသည်။

ဂျွန်နီကိုလည်းကောင်း၊ ကျွန်မနှင့် ကျွန်မခင်ပွန်းကိုလည်းကောင်း ယခု ကျွန်မတို့ ကြုံတွေ့ခံစားခဲ့ကြရသော ဒုက္ခများထက် ပို၍ကြီးမားသော ဒုက္ခများကို မခံစားစေလိုတော့၍ ဂျွန်နီ့ကို လူ့လောကမှ ခွဲခွာသွားစေခြင်းလည်း ဖြစ်နိုင်သည်။

ကျွန်မ ယုံကြည်ပါသည်။

ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါသည်။

ကျွန်မသား ဂျွန်နီ သေဆုံးရခြင်းမှာ ဘုရားသခင်သည် ကျွန်မတို့ မိသားစုအပေါ်တွင် အထူးရွေး၍ ပူဆွေးသောကရောက်စေလို၍ မဟုတ်ပါ။ မဖြစ်နိုင်ပါ။

ကျွန်မသည် ဘုရားသခင်ရှိသည်ကို ယုံကြည်သူ ဖြစ်၏။

ကျွန်မသည် ဘုရားကျောင်းတွင်သာမဟုတ်၊ ဘုရားကျောင်းပြင်ပတွင်လည်း ကျွန်မသည် ဘုရားသခင်ကို အာရုံပြု၍ အမြဲဆုတောင်းနေသူ ဖြစ်၏။

ဝမ်းနည်းကြေကွဲရချိန်များ၌ ဘုရားသခင်ကို အမြဲသတိရသကဲ့သို့ ကြည်နူးဝမ်းမြောက်ရွှင်လန်းနေရချိန်များ၌လည်း အမြဲသတိရနေသူ ဖြစ်သည်။

ဂျွန်နီ မကျန်းမမာ ဖြစ်နေခဲ့သည့်အချိန်တစ်လျှောက်လုံး ဘုရားသခင်၏ ကယ်မခြင်းကို ရရှိရန်အတွက် ကျွန်မ အမြဲဆုတောင်းခဲ့ပါသည်။ ကျွန်မရင်တွင်း၌ ကျွန်မအနီးတွင် ဘုရားရှင်သည် အမြဲရှိနေသည်ဟု အမြဲယုံကြည်ခဲ့၏။

မှန်သည်။

ဂျွန်နီ့ကို ခွဲစိတ်ခန်းအတွင်း သွင်းထားချိန် ကျွန်မတို့ အခန်းပြင်၌ စောင့်နေချိန်များ၌လည်း ဘုရားသခင်သည် ကျွန်မတို့အနီး၌


BURMESE CLASSIC .com

www.burmeseclassic.com


ရှိနေပါသည်။ ဂျွန်နီ့ရောဂါ သက်သာလာသဖြင့် ကျွန်မတို့ ပျော်ရွှင်ချမ်းမြေ့နေချိန်၌လည်း ကျွန်မတို့အနီး၌ ရှိနေပါသည်။ ဂျွန်နီ့အတွက် မျှော်လင့်ချိန်မရှိဟု ဆရာဝန်များက ပြောပြချိန် ကျွန်မတို့ ဝမ်းအနည်းဆုံးအချိန်များတွင်လည်း ကျွန်မတို့ အနီး၌ ရှိနေပါသည်။

ကျွန်မတို့ကို ဘယ်အခါကမှ ပစ်မထားခဲ့ပါ။

ကျွန်မသား ဂျွန်နီ သေဆုံးသွားပြီးနောက် သူ့မှတ်တမ်းစာအုပ်အချို့ကို ကျွန်မ ဖတ်ကြည့်ပါသည်။

သူ့ဝေဒနာမှာ သူ့အသက်ကို အန္တရာယ်ပြုနိုင်သော ဝေဒနာ၊ အလွန်ဆိုးရွားသော ဝေဒနာဖြစ်သည်ကို ဂျွန်နီသည် အစပိုင်းမှပင် သိ၏။ သို့သော် ကျွန်မနှင့် ကျွန်မခင်ပွန်းသည်က သူ့ဝေဒနာမှ လွတ်မြောက်နိုင်သည်ဟု နှစ်သိမ့်၍ ဆေးဝါးကုသမှုများကို ပြုသောအခါ၌ ဂျွန်နီသည် ငြင်းဆိုခြင်းမရှိဘဲ သူ့နှလုံးသားတွင်းမှ သူ သိထားသော အသိများကို ဖုံးကွယ်ထားပြီး ကျွန်မတို့ ဝမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းဖြစ်အောင် နေပြသွားခဲ့၏။

ကူညီသွားခဲ့၏။

သူ့ဘဝ နိဂုံးချုပ်သည်အထိ ကျွန်မတို့အပေါ်၌ ယုံကြည်မှုရှိကြောင်းကို ပြသွားခဲ့၏။

ကျွန်မ သူ နှစ်သက်မြတ်နိုးသည့် ပစ္စည်းလေးများကို မြင်တွေ့ရတိုင်း သူ့ကို သတိရ၏။

ဝမ်းနည်းလာမိ၏။

ကျွန်မ ဝမ်းနည်းရခြင်းသည် အခြား အထူးအကြောင်းရှိ၍ မဟုတ်ပါ။ ကျွန်မသားသည် သူ မြတ်နိုးသော ပစ္စည်းလေးများကို ဘယ်အခါမှ ထိတွေ့ခံစားခွင့်ရတော့မည် မဟုတ်သည့်အတွက်ပင် ဖြစ်၏။

www.burmeseclassic.com


လူ့လောကကြီးနှင့် ပတ်သက်၍ ဂျွန်နီ စိတ်ဝင်စားခဲ့သည့် အကြောင်းရပ်များ၊ အရာဝတ္ထုများကလည်း အလွန်များလှဘိ၏။

သူသည် ဓာတုဗေဒဘာသာရပ်ကို အလွန် စိတ်ဝင်စား၏။ သေဆုံးကာနီးအထိ အလွန် စိတ်ဝင်စားခဲ့၏။

ဂျွန်နီငယ်စဉ်က ပန်းချီ ဝါသနာပါသည်။

သူ ဆွဲလေ့ရှိသော ပန်းချီကားများမှာ ပင်လယ်ရေပြင်ပေါ်၌ ရွက်လွှင့်သွားနေသော လှေများနှင့် မြူးတူးပျော်ပါး ကခုန်နေတတ်သော တိရစ္ဆာန်များ၏ ရုပ်ပုံများပင်ဖြစ်၏။

ဂျွန်နီသည် လှပသော ကျောက်တုံးကလေးများကို ကောက်လာပြီး စုဆောင်းလေ့ရှိ၏။ (ကွန်နက်တီးကတ်) ပြည်နယ် တောင်တန်းများတွင် တွေ့တတ်သော ကျောက်တုံးများမှာ သူ အမြတ်နိုးဆုံး ကျောက်တုံးလေးများပင်ဖြစ်၏။

ဂျွန်နီ့ဘဝတွင် သူ လုပ်ရန်ရည်ရွယ်ထားသော လုပ်ချင်သည့် အလုပ်များပင် ရှိ၏။ သူ၏ ဒီရားဖီးကျောင်းမှ ကျောင်းစာများကို ပြီးဆုံးအောင် လုပ်သွားနိုင်သည်မှတစ်ပါး အခြားမည်သည့်ဆန္ဒကိုမှ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်မရသွားရှာပါ။ ဒီရားဖီးကျောင်းမှ သူ့ရည်မှန်းချက်အားလုံးကို ပြီးဆုံးအောင် လုပ်ပြီးသည့်နေ့နှင့် သူ သေဆုံးသည့်နေ့မှာ နှစ်ပတ်မျှသာ ဝေးကွာ၏။

ကျွန်မ ယနေ့ဘာအတွက် ပူဆွေးသနည်း။

ကျွန်မ မျက်ရည်များမှာ အဘယ်အတွက် ကျနေရသနည်း။

ကျွန်မသည် သေခြင်းကို မကြောက်ပါ။

အမှန်ပင် မကြောက်ပါ။

လွန်ခဲ့သည့် နွေ မီဒါဆင်မြို့၌ ကျွန်မတို့ နေကြစဉ် ကျွန်မ မကြာခဏ စာရွက်တစ်ရွက်ပေါ်၌ ကျွန်မရင်တွင်း၌ ခံစားချက်များ


BURMESE CLASSIC .com

www.burmeseclassic.com


ရေးချဖူး၏။

သေခြင်း၏ မျက်နှာကို စေ့စေ့ကြည့်ပါ။

သေခြင်း၏ မျက်နှာကို စေ့စေ့ကြည့်သည်နှင့် သေခြင်းတရားကို ကြောက်လန့်ခြင်း ရှိတော့မည် မဟုတ်ပါ။

သေခြင်းမှာ အမှန်တော့ ရှင်သန်ခြင်းနှင့် အမြဲကပ်၍ တည်ရှိနေ၏။

ထို့ကြောင့် ရှင်သန်ခြင်းကို အမြဲထိတွေ့ ရင်းနှီးသကဲ့သို့ သေခြင်းကိုလည်း အမြဲထိတွေ့ ရင်းနှီးနေပါစေ။

မွေးဖွားခြင်းသည် ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ သေခြင်းသည်လည်း ဘဝ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်၏။

သေခြင်း၏ မျက်နှာကို စေ့စေ့ကြည့်ပါ။

သူ့မျက်နှာမှာ စိမ်းမနေပါ။

ရင်းနှီးသောမျက်နှာ။

ကြင်နာသော မျက်နှာ။

စိတ်မချမ်းမြေ့ဖွယ်ကောင်းသည်။ မကြိုဆိုသင့်သည်များမှာ မှန်သည်။ သို့သော် သင့်ထံရောက်လာတော့မည်ဟုဆိုလျှင် သင် အဘယ်သို့ ငြင်းနိုင်ပါမည်နည်း။ လာပါ။ သိပ်အဆိုးကြီးမဟုတ်ပါဘူး။

မကြောက်ပါနှင့်။

သင် အဘယ်သို့ ခံစားနေရမည်ကို ကျွန်ုပ် နားလည်သည်။ ရဲရဲလာပါက သေခြင်းက ပြောနေသည်ဟု စိတ်တွင် မှတ်ကြည့်လိုက်ကြပါစို့။

ကျွန်မသည် သေခြင်းကိုလည်း မကြောက်ပါ။

သေခြင်းကိုလည်း မဖက်ပြိုင်ချင်ပါ။

သေခြင်းနှင့် နီးကပ်စွာ ရှိသည်ဟု ကျွန်မ ယုံကြည်၏။


BURMESE CLASSIC .com

www.burmeseclassic.com


သို့သော် ကျွန်မသား ဂျွန်နီ့အတွက်မူ သေခြင်းနှင့် မရင်ဆိုင်မီ သူ ခံစားတွေ့ထိသွားသင့်သော ဘဝ၏ အပိုင်းရှည်ကြီး ကျန်နေသေးသည်ဟု ကျွန်မ ထင်၏။ ဘဝရှင် ကိုယ်တော်မြတ်ကြီး၏ ဆန္ဒတော်အတိုင်း သူ ယနေ့ လူ့လောကကြီးကို ခွဲခွာသွားခြင်းဖြစ်သည်မှာ မှန်သော်လည်း ကျွန်မ သူ့ကို လူ့လောကတွင် နေစေချင်သေး၏။

အရောင်စုံသော ပန်းချီကားတစ်ချပ်ထဲသို့ လူ့ဘဝအရွယ်အလိုက် တွေ့ထိခံစားခွင့်ရကြသည့် တွေ့ထိခံစားခြင်းအားလုံးကို ခံစားခွင့်ရသွားစေချင်သေး၏။

မိခင်တစ်ဦး၏ ချစ်မေတ္တာဟုပင် ဆိုရမည်လား။

ဂျွန်နီ့ကို ယခုအချိန်တွင် ကျွန်မအနီး၌ ရှိစေချင်လှသေး၏။ ကျွန်မ သူ အသက်ရှင်လျက် ရှိစဉ်က မလုပ်ခဲ့၊ မကိုင်ပေးခဲ့သော မေ့နေသည့် လုပ်ရပ်များကို လုပ်ပေးခွင့်ရချင်သေးလှ၏။ သူ့ကို သူ တက်ချင်သော ဟားဗတ်တက္ကသိုလ်ကြီးသို့ တက်ခွင့်၊ နေခွင့် ရသွားစေချင်သေးသည်။ သူ အလွန်အထင်ကြီးသော သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းကဲ့သို့ ပုဂ္ဂိုလ်ကြီးများနှင့် တွေ့ဆုံခွင့်ရသွားစေချင်သေးသည်။ သူ့အရွယ် မိန်းမပျိုများနှင့် ပျော်ရွှင်စွာ အတူနေသွားစေချင်သေးသည်။

ဪ ... သည်ဆန္ဒများမှာ မိမိရင်သွေး သားသမီးများ သေဆုံးခြင်းကို ရင်ဆိုင်ရသော မိဘတိုင်း၏ ရင်တွင်း၌ ဖြစ်ပေါ်တတ်သော ဆန္ဒများဟုပင် ဆိုရမည်လား။

ထို့ကြောင့် ကျွန်မ တွေးကြည့်နေမိပါသည်။

အချို့မိဘများမှာ သူတို့၏ သားသမီးများ၊ သူတို့၏ ဆန္ဒနှင့် မကိုင်ညီသဖြင့် စိတ်ညစ်နေတတ်သည်။ အမှန်တော့ သောကကို ကြီးလှပြီဟု ထင်နေကြသည်။ အမှန်တော့ သူတို့၏ သောကမှာ ကျွန်မတို့ကဲ့သို့ မိမိတို့ကလေးကို ထာဝရခွဲခွာခြင်း (ဝါ) သေခြင်း၏


BURMESE CLASSIC .com

www.burmeseclassic.com



လက်သို့ ပုံအပ်ခဲ့ရသည့် မိဘများ၏ သောကကို မည်သို့မျှ ယှဉ် နိုင်မည်မဟုတ်ပါ။ သူတို့၏ သားများ သမီးများမှာ အနည်းဆုံး လူ့ လောကတွင် ရှိနေကြသေး၏။

ဤမိဘများသည် ဤအဖြစ်ကို သတိရလိုက်ကြသည်နှင့် သူတို့၏ သောကများမှာ အားပျော့သွားသင့်လှလေပြီ။

ကျွန်မတို့သည် ကျွန်မတို့၏ သား ဂျွန်နီကို သူ အသက်ရှင် နေစဉ်က ယခင် ချစ်ခဲ့ကြသည်ထက် ပိုချစ်ခွင့်ရလျှင် အဆတိုး၍ပင် ပိုချစ်ချင်လိုက်ကြသေး၏။

မှန်သည်။

သား ဂျွန်နီကို ကျွန်မတို့ အလွန်ချစ်လှပါသည်။

သားကလည်း သိပါသည်။

သို့ဖြစ်ပါလျက် ဘာကြောင့် ပိုချစ်ချင်ကြပါသနည်း။

တွေးစရာပင်ဖြစ်၏။

မေးချင်စရာပင်ဖြစ်၏။

ကျွန်မ ဖြေပါမည်။

ကမ္ဘာအရပ်ရပ်မှ သား ဆုံးခြင်း၊ သမီး ဆုံးခြင်းဟူသော ပရိဒေဝမီး တောက်လောင်ခြင်းကို ခံရသော မိဘတိုင်းပင် သူတို့၏ သားသမီးများကို အသက်ရှုစဉ်က ချစ်ခဲ့ဖူးသည်ထက် ပိုချစ်ခွင့်ရလျှင် ပြန်မချစ်ချင်ကြဘူးလား။ အားလုံးပင် ချစ်ချင်ကြပါမည်။ ကျွန်မနှင့် ကျွန်မခင်ပွန်း၏ ဆန္ဒများ အတိုင်းပင် ရှိနေကြပါမည်။

ကျွန်မသည် ဤချစ်မေတ္တာအကြောင်းကို ဘာကြောင့် အကြိမ်ကြိမ်ထပ်ကာထပ်ကာ ရေးနေပါသနည်း။

ရည်ရွယ်ချက်ရှိ၏။

ကျွန်မအမြင်တွင် ဤချစ်မေတ္တာများ၏ အလိုဆန္ဒသဘောကို



BURMESE CLASSIC .com

www.burmeseclassic.com


ဖော်ပြခြင်းဖြင့် လူသည် ဘဝကို ပို၍ ခင်တွယ်သည်။ ဘဝ၏ အတိမ်အနက် သဘောကို ပို၍ နားလည်သည်။ သူ့ဘဝ၏ မြတ်နိုးတွယ်တာစရာများကို ပို၍ မြင်လာမည်။

လူသားတစ်ဦးနှင့် တစ်ဦး မုန်းခြင်းဟူသော နေရာ၌ ချစ်ခြင်းဟူသော မေတ္တာတရားဖြင့် အစားထိုးနိုင်လာကြမည်။ တစ်ဦးနှင့်တစ်ဦး ပို၍ဂရုစိုက်မည်။ တွယ်တာမည်။ မိမိ၏ အိမ်၊ မိမိ၏ မိသားစုကို ပို၍ခင်တွယ်မည်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်များကို ပို၍ မြင်လာမည်။

လူသားတစ်ဦးနှင့် တစ်ဦး မုန်းခြင်းဟူသော နေရာ၌ ချစ်ခြင်းဟူသော မေတ္တာတရားဖြင့် အစားထိုးနိုင်လာကြမည်။ တစ်ဦးနှင့် တစ်ဦး ပို၍ ဂရုစိုက်မည်။ တွယ်တာမည်။ မိမိ၏ အိမ်၊ မိမိ၏ မိသားစုကို ပို၍ ခင်တွယ်မည်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်များကို ပို၍သတိရမည်။

ထို့ကြောင့် ကွယ်လွန်သွားပြီဖြစ်သော ကျွန်မတို့၏ သားဂျွန်နီကို သူ အသက်ရှင်စဉ်က ချစ်သကဲ့သို့ပင် ဆက်၍ ချစ်ပါမည်။ ပို၍ ချစ်နိုင်လျှင် ပို၍ချစ်ပါဦးမည်။

သေဆုံးပြီးသည့် နောက်တွင်လည်း ချစ်မေတ္တာ၏သဘော၊ ဘဝ၏ ခင်တွယ်စရာ သဘောများကိုသာ ဂျွန်နီသည် ဤလောကကြီးအတွက် ချန်ထားရစ်သကဲ့သို့ပင် ချန်ထားရစ်ခဲ့ပါဦးမည်။

လေသူရဲတစ်ဦး
၇-၈-၈၅


BURMESE CLASSIC .com